www.burmeseclassic.com



www.burmeseclassic.com

၈၉၅.၈၃

ဒေဝတာ

လျှို့ဝှက်ကမ္ဘာထဲကတစ္ဆေရွာ / ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၁။
၁၆၂ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဒေဝတာ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၈၄၅၀၇၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၆၉၀၉၁၁

**ထုတ်ဝေသူ** ဦးအောင်မြင့်၊ အမှတ်(၇)၊ သိတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်** ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

**ဖြန့်ချိရေး** အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေးလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

၅၄၁၇၄၅၊ ၅၅၂၀၁၃၊ ပထမအကြိမ် ၂၀၁၂ခုနှစ်၊ (ဇန်နဝါရီလ) အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်။



BURMESE CLASSIC .com

ဟင့်အင်း
မဖြစ်နိုင်ဘူး
ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး
မင်းနဲ့ငါက ဘဝချင်းမှ မတူတာ။
ဘယ်လိုမှ အတူတူ ဆက်နေဖို့ မဖြစ်နိုင်ဘူး။
(ဝဿန်)




www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လေ
ရှင်နဲ့ကျွန်မက ဘဝချင်းမှ မတူတာ
ဒီတော့...
အတူတူနေလို့ရအောင်
ရှင့်ကို ကျွန်မနဲ့ ဘဝချင်းတူအောင်
လုပ်ပေးရဦးမှာပေါ့...
(ဖက်ဖူးပိမ်း)


BURMESE CLASSIC .com



ကျွတ်...
အဲဒီ မဖြစ်စလောက် နာနာဘာဝလောက်လေးကို မပြောနဲ့
တစ္ဆေ၊ သရဲ၊ သဘက်၊ စုန်း ကဝေ အားလုံးကို
ကျုပ်က အင်းချပ်လေးတစ်ချပ်ထဲနဲ့
အမြဲအနိုင်ယူ တိုက်ခိုက်ခဲ့တာ
(ဆရာကြီး ဦးပါဋ္ဌ)

www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၁)

ကမ္ဘာပေါ်မှာ စာအုပ်ကောင်းတွေအများကြီး ရှိနေတာတောင် ကျွန်တော်တို့မှာ အားလုံးကို ဖတ်နိုင်ဖို့ လုံလောက်တဲ့ အချိန်ဆိုတာ မရှိကြဘူး။ သန်းပေါင်းများစွာသော စာအုပ်တွေထဲက အကြောင်းအရာကောင်းတွေကို ဘယ်သူကများ ပြီးဆုံးအောင် ဖတ်နိုင်မှာလဲ။

အကယ်၍ ကျွန်တော်တို့ မိန်းမလှလေးတစ်ယောက်ကို စာအုပ်ကောင်းတစ်အုပ်နှင့် နှိုင်းယှဉ်ကြည့်မယ်ဆိုရင်. . . ဒီကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ကျွန်တော်တို့ မမြင်မတွေ့ရသေးသော သဘောမကျရသေးသော မိန်းကလေးတွေ အလွန်များပြားမယ်ဆိုတာ အသေအချာပဲ ဖြစ်ပါတယ်။

ကျွန်တော့်နာမည်က 'ဝသန်' ။

မျက်နှာများတဲ့ အင်ဂျင်နီယာကျောင်းသားလေးပေါ့။

ကျွန်တော်ဟာ တစ်လတိတိ လူတစ်ယောက်ရဲ့ နောက်ကို တကောက်ကောက် လိုက်နေခဲ့မိတယ်။ အဲဒါ ဘာကြောင့်လဲ။

အဲ့ဒီလူဟာ ကျွန်တော်စိတ်ဝင်စားတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပါ။ သူမဟာ အရမ်းတည်ပြီး မျက်နှာထား တင်းတယ်။ ဘယ်သူနဲ့မှ စကားသိပ် မပြောဘူး၊ တစ်ကိုယ်ထဲ အပြုံးမရှိတဲ့မျက်နှာနဲ့။

ကျွန်တော် သူမ ပြုံးနေရယ်နေတာကို တစ်ခါမှ မမြင်ဖူးဘူး။ သူငယ်ချင်း အပေါင်းအသင်း တစ်ယောက်မှ မထားတာကိုလည်း ကျွန်တော့်အတွက် ထူးဆန်းလို့နေတယ်။

အဲ့ဒါကြောင့်များ သူမဟာ ရုပ်ရည်ချောမောလှပပေမယ့် ကျောင်းသူကျောင်းသား အားလုံးရဲ့ အပယ်ခံလေး ဖြစ်နေလေရော့သလားလို့ တွေးမိသေးတယ်။

သူမရဲ့နာမည်က 'ဖက်ဖူးစိမ်း'။

ချောမောလှပခြင်းနှင့် ချမ်းသာကြွယ်ဝခြင်း နှစ်ခုစလုံး ပိုင်ဆိုင်သူများ စားရင်းမှာတော့ သူမ မပါဝင်ခဲ့ပါ။

ကျွန်တော် သူမနောက်ကို တကောက်ကောက် လိုက်နေမိတယ်။ အကယ်၍ သူမကို စာအုပ်တစ်အုပ်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ကျွန်တော်သည် သူမတစ်ယောက်တည်းအတွက်နှင့်ပင်





ဘယ်တော့မှ ပြီးဆုံးမည် မဟုတ်သည့် စာအုပ်တစ်အုပ်ကို ဖတ်နေရခြင်း ဖြစ်နေပေလိမ့်မည်။

ဒါ့အပြင် ကျွန်တော်ဘဝမှာ အလွန်လျှို့ဝှက်နက်နဲတဲ့ ကမ္ဘာငယ်လေးတစ်ခုဆီကို ကောက်ကောက်ပါအောင် လိုက်ဝင်သွားနေမှန်း သတိမထားလိုက်မိခြင်းလည်း ဖြစ်နေပါလိမ့်မည်။

၌ ၌ ၌ ၌

www.burmeseclassic.com



# "ဖောက်. . ."

"ဖောက်. . ."

ဖက်ဖူး သက်ပြင်းရှိုက်ပြီး ဆံပင်မှာ စိုက်ငြိနေတဲ့ စက္ကူမြားတွေကို လက်နဲ့ ဆွဲယူပြီး ခုံအောက် ပစ်ချလိုက်သည်။

ဘယ်သူတွေ ပစ်နေတာလဲဆိုတာ ဖက်ဖူး မသိချင်ပါဘူး။

ဒါပေမယ့် ဖက်ဖူး အံ့ဩမိတယ်။

နဂိုရုပ်ရည်အခံသာ ရှိပေမယ့် မပြင်နိုင် မဆင်နိုင်လို့ အတန်းထဲမှာ မပေါ်လွင်မထင်ရှားဘဲ. . တစ်ယောက်တည်း မျက်နှာညှိုးညှိုး အဝတ်အစားနွမ်းနွမ်းနဲ့နေတတ်တဲ့. . . ဖက်ဖူးလို မိန်းကလေးမျိုးကို စက္ကူမြားပစ်ပြီး စနောက်ကျီစယ်ချင်တဲ့ ယောကျာ်းကလေးတွေလည်း ရှိနေသေးတာကိုး။

နောက်ထပ် စက္ကူမြားတွေ တဖောက်ဖောက်နဲ့ ထပ်ရောက်လာပြန်သည်။





ကြာတော့ ဖက်ဖူး သည်းမခံနိုင်တော့ဘူး။

စာအုပ်တွေ သိမ်းပြီး ဆတ်ခနဲ ထရပ်လိုက်ပြီး. . ဘယ်သူ့ကိုမှ မကြည့်ဘဲ အတန်းထဲက ထွက်လာခဲ့လိုက်သည်။

ကျောပိုးအိတ်ကို ပခုံးပေါ် ပစ်တင်ပြီး ခေါင်းငိုက်စိုက်နဲ့ ထွက်သွားတဲ့ ဖက်ဖူးစိမ်းကို ကြည့်ပြီး သူတို့အုပ်စု တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြသည်။

"ဘာကြီးမှန်းလည်း မသိဘူးနော်"

"ကျောက်ရုပ်ကြီး ကျနေတာပဲ"

"ကြည့်လိုက်ရင် အမြဲအေးတိအေးစက်နဲ့"

"အေးကွ. . . မျက်နှာသေကြီး"

ထင်ကျော်စံနှင့် မြတ်ဦးသစ် အပြန်အလှန် ပြောနေကြတဲ့ စကားတွေကို နားထောင်ပြီး ဝသန် မျက်လုံးလေး မှိတ်ပြီး ခေါင်းခါပြလိုက်မိသည်။

"ဘာလဲကွ!"

"အေးလေ. . . မင်းက ဘာခေါင်းခါတာလဲ!"

"သူက အဲလို မျက်နှာသေကြီးနဲ့ အေးတိအေးစက် ဖြစ်နေတာ ဖြစ်ချင်လို့ ဖြစ်နေတာ မဟုတ်ဘူး၊ သူ့ဘဝအခြေအနေကြောင့်ပဲ ဖြစ်ရမယ်"

"အံမာ. . . မင်းက ခန့်မှန်းနိုင်တယ်ပေါ့"

"သေချာတယ်. . . သူ့ဘဝက ပျော်ရွှင်မှုတွေ ပျောက်ဆုံးနေလို့ သူ့မျက်နှာက အသက်မဝင်တာ"

သူ့ထင်မြင်ချက်ကို မငြင်းနိုင်တော့သည်မို့ ထင်ကျော်စံနှင့် မြတ်ဦးသစ်တို့ နှစ်ယောက်သား ခေါင်းတဆတ်ဆတ် ညိတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်သွားကြတော့သည်။

"ဒါပေမယ့် ဖက်ဖူးစိမ်းဟာ မပြင်မဆင်လို့ကွ၊ မိန်းကလေး ပီပီသသနဲ့ ပြင်ပြင်ဆင်ဆင်လေး နေလိုက်ရင် ကွင်းန်(Queen) ထက်တောင် ရုပ်ပါက လန်းသေးတယ် ဟေ့ကောင်"

ဝသန် ဖက်ဖူးစိမ်းဘက်က အခမဲ့ ရှေ့နေလိုက်သည်။

ထင်ကျော်စံတို့နှစ်ယောက် မျက်နှာများ အကြီးအကျယ် ရှုံ့မဲ့သွားရရင်း. . .

"အံမယ်လေး. . . ရုပ်သေကြီးကိုများကွာ"

"အဲ့ဒီရုပ်သေအောက်က မျက်နှာလေးက နယ်ချုရယ်ဗြူတီ (natural beauty)ကွ. . ဟားဟား"

"တော်ပါ ဝသန်ရာ၊ အဲဒီမျက်နှာသေကြီးနဲ့ ချစ်သူဖြစ်ရရင် တစ်စက်မှ ပျော်စရာကောင်းမှာ မဟုတ်ဘူး"

"ချစ်သူဖြစ်ရရင် ဟုတ်လား၊ စဉ်းစဉ်းစားစားလည်း ပြောပါ မြတ်ဦးသစ်ရာ၊ အဲ့ဒီလို မိန်းကလေးမျိုးက ချစ်တတ်တဲ့ နှလုံးသား ရောရှိမှာတဲ့လား"

ထင်ကျော်စံက သရော်ပြော ပြောသည်။

ဝသန် မဆီမဆိုင် ဆတ်ခနဲ ကိုယ်မတ်သွားမိလျက်. . .

"ဘာလို့ မရှိရမှာလဲ ဟေ့ကောင်၊ လူပဲကွ. . . မချစ်တတ်တဲ့သူဆိုတာ ရှိကိုမရှိဘူး၊ ဒီမှာ. . . အချစ်ဆိုတာ မချစ်တတ်သေးရင်လည်း သင်ပေးလို့ရတယ်. . . မှတ်ထား"

"ဝိုး. . . တယ်ဆိုတဲ့စာပါလား"

နှစ်ယောက်သား သူ့ကို အတိုင်အဖောက်ညီစွာ လှောင်သည်။





"အေးပေါ့ကွာ. . . မင်းက ဒသဃဂီရိဆိုတော့ ပြောအား ရှိတာပေါ့"

တောက်ပသော မျက်ဝန်းများနှင့် စတိုလ်ကျကျ အမိုက်စား ဝတ်တတ်သော ဝသန့်ကို မိန်းကလေး တော်တော်များများ ကြွေကျသည်မို့ မြတ်ဦးသစ်တို့က ဒသဃဂီရိလို့ ခေါ်တတ်ကြသည်။

"ဒါပေမယ့် ဖက်ဖူးစိမ်းလို အေးစက်စက် မိန်းကလေးမျိုးကိုတော့ မင်းရဲ့ဂ္ဂတ္ထိယကျမ်းထဲက ဗျူဟာတွေနဲ့ ခင်းလို့ရမယ် မထင်နဲ့ ဝသန်ရေ"

ထင်ကျော်စံ စကားကြောင့် မခံချင်စိတ်က လွန့်ခနဲ ခေါင်းထောင်ထသည်။

"လောင်းမလား. . ဟေ့ကောင်"

"လုပ်လေ. . . ဘာကြေးလဲ!"

"Blue Label တစ်လုံးကြေး၊ အစစ်နော်. . (၁၀)သိန်းကျော်တယ်နော်"

"ဟာ. . . မိုက်လှချေလား၊ ဒါဆို ငါပါ,ပါမယ်"

မြတ်ဦးသစ်ပါ စိတ်ဝင်တစား ဝင်ပါလာတော့သည်။

"ပါလေ. . . ငါနိုင်ရင် မင်းတို့နှစ်ယောက် တစ်ယောက်တစ်လုံးစီ ဝယ်ပေးရမှာနော်"

"ရတယ်. . . မင်းရှုံးရင်လည်း ငါတို့နှစ်ယောက်ကို တစ်ယောက်တစ်လုံးစီပေါ့"

"အိုကေ. . ."

"လာထား"

"အစစ်နော်. . . ဟေ့ကောင် ဝသန်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . ငါက ပြောရမှာပါကွ"

သူ ထင်ကျော်စံတို့နှစ်ယောက်ကို ကော်လာထောင်ပြလိုက်သည်။

ဒါဟာ. . . သူ့ဘဝရဲ့ မမြင်နိုင်သော ကံကြမ္မာတစ်ခုရဲ့ အပြောင်းအလဲဆီ ခြေဦးလှည့်လိုက်မိမှန်း ဝသန် လုံးဝမသိခဲ့ပါချေ။

တကယ်လို့သာ ကြိုသိနိုင်ခဲ့လျှင်. . .။

ဌ ဌ ဌ ဌ





ဝသန်က အတန်းဝမှာ အသင့်ရပ်စောင့်နေလိုက်သည်။ အတန်းပြီး၍ အခန်းထဲမှ ထွက်လာကြသော မိန်းကလေးတွေ က မသိမသာ ခိုးကြည့်သွားကြပြီး. . . ယောကျ်ားလေးတွေကတော့ ပြုံးစိစိ။

"ဟော. . . လာပြီ"

ထင်ကျော်စံဆီက အချက်ပေးသံ ကြားသည်နှင့်. . .

သူ လျှင်မြန်လှစွာ ရှေ့တိုးလိုက်သည်။

ဖက်ဖူးစိမ်းက သူမရှေ့လာရပ်သူကို မော့ကြည့်သည်။

"ဟိုလေ. . . ဖက်ဖူးဆီက ပေပါဝမ်း(Paper 1)မှတ်စုလေး ငှားချင်လို့"

မျက်မှောင်များကြုတ်လျက် အသက်မပါသော ညိုမှောင်မှောင် မျက်ဝန်းတွေက သူ့ကို စူးခနဲ ကြည့်သည်။

"ဖက်ဖူးက စာတော်တယ် မဟုတ်လား၊ ကျွန်တော် ပြီးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်က ကလပ်စ် နည်းနည်းလွတ်သွားမိလို့"

သူ ဖက်ဖူးရဲ့မျက်ဝန်းများထဲ စိုက်ကြည့်ကာ ခပ်ဖွဖွ ပြုံးလျက် ပြောဆိုလိုက်သည်။

သူ့အကြည့် သူ့အပြုံး အားလုံးက မိန်းကလေးတစ်ယောက်ကို ဆွဲဆောင်မှုအပြည့် ရှိနေစေရမည်။ အထူးသဖြင့်. . မချစ်တတ်သေးသော အေးစက်စက် မိန်းကလေးတစ်ယောက်အတွက်။

သို့သော်. . .

ဖက်ဖူးစိမ်းက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ဆတ်ခနဲ မျက်နှာလွှဲလိုက်လျက် သူ့ကို ဖြတ်ကျော်သွားသောအခါ. . . သူ ကြောင်အမ်းလျက် ကျန်ရစ်သည်။

"ဟာ. . . ဘယ့်နှယ်၊ ဣတ္ထိယကျမ်းဆရာကြီး ငုတ်တုတ် မေ့သွားပြီလား!"

"နှာလေးဘာလေး နှပ်ပေးလိုက်ဦး ထင်ကျော်"

ဟိုနှစ်ယောက်က သူ့ကို ကောင်းကောင်းကြီး ဝိုင်းလှောင်ကြတော့သည်။

"ဟား. . ဟား. . ကျောက်ရုပ်ကို အသက်သွင်းဖို့ ကြိုးစားမနေပါနဲ့တော့ ဝဿန်ရာ၊ ဟိုက မင်းကို စကားတောင် ပြန်မပြောသွားဘူး၊ စောစောစီးစီး လက်လျှော့လိုက်ပါတော့ကွာ"

"နေစမ်းပါဦးကွာ. . . ခုမှ အစပဲ ရှိပါသေးတယ်"

သူ သွေးအေးစွာ ပြန်ပြောလျက် အသာအယာ ပြုံးလိုက်သည်။







## အခန်း (၂)

သူ့ကို စကားတစ်ခွန်းမှ ပြန်မပြောသော ကောင်မလေးကို စကားပြန်ပြောလာမယ့် နည်းဗျူဟာများ ဆင်ဖို့အတွက်. . ထိုကောင်မလေးရဲ့အကြောင်းများကို ဝဿန် အင်တိုက်အားတိုက် စုံစမ်းရတော့သည်။

ဖက်ဖူးစိမ်းဆိုသော ကောင်မလေးမှာ မိမရှိ ဖမရှိ တစ်ကောင်ကြွက်၊ ရွာမှ ဆွေမျိုးတွေရဲ့အထောက်အပံ့နဲ့ အဆောင်မှာနေပြီး ကျောင်းတက်နေရကြောင်း သိရှိခဲ့ပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com



အချိန်က နေဝင်လုပြီ။

ကျောင်းရှေ့ ထိုးဆိုက်လာသော လိုင်းကားတိုင်း လူအပြည့်၊ အချိန်အတော်နှောင်းမှ လူအနည်းငယ်ချောင်သည့်ကား ဂိတ်သို့ ဆိုက်လာသည်။

မင်္ဂလာဒုံသို့ အရောက်တွင် ဖက်ဖူး ကားပေါ်မှ ဆင်းကာ မိနစ်(၂၀)ခန့်လျှောက်ရသော ရပ်ကွက်အစွန်ပိုင်းက ခြံမြေကျယ်ကြီးထဲရှိ သူမအဆောင်ရှိရာသို့ ခေါင်းငိုက်စိုက်ချကာ လျှောက်နေလေသည်။

သူမတို့အဆောင်မှာ ရှည်လျားသော နှစ်ထပ်တိုက်တန်းလျားဟောင်းကြီးဖြစ်သဖြင့် အခန်းပေါင်း(၃၀)ကျော်ခန့်ရှိပြီး ခြံဝန်းကြီးမှာလည်း ကျယ်ဝန်းကာ အစွန်ကျနေသဖြင့် ရပ်ကွက်နှင့် သီးသီးသန့်သန့် ခွဲထွက်နေလေသည်။

အသက်မဲ့သောခြေလှမ်းများကို အားယူပြီးလျှောက်လှမ်းနေရင်း အဆောင်ရှေ့ အရောက်တွင် သူမ ငှားနေသော အပေါ်ထပ်ထောင့်ဆုံးအခန်းကို မော့ကြည့်လိုက်သည်။

ထို့နောက်. . သူမ အပေါ်ထပ်သို့ လှေကားမှတက်လာရာ ဘေးချင်းယှဉ်လျက် လူတစ်ယောက် လိုက်တက်လာလေသည်။

လှေကားအလယ်အဆင့်သို့ရောက်မှ ထိုလူက. . .

"ဒီနေ့က ချစ်သူများနေ့နော်၊ ဖက်ဖူးမှာ ချိန်းထားတဲ့လူ မရှိဘူးလား!"

ဝဿန် တိုးညင်းသောလေသံဖြင့် ဖက်ဖူးဘက် စောင်းပြီး ပြောလိုက်သည်။

ဖက်ဖူးမှာ ဝဿန်ဘက်လည်း လှည့်မကြည့်၊ ဘာစကားမျှ





ပြန်မပြောဘဲ လှေကားကို ဆက်တက်သွားသောကြောင့်. . ဝဿန် လှေကားတွင် ရပ်ကာ ကျန်ခဲ့လေသည်။

ဖက်ဖူး အခန်းဝသို့အရောက် တံခါးရှေ့တွင် နှင်းဆီပန်းအိုးကလေးတစ်လုံးကို တွေ့လိုက်ရသည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဝဿန်တစ်ယောက် နောက်တစ်နေ့မှာလည်း ဖက်ဖူးစိမ်း ပြန်မရောက်မှီ အဆောင်နားသို့. . မယောင်မလည်နှင့် ကြိုတင်ရောက်ခဲ့ရတော့သည်။

ဖက်ဖူးစိမ်းတို့ အဆောင်ရဲ့ အောက်ထပ်အိမ်ခန်းတွဲမှာ ခေါက်ဆွဲဆိုင်ငယ်လေးတစ်ဆိုင် ရှိနေသည်မို့ ဝဿန် အအေးနှင့် အီချက်မှာစားရင်း စောင့်နေစဉ်. . .

ဖက်ဖူးစိမ်း ကျောင်းမှ ပြန်လာသည်ကို မြင်လိုက်ရသဖြင့် ချက်ချင်းကျောပေးကာ ကပျာကယာ ဦးထုပ်ကို မျက်နှာရှေ့ ငိုက်ချလိုက်သည်။

ထိုစဉ်. . . သူ့ဘေးစားပွဲမှာ ထိုင်နေသော မိန်းမကြီးတစ်ယောက် အပေါ်ထပ်တက်ရန်ပြင်နေသော ဖက်ဖူးစိမ်းဆီ ခပ်ဆောင့်ဆောင့် လျှောက်သွားတာ မြင်လိုက်ရလျှင် ဝဿန် အသာနားစွင့်ထားလိုက်မိသည်။





"ဘယ့်နှယ်လဲ ဖက်ဖူးစိမ်း၊ အခန်းခက တစ်ပတ်တောင် ကျော်နေပြီနော်"

မိန်းမကြီးရဲ့အသံမှာ ကျယ်လောင်လွန်းလှသည်မို့ သူ အတိုင်းသား ကြားလိုက်ရသည်။

"ခဏလောက် ဆက်စောင့်ပေးပါနော်၊ ကျွန်မဆီကို ရွာက ပိုက်ဆံမပို့ကြသေးလို့ပါ"

ဖက်ဖူးစိမ်းရဲ့အသံမှာ အနည်းငယ် ရှက်သည့်ဟန် ပါသော်လည်း လေသံကတော့ အေးစက်စက်နိုင်မြဲပင်။

"အေး. . ငါ နောက်တစ်ပတ် ထပ်စောင့်မယ်နော်၊ နောက်တစ်ပတ် အခန်းခမပေးနိုင်လို့ကတော့ အထုပ်ပြင်ပေတော့. . "

ရင့်သီးလှသောအသံကြောင့် သူပင် အလိုအလျောက် မျက်မှောင်များ ကြုတ်လိုက်မိသော်လည်း. . .

ကာယကံရှင် သူမကတော့ အေးစက်သောမျက်နှာဖြင့်ပင် ခေါင်းငိုက်စိုက်ချလျက် အဆောင်အပေါ်ထပ်ပေါ်သို့ တက်သွားချေပြီ။

"ဟင်း. . တစ်လတစ်လ အဆောင်ခ တောင်းရတာ တယ်အကုသိုလ်များတယ်. . ."

မိန်းမကြီးမှာ ဗျစ်တောက်ဗျစ်တောက် ရေရွတ်ရင်း သူ့ဘေးက စားပွဲမှာ ပြန်လာထိုင်သည်။

"ဟော့. . . ကျုပ်တို့ကတော့ စောစောစီးစီး ပေးပြီးပြီနော်"

ဆိုင်ရှင်ဖြစ်ဟန်တူသူက မျက်စောင်းဖြင့် ဝင်ပြောသည်။

"အသာနေစမ်းပါ ဦးမြဦးရယ်၊ ကျွန်မ ရှင့်ကို မပြောပါဘူး"

သူ အအေးပိုက်ကို ငုံ့စုပ်ရင်းမှ ဆုံးဖြတ်ချက်တစ်ခုကို မြန်



www.burmeseclassic.com

www.burmeseclassic.com



ဆန်စွာ ချလိုက်သည်။ နေရာမှ ချက်ချင်းထပြီး ထိုမိန်းမကြီးဆီ လျှောက်သွားကာ. . .

"ဒီမှာ အဒေါ်ကြီး"

ထိုမိန်းမကြီးက သူ့ကို မလိုလားသောမျက်လုံးများဖြင့် မော့ကြည့်ပါသည်။

"ဘာလဲ. . . မင်းကို ငါ မသိဘူး"

"အဲ့ဒါက အရေးမကြီးပါဘူး"

"ဘာကိစ္စလဲ!"

"ကျွန်တော် ဖက်ဖူးစိမ်းအတွက် အခန်းခ ပေးခဲ့မယ်"

"ဟေ. . ."

အံ့အားတသင့် ဖြစ်သွားသော မျက်နှာကြီးမှာ ဝမ်းသာသွားသည့် အရိပ်အယောင်ကတော့ အထင်းသား။

"မင်းက. . ."

"ဖက်ဖူးစိမ်းရဲ့သူငယ်ချင်းပါ"

"သြော်. . . ဖက်ဖူးစိမ်းမှာ ဒီလောက်ကောင်းတဲ့ သူငယ်ချင်းရှိတာ အခုမှ သိတယ်"

"အခန်းခ ဘယ်လောက်ကျလဲ ပြောပါ အဒေါ်ကြီး"

အဒေါ်ကြီးဆီမှ မလိုအပ်သော စကားအပိုများကို သူ မကြားချင်ပါ။

သူမ ပြောသော အခန်းခကို ချက်ချင်းရေတွက်ပြီး ထုတ်ပေးလိုက်သည်။

"အေး. . . ကောင်းပါပြီ"

ပိုက်ဆံများကို တစ်ရွက်ချင်း ရေတွက်ကြည့်နေသော မိန်းမ





ကြီး၏မျက်နှာမှာ လောဘအရောင်များ တရှိန်ရှိန် ထွက်နေသည်ကို သူ မြင်လိုက်ရသည်။

ပိုက်ဆံကလွဲပြီး ဘာမှ မသိတဲ့. . .

ပိုက်ဆံအတွက်ဆိုရင် လူတောင် သတ်ရဲတဲ့မျက်နှာမျိုး။

သူ စက်ဆုပ်ရွံရှာလှသော်လည်း. . .

"အဒေါ်ကြီး. . . ကျွန်တော့်ကို ပိုက်ဆံ လက်ခံရရှိကြောင်း လက်မှတ်ထိုးပေးပါ"

"အိုတော်. . လက်မှတ်ထိုးပေးရမယ် ဟုတ်လား၊ ဒီလောက် ပိုက်ဆံလေးနဲ့"

"ဟုတ်သားပဲ. . . အဲဒီသူငယ်ပြောတာ တရားနည်းလမ်းကျတာပဲ၊ ခင်ဗျား လက်မှတ်ထိုးပေးရမှာပေါ့"

ဆိုင်ရှင်ဦးလေးကြီးကပါ ဝင်ပြောတော့မှ အဒေါ်ကြီးမှာ ဆောင့်ဆောင့်အောင့်အောင့်နှင့် သူ့ကို လက်မှတ်ထိုးပေးတော့သည်။

အဒေါ်ကြီးဆီမှ လက်မှတ်ရသည်နှင့် သူ ထိုနေရာမှ ချက်ချင်း လှည့်ထွက်လာခဲ့သည်။

သူ့စိတ်ထဲမှာ ဒီအဆောင်ကြီးကို မသိုးမသန့် ခံစားနေမိသည်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဖူး တနင်္ဂနွေမနက်တိုင်း ကျိုက္ကလို့ကျိုက္ကလဲ့ ဘုရားကြီးဆီသို့ လမ်းလျှောက်လေ့ရှိသည်။ ထိုနေ့မနက်က ပူတင်းပေါင်မုန့်ကလေးစားရင်း လမ်းလျှောက်လာစဉ် ဘုရားဝင်းထဲ၌ ရပ်ထားသော အမိုးပွင့် (BMW)ကားနက်ကလေးကို သတိထားလိုက်မိသည်။

ဆက်လျှောက်လာရာ သူမကို ကျောပေးကာ ခိုစာကျွေးနေသော ဝသန်ကို တွေ့လိုက်ရသည်။

ထိုအချိန် ဝသန်၏အတွေးထဲ၌. . .

"ဒီနေ့မှ ငါ့ကို ဖက်ဖူး စကားပြန်မပြောဘူးဆိုရင် ငါ့အတွက် မျှော်လင့်ချက်က နည်းသွားပြီ"

အတွေးပင် မဆုံးသေး။

ဖက်ဖူးမှာ ဝသန်ဘေးတွင် လာရပ်ပြီး လက်ထဲမှ ပေါင်မုန့်ကို ဖဲ့ကာ ခိုများကို ကျွေးနေသည်ကို အံ့သြစွာ တွေ့လိုက်ရသည်။

"ခိုတွေက ပေါင်မုန့်မစားကြဘူးနဲ့တူတယ်၊ ကျွန်တော့်ဆီက





ခိုစာယူကျွေးပါလား!"

သူ့ဘက်သို့ လှည့်မကြည့်၊ ဘာစကားမျှ ပြန်မပြောသော ဖက်ဖူးကြောင့် ဝသန်စိတ်ဓါတ်ကျသွားပြီး ခိုကလေးတွေကိုသာ အစာဆက်ကျွေးနေလိုက်သည်။

"ကျေးဇူးတင်ပါတယ်"

ရုတ်တရက် ထွက်ပေါ်လာခဲ့သော ဘေးဘက်ဆီမှ အသံကြောင့် ဝသန် ကပျာကယာ လှည့်ကြည့်လိုက်မိသည်။

အေးစက်သော မျက်ဝန်းများနှင့် ဖက်ဖူးစိမ်း။

"အဆောင်လခအတွက် ကျေးဇူးတင်ပါတယ်"

ကျေးဇူးတင်စကားဆိုသော နှုတ်ခမ်းများကလည်း အပြုံးအနည်းငယ်မျှ မရှိ။

"အဆင်ပြေသွားပြီ မဟုတ်လား!"

သူ သွယ်ဝိုက်မေးလိုက်မိသည်။

"ဟုတ်ကဲ့. . . အဆောင်ခအတွက်တော့ အဆင်ပြေသွားပါတယ်. . . ကျွန်မပြန်ပေးပါမယ်"

သူမစကားမှာ ထိန်ချန်မှုတစ်ခု ရှိသေးသလို ခံစားလိုက်မိတာကြောင့် သူ မဝံ့မရဲ ဆက်မေးလိုက်မိသည်။

"ဟို. . . အိမ်က ပိုက်ဆံပို့ပြီလား!"

သူမ ဟိုးအဝေးဆီကို ငေးလျက် ခေါင်းကို ခပ်လေးလေးယမ်းပြသည်။

လိုအပ်တာထက် အသက်မဲ့ကာ အေးစက်စက်ဖြစ်နေသော သူမမျက်နှာကို ကြည့်ရင်း သူ့ရင်ထဲ၌ တစ်မျိုးကြီး ခံစားရကာ သူမအနား တိုးကပ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဖူး လှည့်ကြည့်ကာ. . .

"ရှင် ကျွန်မနောက်ကို ဘာလို့ တကောက်ကောက် လိုက်နေတာလဲ!"

ဝဿန်. . ဖက်ဖူးအမေးကို အဟန်ကြာ စဉ်းစားပြီးမှ. . .

"ကျွန်တော် ဖက်ဖူးကို အရမ်းချစ်လို့ပေါ့ဗျာ"

ထိုသို့ပြောပြီး. . .

ကိုယ့်ကိုယ်ကို မထိန်းချုပ်လိုက်နိုင်ခင်မှာပင် သူမရဲ့ အေးစက်နေသည့် လက်ဖဝါးများကို ဆုပ်ကိုင်မိလျက်သား ဖြစ်လို့နေသည်။

"ဖက်ဖူးကို. . . ဖက်ဖူးကို. . . ကျွန်တော်ချစ်တယ်"

သူမက သူ့လက်ကို မရုန်းဖယ်သလို သူ့စကားအတွက် တုန်လှုပ်ဟန်လည်း မရပါ။

ဘယ်လို မိန်းကလေးပါလိမ့်။

ယောကျ်ားလေးတစ်ယောက်ရဲ့ ချစ်ရေးဆိုခံရခြင်းကို စိတ်လှုပ်ရှားခြင်းမျိုး ကျေနပ်သာယာခြင်းမျိုး နည်းနည်းမှ မခံစားရဘူးတဲ့လား။

"ကျွန်မ တွေးမိတယ်၊ ခုနေများ ကျွန်မ ငှက်ကလေးတစ်ကောင်ဖြစ်ရင် ဘယ်လောက်ကောင်းမလဲ. . ."

ဝဿန်က သက်ပြင်းချကာ. . .

"ကဲ. . . ဖက်ဖူး ငှက်ဖြစ်ပြီပဲထား၊ ဘာလုပ်မှာလည်း"

"ကျွန်မ ငှက်ကလေးဖြစ်သွားရင် လေထဲမှာ လွတ်လွတ်လပ်လပ် ပျံသန်းလိုက်ချင်တယ်"

"ကဲ. . လာ. . ဖက်ဖူး. . ကျွန်တော်တို့ ပျံသန်းကြည့်ရ





အောင်"

ဝဿန် ရပ်ထားသော အမိုးပွင့်(BMW) ကားနက်ကလေးဆီ ဖက်ဖူးကို ဆွဲခေါ်လာခဲ့သည်။

ထို့နောက်. . .

မနက်စောစော မင်္ဂလာဒုံလမ်းမကြီးပေါ်တွင် ခပ်မြန်မြန်မောင်းနှင်နေသော အမိုးပွင့်ကားနက်ကလေးအပေါ်၌ မတ်တပ်ရပ်ကာ လက်နှစ်ဖက်ကို ဆန့်တန်းရင်း. . ငှက်ကလေးတစ်ကောင်ကဲ့သို့ လေဟုန်စီးနေသော ကောင်မလေးတစ်ယောက်ကို လမ်းသွားလမ်းလာတို့ တွေ့လိုက်ရလေတော့သည်။

ဖက်ဖူး၏အဆောင်သို့ ဝဿန် လိုက်ပို့ပေးခဲ့သည်။

"ကျေးဇူးတင်ပါတယ် အခုလို ပို့ပေးတဲ့အတွက်"

ဖက်ဖူးရဲ့လက်အား ဝဿန် လှမ်းကိုင်လိုက်ရင်း. . .

"ဖက်ဖူးက ကျွန်တော့်အပေါ်မှာ လေးနက်မှု မရှိသလိုပဲနော်၊ ကျွန်တော့်နာမည်တောင် သိရဲ့လား!"

ဖက်ဖူးမှာ ရှေ့တည့်တည့်သို့ ကြည့်ပြီး. . .

"ရှင့်နာမည်က ဝဿန်၊ အသက်(၂၁)နှစ်၊ တတိယနှစ် civil က၊ ပြီးတော့ ရှင့်အဖေက စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ယောက်ဖြစ်တယ်၊ နောက်ပြီး ရှင့်ကို ကျောင်းမှာ အရမ်းချောတဲ့ကောင်မလေးတွေနဲ့ အမြဲမြင်တွေ့နေရတယ်၊ ဒါတောင် ရှင် ကျွန်မကို ဘာဖြစ်လို့ ချစ်ရေးလာဆိုနေတာလဲဟင်"

ဖက်ဖူး ဆက်တိုက်ပြောချလိုက်တော့ ခဏမျှ ဝဿန် ငြိမ်ကျသွားသည်။ လက်ကိုတော့ မလွှတ်သေး။

"ဟုတ်တယ်. . . ဖက်ဖူးကို အရမ်းချစ်တယ်လို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တယ်"

"အဲဒါဆို ရှင့်ရည်းစားတွေက ဘာတွေလဲ!"

"ဖက်ဖူးက ကျွန်တော့်ကို ဘယ်လိုထင်လို့လဲ၊ တကယ် မချစ်ဘူး ထင်လို့လား၊ အခု ကျွန်တော့်ဘေးမှာ တစ်ယောက်မှ မရှိဘဲနဲ့"

ဖက်ဖူး. . ဝဿန့်လက်ကို ရှန်းရင်း ကားပေါ်မှ ဆင်းရန် ပြင်နေစဉ်. . .

"ဖက်ဖူးမှာ ရှိတဲ့ အခက်အခဲတွေ အားလုံးကို ကျွန်တော် ဖြေရှင်းပေးပါရစေ၊ လက်ခံပါနော် ဖက်ဖူး"

သူမ လှည့်ကြည့်သည်။

ထို့နောက်. . . လွန့်ခနဲ နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။

ပြုံးသည်ဆိုရုံမျှ ရှားပါးလှသောအပြုံးမှာ အဓိပ္ပါယ်များစွာ ပါဝင်၍နေသည်။

"အဲ့ဒီအတွက် ကျွန်မက ဝဿန့်ကို ဘာတွေပြန်ပြီး ပေးဆပ်ရမှာလဲ!"

တစ်လုံးချင်း၊ ပြီးတော့. . အေးခဲမာတောင့်သော စကားကြောင့် သူမလက်ကို ထိတ်လန့်တကြား လွှတ်လိုက်မိသည်။

ထို့နောက်. . .

သူ မျက်နှာပျက်ယွင်းစွာ ပြန်ဖြေရှင်းချက် ပေးလိုက်မိသည်။

"ကိုယ်. . ကိုယ်. . ဖက်ဖူးကို ပျော်ရွှင်စေချင်တဲ့ ရည်ရွယ်ချက်တစ်ခုပဲ ရှိတာပါ. . .

ဖက်ဖူးကို လှပစေချင်တယ်၊ ဖက်ဖူးမျက်နှာပေါ်မှာ အပြုံးကို မြင်စေချင်တယ်. . . ကိုယ့်စေတနာကို နားလည်ပါ ဖက်ဖူးရယ်"





သူ လိုက်လှဲစွာ ပြောလိုက်မိသည်။

ဖက်ဖူးက သူ့ကို ငြိမ်သက်စွာ ကြည့်သည်။

ဖက်ဖူးရဲ့မျက်ဝန်းတွေမှာ ကျောက်သားနှင့် ထုဆစ်ထားသလို ငြိမ်သက်လွန်းလှသည်။

"တကယ်ပါ ဖက်ဖူးရယ်၊ ကိုယ် ဖက်ဖူးကို ပျော်ရွှင်အောင်ထားပါ့မယ်. . . ကတိပေးပါတယ်၊ ယုံပါ. . . ကိုယ့်ကို ယုံပါ"

ငြိမ်သက်နေသော ဖက်ဖူးရဲ့မျက်လုံးများ လက်ခနဲ ဖြစ်သွားတာ တွေ့လိုက်ရသည်။

ထို့နောက်. . . ပြုံးပြလေသည်။

သို့သော်. . . အပြုံးမှာ အေးခဲလွန်းလှသဖြင့် အသက်မဲ့နေရာ ဘာကြောင့်မှန်းမသိ သူ့ကျောထဲ စိမ့်ခနဲ ဖြစ်သွားရသည်။

သူ ထိုအပြုံးကို မကြည့်ရဲသလို ကပျာကယာ မျက်နှာလွှဲလိုက်မိသည်။

တစ်မျိုးပဲ. . .။ ဖက်ဖူးဟာ တစ်မျိုးတော့ တစ်မျိုးပဲ။

ထိုတစ်မျိုးကို သူ အဓိပ္ပါယ် ရေရာစွာ မဖွင့်တတ်သော်လည်း ကျောထဲကတော့ စိမ့်နေမိသည်။

၄. ၄. ၄. ၄.



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကတိစကားအတိုင်း ဖက်ဖူးကို ပျော်ရွှင်အောင် ထားဖို့ စတင်ကြိုးစားခဲ့ပါသည်။

ထိုကြိုးစားမှုမှာ. . ကမ်းခြေသို့မရောက်ဖူးသော ဖက်ဖူးကို သာယာလှပသော ငွေဆောင်ကမ်းခြေသို့ ခေါ်ဆောင်သွားခဲ့ခြင်းပဲ ဖြစ်ပါသည်။

ငွေဆောင်ကို စရောက်ကတည်းက. . .

"ဖက်ဖူး ပျော်ရဲ့လား!"

ဆိုသော စကားတစ်ခွန်းမှာ သူ့ရဲ့နှုတ်ခမ်းဖျားမှ မချခဲ့သော စကားတစ်ခွန်းပဲ ဖြစ်ပါသည်။

သို့သော်. . .

သူမေးတိုင်း ဖက်ဖူးဆီမှ တုံ့ပြန်စကား တစ်ခွန်းမှ မကြားခဲ့ရ။ ဖက်ဖူးက မကြားသလိုသာ တိတ်ဆိတ်၍ နေတတ်မြဲပင်။

သာယာလှပလှသော ကမ်းခြေမှာ သူက ဖက်ဖူးနှင့် အချိန်





ပြည့် တွတ်တီးတွတ်တာ နွေးနွေးထွေးထွေး နေချင်သော်လည်း. . .

ဖက်ဖူးကတော့ အခန်းအောင်းကာ စာကျက်ဖို့သာ သိသူဖြစ်သည်။ ကြာတော့ ဖက်ဖူးရဲ့မှတ်စုစာအုပ်များကို သူ အမြင်ကတ်လာတော့သည်။

"ဖက်ဖူးကလဲကွာ. . . အချိန်ပြည့် စာကျက်နေတာပဲ"

သူ မျက်နှာကို အနည်းငယ် ပုပ်သိုးလျက် ပြောမိသည်။

"ဒီနှစ်က အရေးကြီးတယ်လေ၊ ဖက်ဖူးက ဂုဏ်ထူးတွေ ထွက်ချင်တာ"

"ရမှာပေါ့. . . ဖက်ဖူးက စာတော်ပြီးသားပဲဟာ၊ ခုဟာက စာမေးပွဲက အဝေးကြီး လိုသေးတာ"

"စာမေးပွဲ နီးနီးဝေးဝေး စာဆိုတာ အမြဲကျက်မှတ်နေမှ စိတ်ထဲ စွဲနေမှာပေါ့"

"နိုး. . . ဒီခရီးကို ကိုယ်က ဖက်ဖူးကို ပျော်စေချင်လို့ ခေါ်လာခဲ့တာလေ"

"ပျော်စေချင်လို့ ဟုတ်လား၊ နေပါဦး. . . ပျော်ရွှင်ခြင်းဆိုတာ ဘာလဲ ဝဿန်၊ ဖက်ဖူးကို အဓိပ္ပါယ် ပြောပြပါလား!"

သူ ဖက်ဖူးကို တစ်ချက်စိုက်ကြည့်လိုက်သည်။

ပြင်ဆင်ခြယ်သခြင်း အလျဉ်းကင်းတဲ့ မျက်နှာကလေးက သဘာဝအတိုင်း ကြည်စင်ဝင်းမွတ်နေသည်။

ဖက်ဖူးရဲ့ကိုယ်ပိုင်စတိုင်လ်လဲဖြစ်သော ကိုယ်ကျပ်တီရှပ်အဖြူနှင့် ဂျင်းပန်အရောင်မှိုင်းမှိုင်းက သဘာဝအတိုင်း ဖွံ့ထွားသော ခန္ဓာကိုယ်အလှများကို ပေါ်လွင်ထင်ရှားစေသည်။

တဒိုင်းဒိုင်း အခုန်မြန်လာသောရင်ကို သူ မထိန်းချုပ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့။

"ပျော်ရွှင်ခြင်းဆိုတာကို ကိုယ် ဖက်ဖူးကို လက်တွေ့ပြမယ်"

သူ ဖက်ဖူးရဲ့နားရွက်လေးနား ကပ်လျက် တိုးဖွဖွကလေး ပြောလိုက်သည်။

ဖက်ဖူးရဲ့မှတ်စုစာအုပ် လက်ထဲမှ လွတ်ကျသွားသည်။

အေးစက်သော ခန္ဓာကိုယ်လေးကို ပူနွေးသော သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

ဖက်ဖူး သူ့ကို မရုန်းဖယ်ပါ။

သို့သော်. . .

နူးညံ့ပျော့ပျောင်း၍လည်း မနေခဲ့။

သူကတော့ လောကသစ်တစ်ခုဆီ ခြေကျွံခဲ့မိချေပြီ။


ထိုလောကသစ်ကလေးမှာ. . .

ဂြိုဟ်ပြာပြာလေးတစ်လုံးကို နွေးထွေးချိုမြိန်သော ရင်ခုန်သံတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်မို့ သာယာလှပလွန်းပေစွ။





# အခန်း (၃)



"ကွန်ဂရက် ကျူလေးရှင်းပါ"

ထင်ကျော်စံက သူ့ကို လက်ဆွဲနှုတ်ဆက်သည်။

"အေး. . . ငါလည်း သူ့အတိုင်းပဲ"

မြတ်ဦးသစ် စကားကြောင့် ထင်ကျော်စံ ရယ်လေသည်။

သူလည်း လိုက်ရယ်မိဖို့ ကြိုးစားလိုက်ပါသည်။

သို့သော်. . . သူ့နှုတ်ခမ်းများမှာ အသက်ပါမှာ မဟုတ်မှန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘာသာ သိနေပြန်သည်။

"ထင်ကျော်. . ဝဿန့်ကို ကြည့်စမ်း၊ ဖက်ဖူးစိမ်းအနား အနီးကပ် နေလိုက်လို့လား မသိဘူးနော်၊ ဒီကောင်လည်း အသက်မပါတဲ့ မျက်နှာကြီး ဖြစ်လာသလိုပဲ"

မြတ်ဦးသစ် စကားကြောင့် ဝဿန် ခုမှ တကယ်ပြုံးမိတော့သည်။

"ဘာပဲဖြစ်ဖြစ်လေ. . . ငါတို့ကတော့ မင်းကို ကတိစကားအတိုင်း Blue Label တစ်ယောက်တစ်လုံးစီ ပေးရမှာပေါ့"

ထင်ကျော်စံနှင့် မြတ်ဦးသစ် အသင့်ယူလာခဲ့ဟန်ရသော Blue Label တစ်ယောက်တစ်လုံးစီ သူ့ကို ကမ်းပေးပါသည်။

လှပထည်ဝါသော ဘူးများကို ချက်ချင်း လှမ်းမယူမိသေးဘဲ ဝဿန် တွေဝေစွာ စိုက်ကြည့်နေမိသည်။

သူ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို Blue Label နှစ်လုံးနဲ့ လဲလှယ်ခဲ့မိပြီလား။

သက်ပြင်းတရှိုက်နှင့်အတူ သူ နေရာမှ ကျောခိုင်းလှည့်ထွက်လာခဲ့မိသည်။

"ဟေ့. . ဝဿန် ဘာဖြစ်တာလဲ. . . ယူသွားဦးလေကွာ"

ထင်ကျော် လှမ်းအော်ခေါ်သည်။

သူ လှည့်မကြည့်မိ။

သူ Blue Label နှစ်လုံးကိုလည်း လိုချင်စိတ် မရှိတော့။

"ဒီကောင်တော့ ဖက်ဖူးစိမ်းနဲ့ ပေါင်းပြီး ဂေါက်ကြောင်ဖြစ်သွားပြီနဲ့ တူတယ်"

မြတ်ဦးသစ်ရဲ့ သရော်လှောင်ပြောင်သောစကားကို ကြား





သော်လည်း ဝဿန် မခံချင် မဖြစ်မိ။

လောလောဆယ် သူ့စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေသော ခံစားချက်မှာ သူ့အတွက် ဆန်းကြယ်၍နေသည်။

ထင်ကျော်စံနှင့် မြတ်ဦးသစ်တို့ကို နိုင်လျှင် အတော်ကလေး ပျော်ရွှင်ရလိမ့်မည်ဟု သူ့ကိုယ်သူ ထင်ထားသော်လည်း တကယ်တမ်းမှာ ဘာလို့များ မပျော်နိုင်ရပါလိမ့်။

သူ့မျက်လုံးများထဲမှာ အေးခဲကာ ပျော်ရွှင်ရယ်မောခြင်းကင်းမဲ့လှသော မျက်နှာကလေးတစ်ခုကိုပဲ မြင်ယောင်နေမိသည်။

၆ ၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးလှသောအတွေးတို့ဖြင့် အတော်ညဉ့်နက်မှ အိပ်ဖြစ်သည်မို့ မနက်ကို နေမြင့်မှ ဝသန် နိုးလာခဲ့သည်။

ကမန်းကတန်း မျက်နှာသစ်ပြီး ထမင်းစားခန်းထဲ သူ ဝင်လာခဲ့ချိန်မှာ. . . ဖေဖေ့ရှေ့မှ ကော်ဖီပန်းကန်မှာ ကုန်စင်နေပြီကို တွေ့လိုက်ရသည်။

သူ ခေါင်းကို ငုံ့လျက်. . .

"ဆောရီးပါ ဖေဖေ၊ ကျွန်တော် အိပ်ရာထ နောက်ကျသွားတယ်"

စည်းကမ်းကြီးလွန်းလှသော ဖေဖေ့ကို သူ မဝံ့မရဲ တောင်းပန်လိုက်ရသည်။

"ငါ ပြောစရာရှိလို့ မင်းကို စောင့်နေတာ"

ကော်ဖီငှဲ့ထည့်ရန် ပြင်လိုက်သော သူ့လက်များ လေထဲ





ရပ်တန့်သွားရသည်။ ဖေဖေရဲ့ ပြောစရာရှိလို့ဆိုသော စကားနိဒါန်းကို သူ ကြောက်သည်။

ထိုနိဒါန်းရဲ့နောက်ဆက်တွဲဟာ သူ့ဘဝအတွက် အရေးကြီးလှသော ဆုံးဖြတ်ချက်တစ်ခု ဖြစ်လို့နေတတ်သည်လေ။

ဖေဖေက သူ့မျက်နှာကို စိုက်ကြည့်သည်။

သူ ဖေဖေနှင့် မျက်လုံးချင်း မဆုံဝံ့ပေမယ့် ဖေဖေက သူ စကားပြောလျှင် မျက်နှာကို ကြည့်ပြီး နားထောင်မှ ကြိုက်တာမို့ စိတ်လှုပ်ရှားလျက်က ဖေဖေ့မျက်နှာကို ပြန်ကြည့်နေရသည်။

"ဝသန်"

"ဗျာ. . . ဖေဖေ"

"မင်း အမေရိကားကို သွားရမယ်"

"ခင်ဗျာ"

အံ့ဩသွားရလွန်းတာကြောင့် သူ ပါးစပ်အဟောင်းသား ဖြစ်သွားမိသည်။

"မင်း ဟိုမှာ ကျောင်းသွားတက်ရမယ်၊ ငါ အားလုံးစီစဉ်ပြီးပြီ"

စကားဆုံးသည်နှင့် ဖေဖေ ထိုင်ရာမှ ထကာ ထမင်းစားခန်းမှ ထွက်သွားတော့သည်။

ထမင်းစားခန်းထဲမှာ မေမေနှင့်သူ နှစ်ယောက်ထဲ ကျန်ရစ်သည်။ ဖေဖေ မောင်းထွက်သွားသော ကားသံ ကြားရတော့မှ သူတို့သားအမိနှစ်ယောက် စကားပြန်စမိသည်။

"မေမေ. . . ဖေဖေ ဘာဖြစ်လို့ ရုတ်တရက်ကြီး ထစီစဉ်ရတာလဲ၊ သားကိုလည်း အကျိုးအကြောင်း ကြိုပြောမထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့မျက်နှာမှာ အနည်းငယ် ပျက်နေပါသည်။

"မင်းနဲ့ ဖက်ဖူးစိမ်းအကြောင်း မင်းဖေဖေ သိသွားတယ် သား"

"ခင်ဗျာ"

သူ အကြီးအကျယ် အံ့သြသွားရသည်။

"မင်းက မင်းအဖေကို သိပ်လျှော့တွက်တာကိုး၊ မင်းကို လွှတ်ထားလိမ့်မယ် မထင်နဲ့၊ မင်း ခြေလှမ်းပျက်တာနဲ့ မင်းအဖေ သိတယ်. . .

မင်း ထင်ကျော်စံတို့နဲ့ ပုဂံကို သွားမယ်ပြောပြီး ဖက်ဖူးစိမ်းနဲ့ ငွေဆောင်သွားတာ မင်းဖေဖေ သိသွားတယ်"

"ခင်ဗျာ. . ."

ဖေဖေ့ရဲ့အကွက်စေ့လှသော ထောက်လှမ်းမှုများကို သူ အတော်ကလေး အံ့သြသွားရပါသည်။

"အဲ့ဒီတော့ မင်းဖေဖေက ဖက်ဖူးစိမ်းအကြောင်းကို သေချာစုံစမ်းတော့တာပေါ့၊ ကောင်မလေးဟာ နယ်ကနေ ချို့ချို့တဲ့တဲ့ နွမ်းနွမ်းပါးပါးနဲ့ ကျောင်းလာတက်ရတာ သိသွားတယ်"

"ဟို. . . သူ ဆင်းရဲတာကို ဖေဖေက သဘောမတူဘူးလားဟင်"

မေမေက သူ့ကို စူးခနဲ ကြည့်ပါသည်။

"မင်းဖေဖေရော မေမေရော အဲ့လောက် စိတ်ဓါတ်မသေးသိမ်ပါဘူး သားရယ်၊ ဆင်းရဲတာ ချမ်းသာတာ အဓိက မဟုတ်ပါဘူး"

"ဒါ. . . ဒါဆို ဖေဖေက ဘာကို သဘောမကျတာလဲဟင်"

သူ စိတ်လှုပ်ရှားစွာ အလောတကြီး မေးလိုက်မိသည်။





အဲ့ဒီအဖြေဟာ သူ့ဘဝတစ်ခုလုံးအတွက် အသည်းအသန် အရေးကြီးသော အကြောင်းအရာတစ်ခု ဖြစ်ပါသည်။

မေမေက ထမင်းစားခန်းထဲမှာ သားအမိနှစ်ယောက်ထဲ ရှိပါသော်လည်း တခြားသူများ ကြားမှာစိုးသလို သူ့နားကို ကိုယ်ကို ငုံ့ကိုင်းလျက် လေသံမျှဖြင့် ပြောပါသည်။

"ဖက်ဖူးစိမ်းရဲ့မျက်နှာကို မင်းအဖေက မကြိုက်ဘူး သား"

"ဗျာ. . မေမေ. . ဘာ. . . ဘာလို့!"

မေမေ့စကားကြောင့် သူ အလန့်တကြား ဖြစ်သွားရပါသည်။

"သူ့မျက်နှာဟာ လိုတာထက် ပိုပြီးအေးစက်စက်ဖြစ်နေတယ်၊ သူ့လှုပ်ရှားမှုတိုင်းဟာ အသက်မပါဘူး၊ သူ့ကို ကြည့်ပြီး မင်းဖေဖေ မသိုးမသန့် ခံစားရတယ်တဲ့"

"မေမေ. . . အဲ့. . . အဲ့ဒါက"

မေမေက သူ့ကို လက်ကာပြပြီး ဆက်ပြောပါသည်။

"ဒါကြောင့် မင်းဖေဖေက မင်းကို သူနဲ့ ရှေ့ဆက် မပတ်သက်စေချင်တာ. . . အဲဒီတော့ သား မင်းဖေဖေစကားကို နားထောင်ပါနော်"

မေမေ သူ့ပခုံးတွေကို စိုးရိမ်တကြီး ဖျစ်ညှစ်ဆုပ်ကိုင်ပြီး ပြောသည်။

ဝသယနက်တော့ ဘာစကားမျှ မပြောနိုင်တော့ဘဲ ကြောင်တောင်တောင် မတ်နေမိသည်။

မေမေ့စကားများကိုလည်း နားထဲ ပြန်ကြားယောင်နေမိသည်။ မျက်လုံးများထဲလည်း ဖက်ဖူးစိမ်းရဲ့မျက်နှာက ရစ်ဝဲပြန်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

အသက်မပါသော. . .

အေးစက်လှသော. . .

မျက်နှာတစ်ခုကို ပြန်မြင်ယောင်မိလျှင်. . .

သူ မျက်လုံးများကို လက်ဝါးနှစ်ဖက်ဖြင့် တုန်လှုပ်ချောက်ချားစွာ အမြန်ဖုံးအုပ် ပိတ်ကာလိုက်မိတော့သည်။

၅. ၅. ၅. ၅.





စာကျွက်နေရင်းမှ ဖက်ဖူး 'ကျစ်' ခနဲ စုတ်သပ်ကာ စာအုပ်ကို ပိတ်လိုက်မိသည်။

မျက်လုံးထဲမှာ စာကြောင်းတွေက ပေါ်လာလိုက်. . .

ဝဿန့်ပုံရိပ်က ပေါ်လာလိုက်. . .

တော်ပြီ။

စာထဲလည်း အရင်လို စူးစူးစိုက်စိုက် အာရုံဝင်စားလို့ မရတော့မယ့်အတူတူ အောက်ဆင်းပြီး တစ်ခုခု သွားစားတော့မယ်။

လက်ထဲ ပိုက်ဆံနည်းနေသည်မို့ ထမင်းကို နှစ်နပ်စာ ပေါင်းစားရသည်။ တစ်နေ့ကုန် ပေါင်မုန့်တစ်လုံးနှင့် ရေသာ သောက်ထားသော ဗိုက်က ဆာလွန်းမက အဆာလွန်တောင်နေပြီ။

ထိုင်ခုံကို နောက်သို့ တွန်းပြီး ဆတ်ခနဲ ထရပ်လိုက်သည်။

"အ. . ."

မျက်လုံးများထဲ ပြာဝေမှောင်မိုက်ကာ ချာချာလည်အောင်



www.burmeseclassic.com

www.burmeseclassic.com



မူးဝေသွားရသည်မို့ စားပွဲကို အားပြုကာ ကိုင်ထားလိုက်ရသည်။

"အု. . ."

မူးနောက်ရသည့်ကြားက လည်ပင်းတစ်လျှောက် မခံမရပ်နိုင်အောင် ပျို့တက်လာပြန်သည်။

ဖက်ဖူး ပါးစပ်ကို လက်ဝါးဖြင့် အုပ်ကာ ရေချိုးခန်းဆီ အမြန်ပြေးရပြန်သည်။

"ဝေါ. . ."

ဆိုးရွားခံခက်လှစွာ ခံစားရပေမယ့် အစာမပါ လေတွေသာ ထိုးအန်နေမိသည်။

ဘာဖြစ်ရတာပါလိမ့်။

အစာမစားတာ ကြာလို့လား။

မောလိုက်တာ။

နားထင်စပ်ဆီမှ ချွေးသီးချွေးပေါက်များ စီးကျလာသည်။

ခေါင်းကို မော့ကာ ပါးစပ်ဟာပြီး အသက်ကို တဝကြီး ရှူနေရင်းမှ ဖက်ဖူး တစုံတရာကို သတိရလိုက်မိသည်။

ဘုရား. . . ဘုရား. . .။

ဖက်ဖူး လစဉ်ပွင့်နေကျ ရာသီပန်း မပွင့်တာ နှစ်လရှိခဲ့ပြီ။

တုန်လှုပ်ချောက်ချားစိတ်ဖြင့် ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားမိသည်။

တစ်စက္ကန့်. . နှစ်စက္ကန့်. . ငါးစက္ကန့်. . စက္ကန့်သုံးဆယ် တစ်မိနစ်။

ဖက်ဖူး ရင်တထိတ်ထိတ်ဖြင့် ဆီးစစ်တံလေးကို မျက်တောင်မခတ် ကြည့်နေမိသည်။





မျဉ်းတစ်ကြောင်း. . .

ထို့နောက်. . . မျဉ်းနှစ်ကြောင်း. . .။

တန်း၍နေသော မျဉ်းနီလေးနှစ်ကြောင်းကို ကြည့်ကာ ဖက်ဖူး အသက်ရှူကျပ်သွားမိသည်။

ဘယ်လိုလုပ်ရမှာလဲ။

လက်ထဲ ပိုက်ဆံကလည်း လုံလုံလောက်လောက် မရှိ။

ဝသန်ကိုလည်း မတွေ့ရသည်မှာ ကြာပြီ။

ဝသန် ဘာလို့ ဖက်ဖူးကို အဆက်အသွယ် မလုပ်ရတာလဲ၊ ကျောင်းလည်းမတက်တာကြာပြီ၊ ဖုန်းဆက်ကြည့်တော့လည်း အမြဲပိတ်ထားသည်။

ငွေဆောင်က ပြန်လာကတည်းက မာယာအောက်မှာ ဖက်ဖူးရဲ့ဘဝ နစ်မွန်းခဲ့ရလေတာလား။

"တောက်"

အံကို တင်းတင်းကြိတ်လိုက်မိသည်။

"ကလောင်. . ကလောင်. . ကလောင်"

အခန်းရှေ့ ဝရန်တာမှာ ချထားသော ခေါင်းလောင်းကြိုးကို ဆွဲသံကြားလိုက်ရသည်မို့ ဖက်ဖူး ရေချိုးခန်းထဲမှ ကပျာကယာ ထွက်ကြည့်လိုက်မိသည်။

အောက်ထပ် စားသောက်ဆိုင်မှ ဦးမြဦး၏သား မြထူးဆိုသော ကောင်ကလေးကို တွေ့လိုက်ရသည်။

"ဘာလဲ!"

"ဖုန်းလာနေတယ်"

"ဘယ်သူလဲ!"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး . . . ယောကျ်ားသံပဲ"

ယောကျ်ားသံ။

ဘယ်သူများပါလိမ့်။

ရွာက ဦးလေးသာကျော်များလား။

ငွေပို့မယ့်ကိစ္စပဲ ဖြစ်ပါစေဟု ဆုတောင်းရင်း လှေကားပေါ်မှ အမြန်ဆင်းလာခဲ့မိသည်။

ရင်တထိတ်ထိတ်ဖြင့် ဖုန်းခွက်ကို မ,လိုက်မိသည်။

"ဟလို"

"ဖက်ဖူး"

ဘုရားရေ . . .

ဒိန်းခနဲ ရင်သည် ဆောင့်ခုန်သွားမိပြီး . . မခုန်တတ်တော့သလို ငြိမ်သက်သွားရပြန်သည်။

နွေးထွေးသြလိုက်သောအသံ။

"ဝဿန် . . . ဝဿန်လားဟင်"

"ဖက်ဖူး . . . ကိုယ် အရမ်းကို သတိရနေမိလို့"

သူ . . . သူက ဖက်ဖူးကို သတိရသတဲ့။

ဒါဆို သူ မာယာတွေနဲ့ ဖက်ဖူးကို လှည့်စားဖြားယောင်းပြီးထားခဲ့တာ မဟုတ်ဘူးပေ့ါ။ ပျော်ရွှင်ခြင်းနှင့်အတူ ဝမ်းနည်းစိတ်ကရောစပ်ပေါင်းစည်းလျက် ရင်ထဲဆို့နစ်လို့ သွားမိသည်။

"ဖက်ဖူးကို . . . ကိုယ် အရမ်းတွေ့ချင်တယ်၊ လာခဲ့မယ်နော် . . ဖက်ဖူးဆီ . . ကိုယ် အခု လာခဲ့မယ်နော်"

လှိုက်လှိုက်လှဲလှဲ တောင်းဆိုနေသော သူ့စကားအဆုံးမှာဘာမှ တုံ့ပြန်ပြောဆိုနိုင်ခြင်း မပြုနိုင်တော့ဘဲ . . .





ဖက်ဖူး ဝမ်းပမ်းတနည်း ရှိုက်ငိုလိုက်မိတော့သည်။

"အဟင် . . . ဟင့် . . . ဟင့်"

ဝဿန်ရယ် . . .

ဖက်ဖူးရဲ့အမောတွေ ဒုက္ခတွေကို ငဲ့ကြည့်လှည့်ပါဦး။

စာနာပေးလှည့်ပါဦး။

ဖက်ဖူးမှာ ဖေးမ နားလည်ပေးမယ့်သူဆိုလို့ ဝဿန်ကလွဲပြီး ဘယ်သူမှ မရှိတော့လို့ပါ။

ꩤ ꩤ ꩤ ꩤ



www.burmeseclassic.com

"ဖက်ဖူး ဘာလို့ ငိုနေတာလဲဟင်၊ ဖုန်းထဲမှာ ဖက်ဖူးရဲ့ ရှိုက်သံ ကြားရကတည်းက ကိုယ် အရမ်းကို စိတ်ပူသွားတာ. . . ဘာဖြစ်လဲ. . . ဘာဖြစ်လဲဟင် ဖက်ဖူး!"

ဖက်ဖူးဘက်က ဖုန်းချလိုက်ပြီးတာနဲ့ ချက်ချင်းဆိုသလို ဝဿန် အမောတကော အပြေးအလွှား အခန်းကို ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဝဿန် ရောက်လာချိန်မှာတော့ ဖက်ဖူးရဲ့မျက်ရည်တွေ စဲသွားခဲ့ပြီ။

"ဖက်ဖူး ဘာဖြစ်လဲ. . . ဘာဖြစ်လဲလို့. . . ဖက်ဖူး"

ဖက်ဖူးရဲ့ပခုံးကို စိုးရိမ်တကြီး ကိုင်လှုပ်ပြီး မေးပြန်သည်။

ဖက်ဖူး နံရံထောင့်ကိုသာ တွေတွေကြီး စိုက်ကြည့်မိရင်း ဆီးစစ်ထားသည့် ကဒ်ကလေးကို ဝဿန်ဆီ ကမ်းပေးလိုက်သည်။

"ဖက်ဖူး. . . ဒါ. . . ဒါက"





"ဆီးစစ်ထားတာ"

"ဘယ်လို"

"နှစ်လရှိနေပြီ"

ဖက်ဖူး ပုံမှန် သံပြတ်ဖြင့် ပြောသည်။

"ဟင်. . ."

ခနဲ အံ့သြထိတ်လန့်စွာ အော်ရင်း နောက်သို့ ခြေလှမ်းဆုတ်သည်။

သူက အဲ့လောက်တောင် တုန်လှုပ်သွားသတဲ့လား။

ဖက်ဖူး မချိတင်ကဲ ပြုံးမိသည်။

"ဖက်ဖူး. . . ဖက်ဖူးမှာ ကိုယ်ဝန်နှစ်လ ရှိနေပြီ ဟုတ်လား ဟင်. . ဖက်ဖူး. . . ဟုတ်လား!"

ဝဿန် ဖက်ဖူးရဲ့ပခုံးတွေကို ဆုပ်ကိုင်လှုပ်ယမ်းရင်း မယုံကြည်သလို ထပ်မေးပြန်သည်။ ဖက်ဖူး ဘာမှပြန်မဖြေတော့ဘဲ. . တုံဏှိဘာဝေသာ နေလိုက်မိတော့သည်။

"ဖက်ဖူး ကိုယ်တို့ ဘယ်လိုလုပ်ကြမလဲဟင်!"

"အဲ့ဒါ ဖက်ဖူး မေးသင့်တဲ့မေးခွန်းပါ"

ဖက်ဖူး ဒီတစ်ခါတော့ သူ့ကို စိမ်းစိမ်းကြီး လှည့်ကြည့်ပြီး ပြန်ပြောလိုက်သည်။ အဲ့ဒီတော့မှ ဝဿန်လည်း သူ့ကိုယ်သူ ပြန်ပြီး သတိထားမိသလို ငြိမ်သက်သွားတော့သည်။

သက်ပြင်းများ ချလျက် ဖက်ဖူးရဲ့ အစဉ်းဖြင့် အေးစက်နေတတ်သော လက်များကို ဆုပ်ကိုင်ကာ. . .

"ဖက်ဖူး ဘာဖြစ်ချင်တာလဲဟင်!"

"ဝဿန့်ဆန္ဒကို အရင်ပြောပါ"

www.burmeseclassic.com



သူ သက်ပြင်းရှိုက်ပြန်သည်။

ဖက်ဖူးကို မကြည့်ဘဲ တိုးဖျော့စွာ ပြောသည်။

"ကိုယ့်ကို ဖေဖေက အမေရိကားသွားဖို့ စီစဉ်ပြီးနေပြီ. . မနက်ဖြန်ဆို သွားရတော့မှာ. . ."

အဲ့ဒီစကားကြားတော့ ဖက်ဖူး လွင့်ခနဲ ပြုံးလိုက်မိသည်။

"ကျွန်မနဲ့ သဘောမတူလို့ ခွဲဖို့ စီစဉ်တာပဲ"

ဖက်ဖူးစကားကြောင့် ဘယ်လိုများ သိနေသလဲဆိုတဲ့ ထိတ်လန့်မှုမျိုး သူ့မျက်လုံးထဲ ဖြတ်ပြေးသွားတာ တွေ့လိုက်ရသည်။

"ကျွန်မပုံစံက ဘယ်သားရှင်ကမှ သဘောတူ လက်ခံချင်စရာမှ မဟုတ်တာ. . ကျွန်မမှာ ဘာဂုဏ်ဒြပ် အသိုင်းအဝိုင်းမှလည်း မရှိဘူးလေ. . ဘာပဲဖြစ်ဖြစ် ဝဿန်လည်း ဝဿန့်ဖေဖေ စကားကို မဆန့်ကျင်ရဲဘူး မဟုတ်လား"

သူ ခေါင်းငုံ့သွားသည်။

ကြမ်းပြင်ကိုသာ စိုက်ကြည့်လျက်. . .

"ကိုယ် ဖေဖေ့ကို ကြောက်တယ်"

ဖက်ဖူး နာကျင်စွာ ခနိုးခနဲ့ ရယ်လိုက်မိတော့သည်။

ဒါပဲလေ။ ဇာတ်သိမ်းက ဒီလိုပဲ ဖြစ်ရမှာပေါ့။

"ဖက်ဖူး မျှော်လင့်ပြီးသားပါ"

သူမ နာကျင်လွန်းစွာ၊ ပြီးတော့ အေးစက်လွန်းစွာ ပြောလိုက်မိသည်။

ဝဿန် တစ်စုံတစ်ရာကို ထိတ်လန့်သလို ဖက်ဖူးမျက်နှာကို စိုးရိမ်တကြီး မော့ကြည့်ပြီး. . .

"ဟင့်အင်း. . ဖက်ဖူး. . . ဖက်ဖူးကို ကိုယ်လက်ထပ်မယ်"





"ဘယ်လို"

ဒီတစ်ခါ အံ့သြတုန်လှုပ်သွားရသူက ဖက်ဖူးပဲဖြစ်သည်။

"ဝဿန်. . . ရှင် ကျွန်မကို လက်ထပ်မယ် ဟုတ်လား!"

"ဟုတ်တယ်. . . ကိုယ် ဆုံးဖြတ်ပြီးပြီ၊ ဖက်ဖူးကို ကိုယ် လက်ထပ်မယ်"

"နေပါဦး. . . ရှင့်မှာ တကယ်လက်ထပ်ချင်တဲ့စိတ်ရော ရှိရဲ့လား၊ ကျွန်မ ပြဿနာကြောင့်ဆိုရင်တော့"

"ဟင့်အင်း. . . မဟုတ်ဘူး၊ ကိုယ် ဖက်ဖူးကို တကယ်ချစ်လို့ပါ၊ ကိုယ် ဖေဖေစီစဉ်ပေးတဲ့အတိုင်း အမေရိကားမှာ ကျောင်းသွားတက်မယ်"

"ပြန်လာရင် ဖက်ဖူးနဲ့ကိုယ် လက်ထပ်မယ်၊ ဖက်ဖူး ကိုယ့်ကို စောင့်နေပါနော်"

"ဝဿန် တကယ်ပြန်လာမယ်ဆိုရင်တော့ ဖက်ဖူး စောင့်နေပါ့မယ်. . . ဘယ်အခြေအနေမျိုးမှာပဲဖြစ်ဖြစ်၊ တကယ်လို့ ဖက်ဖူး သေခဲ့ရင်တောင်"

"အို. . မပြောနဲ့. . . ဖက်ဖူး"

သူ ဖက်ဖူးရဲ့နှုတ်ခမ်းလွှာတွေကို စိုးရိမ်တကြီး လက်ဝါးဖြင့် အတင်းဖိပိတ်သည်။

ဝဿန့်ရဲ့အယူသီးမှုကို ဖက်ဖူး စိတ်ထဲက ရယ်ချင်သွားမိသည်။

ဘာဖြစ်သလဲ။ လူတိုင်း သေမျိုးချည်းပဲ မဟုတ်လား။

"ဖက်ဖူး. . . ကိုယ် ဗိုက်ဆာပြီကွာ၊ အောက်ဆင်းပြီး တစ်ခုခု သွားစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖက်ဖူးကို တွဲထူရင်း စကားလမ်းကြောင်း ပြောင်းသည်။

ဖက်ဖူး နွေးထွေးလှသော ဝဿန်လက်ကို အားပြုရင်း. . . ဝဿန်ဟာ ဖက်ဖူးရဲ့ဓားသွားပေါ်က ပျားရည်တစ်စက်လားလို့ တွေးလိုက်မိလေသည်။

"ဆိုင်ထဲမှာ လူလည်း တစ်ယောက်မှ မရှိပါလား!"

ဆိုင်ရှင်တွေကို လှည့်ပတ်ရှာဖွေရင်း ဝဿန် ညည်းပြောပြောလိုက်သည်။

ဖက်ဖူးကတော့ မျက်မှောင်ကြုတ်မိကာ. . .

"ပယောဂဆရာအခန်း ရောက်နေမှာပေါ့၊ သူတို့သားအဖတွေက ဒါမျိုး ဝါသနာကြီးတယ်"

"ပယောဂဆရာ ဟုတ်လား!"

ဖက်ဖူးစကားကြောင့် သူ ကျောထဲ စိမ့်ခနဲဖြစ်ကာ အံ့သြထိတ်လန့်သွားရသည်။

"ဟုတ်တယ်. . . ဒီအဆောင်က စုံတယ်၊ အလှပြင်ဆိုင်လည်း ရှိတယ်၊ စားသောက်ဆိုင်လည်း ရှိတယ်၊ ကာရာအိုကေလည်း ရှိတယ်၊ ပယောဂကုတဲ့ဆရာလည်း ရှိတယ်"

ဖက်ဖူး ပြောတာ နားထောင်ရင်း သူ့စိတ်ထဲ မသိုးမသန့်ဖြစ်လာကာ တစ်ခြားဆိုင်သို့ သွားရန်ပြင်စဉ်. . .

"ဟာ. . . ကာစတန်မာတွေ ရောက်နေပါလား၊ ဖေဖေနဲ့အစ်ကို ဘယ်ရောက်နေလဲ မသိဘူး၊ ဟိုစုန်းကဝေအခန်းကို သွားပြန်ပြီထင်တယ်. . ပြောလေ. . ဘာစားမလဲ. . ဘာသောက်မလဲ"

ကရားရေလွှတ်သလို တရစပ်ပြောရင်း အနားရောက်လာသော ကောင်မလေးတစ်ယောက်ကြောင့် သူ့ကြိုးစားမှုမှာ အရှိန်





ပျက်သွားရသည်။

ဝဿန် အမှတ်မထင် မော့ကြည့်မိရာ ကောင်မလေးမှာ ငယ်ရွယ်နုပျိုသလောက် လန်းဆန်းသွက်လက်လွန်းလှသော အသွင်သဏ္ဍာန်ရှိတာ မြင်တွေ့လိုက်ရသည်။

"နောက်မှပဲ စားတော့မယ်၊ ဝဿန်. . လာ. . သွားရအောင်"

"ဖက်ဖူး. . . ကိုယ်"

သူ ဘာမှ ပြောချိန်မရလိုက်။

ဖက်ဖူးမှာ ဝဿန့်လက်ကို အတင်းဆောင့်ဆွဲလိုက်တာကြောင့် ဖက်ဖူးခေါ်ရာနောက် ဟတ်ထိုးဖြစ်မတတ် လိုက်လာခဲ့ရသည်။ နောက်နားဆီမှ. . .

"ဟာ. . . ဟာ. . . ဟာ"

ဆိုသော လှောင်ရယ်သံကို ကြားလိုက်ရသည်။

ဝဿန့်မျက်နှာ ပူခနဲ ဖြစ်သွားရသော်လည်း ဖက်ဖူးကတော့ဖြင့် နည်းနည်းလေးမှ ဂရုစိုက်ပုံ မရပါ။

"အဲ့ဒါ ဆိုင်ရှင်ဦးမြဦးရဲ့သမီး မြကြေးမုံလေ၊ ယောက်ျားလေးမြင်ရင် ကြန္ဒြေမရဘူး"

ဖက်ဖူးဆီမှ သဝန်တိုသံသဲ့သဲ့ ကြားလိုက်ရလျှင် ဝဿန် ပျော်သလို ဖြစ်သွားရသည်။

ဖက်ဖူးရဲ့နှလုံးသားက သူ့အတွက် ပူနွေးစ ပြုလာပြီ ထင်ပါရဲ့။ သူ ဖက်ဖူးကို ကျီစယ်မယ်လို့ စိတ်ကူးရမိကာ. . .

"ဖက်ဖူးရာ သူ့ဘာသာ ဘာပဲဖြစ်ဖြစ်ပေါ့၊ ကိုယ်က ခေါက်ဆွဲတစ်ပွဲလောက် စားချင်တာ၊ ဆိုင်ရှင်ချောချောလေးဆီမှာ ခေါက်



www.burmeseclassic.com

www.burmeseclassic.com



ဆွဲကောင်းကောင်းလေးတစ်ပွဲလောက် ခုနေများ စားလိုက်ရ. . . ”

သူ့ကျိုစယ်စကား မဆုံးလိုက်ရ။

အရှိန်ပြင်းစွာ မောင်းဝင်လာသော ကားတစ်စီးကြောင့် စကားစ ပြတ်သွားရသည်။

“လွှတ်စမ်း. . . ငါ့ကို လွှတ်ကြစမ်း၊ ဟင်း. . . ငါ့ကိုများ ဘာထင်နေကြသလဲ၊ အားလုံး မီးလောင်တိုက်သွင်းပစ်လိုက်ရမလား . . . ဟမ်”

ကြောက်မက်ဖွယ်ရာ ကောင်းလှသော အသံကျယ်ကြီးက ကားထဲမှ လွင့်ထွက်လာသည်။

“အင်း. . . လာပြီ”

ဖက်ဖူးက နှုတ်ခမ်းများ တွန့်ကာ ပြုံးရင်း ပြောသည်။

သူ ထိုကားကို အံ့သြဘနန်း လိုက်ကြည့်နေမိဆဲမှာပင် ကား ရပ်သွားခဲ့လျှင်. . .

လူသုံးလေးယောက် အတင်းဝိုင်းချုပ်ထားသော အမျိုးသမီး တစ်ယောက်မှာ ဂရုန်းသုန်းကား အော်ဟစ်ရုန်းကန်လျက် ဆင်းလာ သည်ကို တွေ့လိုက်ရသည်။

“ဝသာန် စိတ်ဝင်စားနေလား၊ လာလေ. . . သွားကြည့်ရ အောင်”

ဖက်ဖူးက ဝသန့်လက်ကို ဆွဲခေါ်သည်။

ဘာမှ ပြန်မပြောမိသော်လည်း ဝသန့်ခြေထောက်များမှာ ဖက်ဖူး ဆွဲခေါ်ရာနောက် ဦးတည်နေသည်။

ဌ ဌ ဌ ဌ





ပယောဂဆရာရဲ့အခန်းဝကို ရောက်သည်နှင့် သွေးညှီနံ့ လိုလို အပုပ်နံ့လိုလို ဆိုးရွားလှသောအနံ့ကြီးကြောင့် ဝသန် ‘အုံ’ ခနဲ ပျို့တက်မိကာ ပါးစပ်ကို ကမန်းကတန်း လက်ဝါးဖြင့် အုပ်လိုက်ရ သည်။

“အဲ့ဒါ ပယောဂဆရာ ရောင်နီလေ”

ဖက်ဖူးက မေးဆတ်ပြရင်း ခပ်တိုးတိုး ပြောသည်။

အညိုဝမ်းဆက် ဝတ်ထားသော ဆရာရောင်နီဆိုသူမှာ ခပ် ငယ်ငယ်ပဲ ရှိဦးမည်။ မျက်နှာတပြင်လုံးကို အစိမ်းရောင် အပြာရောင် များ ခြယ်ထားသောကြောင့် ရုပ်ဖျက်ထားသလို ရှိသည်။

“ငါ့ကို ဘာမှတ်နေလဲ. . . ဟင်း၊ စမ်းချင်ကြသလား ဟုတ် လား၊ ငါ ဘာလဲဆိုတာ မသိကြဘူးလား၊ အားလုံး အသက်နဲ့ကိုယ် အိုးစားကွဲသွားမယ်”

အမျိုးသမီးမှာ ယောကျ်ားသုံးလေးယောက် ဝိုင်းချုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့်ကြားက ရှန်းကန်တွန်းထိုးကာ အော်ဟစ်နေဆဲ၊ ရုန့်ရင်း ကြမ်းတမ်းသော ဆဲရေးသံများလည်း မိုးမွှန်နေသည်။

"တောက်. . ."

ဆရာရောင်နီဆီမှ တောက်ခေါက်သံတစ်ချက် ထွက်လာလျှင် အမျိုးသမီးမှာ ခဏတော့ ငြိမ်သွားသည်။

သို့သော်. . .

မီးဝင်းဝင်းတောက်နေသော မျက်လုံးများကတော့ ဆရာရောင်နီကို ယှဉ်ပြိုင်စိုက်ကြည့်နေသည်။

"လွှတ်လိုက်စမ်း. . . ငါ့ဆီကို"

ဆရာရောင်နီရဲ့အမိန့်သံမှာ ဟိန်းခနဲ ထွက်ပေါ်လာသည်။

"ဆ. . . ဆရာ. . . ဟို"

လူနာရှင်များမှာ အားတုံ့အားနာ ဖြစ်နေကြပုံရသည်။

"လွှတ်လိုက်စမ်းပါ"

စိတ်မရှည်တော့ဟန်ဖြင့် ဆရာရောင်နီ နောက်တစ်ခွန်းထပ်ပြောလျှင် လူနာရှင်များမှာ အမျိုးသမီးကို ကြောက်ကြောက်လန့်လန့်ဖြင့် လွှတ်ပေးလိုက်ကြရတော့သည်။

"ဟင်. . . တွေ့ကြပြီပေါ့ ဆရာစုတ်"

အမျိုးသမီးမှာ လက်ကြီးနှစ်ဖက်ကို ဆန့်တန်းလျက်. . ပယောဂဆရာဆီ တစ်ဟုန်ထိုး ပြေးဝင်သည်။

"လာစမ်း. . ."

ဆရာရောင်နီ ထိုင်ရာ မထဘဲ နာနာဘာဝ ဝင်ပူးနေသော အမျိုးသမီးကို ဆောင့်ကန်လိုက်သည်။

"အား. . ."





ရင်ခေါင်းထဲမှလာသော အသံနက်ကြီးဖြင့် အော်ပြီး အမျိုးသမီးမှာ နောက်လန်လဲကျသွားသည်။

"ဘာမဟုတ်တဲ့ ပညာကလေးနဲ့ ငါ့ကို လာစမ်းတယ်ပေါ့ဟုတ်လား. . . မိစ္ဆာစုတ်"

ကြိမ်းဝါးရင်း ဆရာရောင်နီ ထိုင်နေရာ အခင်းအောက်မှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်သည်။

အနက်ရောင် အိတ်ကြီးတစ်လုံး။

နက်မှောင်နေသော ဖျင်ကြမ်းအိတ်ကြီးမှာ သာမန်နှင့်ဘာမှ မထူးခြားပေမယ့် တွေ့လိုက်ရတဲ့သူတိုင်းကို ကြက်သီးများ တစိမ့်စိမ့်ထကာ ချောက်ချားစေသည်။

ဆရာရောင်နီက ထိုအိတ်မည်းကြီးကို အမျိုးသမီးရဲ့ ခေါင်းပေါ် ဝုန်းခနဲ ပစ်တင်စွပ်ချလိုက်သည်။

ကြည့်နေကြသောသူများအားလုံးမှာ အသက်ပင် မရှူနိုင်။

တထိတ်ထိတ် ဖြစ်နေမိကြသည်။

"အား. . အား. . အား. ."

အမျိုးသမီးမှာ မခံမရပ်နိုင်သလို သွေးပျက်သံကြီးဖြင့် ကမ္ဘာပျက်သလို အော်ဟစ်ရင်း တွန့်တွန့်လူးနေတော့သည်။

ထိုတအားအား အော်ဟစ်သံနှင့်အတူ အမျိုးသမီးဆီမှ ချောက်ချားစရာကောင်းလှသော ကြောင်အော်သံလိုလို ကလေးငိုသံလိုလို အသံများပါ ထွက်ပေါ်နေသည်။

ကိုယ့်နားကိုယ် မယုံနိုင်သလိုလို ကြက်သီးများ တဖြန်းဖြန်းထနေမိသည်။ ထိတ်လန့်စရာကောင်းလှသော မြင်ကွင်းကို မမှိတ်မသုန် စိုက်ကြည့်နေမိဆဲမှာပင် တွန့်တွန့်လူးနေသော အမျိုးသမီးမှာ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ကျသွားခဲ့သည်။

ကြောက်မက် ချောက်ချားစရာ အသံများမှာလည်း တိခနဲ တိတ်ဆိတ်သွားတော့သည်။

"သေသွားပြီလား မသိဘူး"

"ရှူး. . . ကြည့်နေ"

ဆရာရောင်နီဆိုသူ အမျိုးသမီးရဲ့ခေါင်းပေါ် အုပ်မိုးလျက် ဖျင်အိတ်အမည်းကြီးကို ဆွဲချွတ်လိုက်သည်။

အိတ်ကြီးထဲမှာ တစ်စုံတစ်ခု ပါသွားဟန် ရသည်။

လာကြည့်သူများမှာလည်း တစထက်တစ အခန်းဝ၌ ပြည့်လျှံ၍နေလေပြီ။ အားလုံးမှာ မျက်တောင်ပင် မခတ်ရဲဘဲ ဆရာရောင်နီ လက်ထဲမှ အထုပ်ကို စိတ်ဝင်တစား ချောက်ချားစွာ ကြည့်နေမိကြသည်။

ဆရာရောင်နီက ကြေးလင်ဗန်းကြီးတစ်ချပ်ပေါ် အိတ်ကို မှောက်ချလိုက်သည်။

"အား. . ."

"အံမယ်လေး. . ."

"ဘုရား. . . ဘုရား"

ကြောက်လန့်တကြား အာမေဋိတ်သံများ ညံစီသွားသည်။

အိတ်မည်းကြီးထဲမှ ထွက်လာခဲ့သောအရာမှာကား. . .

လက်တစ်ဆုပ်စာခန့်ရှိသော ဆံပင်အထွေးလိုက်။

"ဆေးဖယောင်းတိုင် ပေးစမ်း"

ဆရာရောင်နီ တပည့်တွေဆီ လက်လှမ်းသည်။

လှအောင်နှင့် ထူးမောင်တို့ ဖယောင်းတိုင် အနီတစ်တိုင်နှင့်





မီးခြစ်တစ်လုံး ဆရာရောင်နီ့လက်ထဲ အမြန်ထည့်ပေးလိုက်သည်။

ဆရာရောင်နီ ဖယောင်းတိုင် မီးစာမှာ မီးစွဲလောင်စေပြီး ဖယောင်းစက်တစ်စက်ကို ထိုအရာပေါ် ချလိုက်သည်။

ဝုန်းခနဲ ကြောက်မက်ဖွယ်ရာ မြည်သံကြီးနှင့်အတူ မီးကျွမ်းလောင်လျက် မျက်စိရှေ့တွင် လောင်ကျွမ်းပြာကျသွားလေတော့သည်။

"အဖေ. . . သမီး ဘယ်ရောက်နေတာလဲ!"

လဲကျနေသော အမျိုးသမီးမှာ သတိရလာခဲ့လျှင် ကြောင်အမ်းအမ်း ဖြစ်နေခဲ့သည်။

"သမီး. . . သမီး. . ဘာဖြစ်လို့လဲဟင်!"

ဝိုင်းအုံကြည့်နေသော လူအုပ်ကြီးကို ဟိုသည်ကြည့်ကာ အမျိုးသမီးမှာ ရှက်နေရှာသည်။

"အတော်စွမ်းတဲ့ဆရာနော်"

"ဒါကြောင့် ဆရာရောင်နီတို့က အရမ်းကို အောင်မြင်နေတာ"

လူအုပ်ထဲမှ ချီးမွမ်းသံများ ထွက်လာခဲ့သည်။

"အတော် တော်တဲ့ဆရာပဲနော် အဖေ"

"ဟေ့ကောင်. . . ပွဲပြီးသွားပြီ ပြန်တော့၊ ဆိုင်မှာ မြကြေးတစ်ယောက်ထဲ"

"နေပါဦး အဖေရာ၊ ဆရာ ဘာတွေ ပညာစွမ်း ထပ်ပြဦးမလဲလို့"

"မလိုချင်ဘူး ဟေ့ကောင်၊ ဘာပြပြ ပြန်မယ်"

ဦးမြဦးတို့ သားအဖ ပွစိပွစိနှင့် ပြန်သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာကြီးနော် ဖက်ဖူး"

သူ ဖက်ဖူးကို ခပ်တိုးတိုး ပြောမိသည်။

ဖက်ဖူးက မထူးဆန်းသလို ပခုံးတွန့်ပြလျက်. . .

"အနာနဲ့ ဆရာနဲ့ အံဝင်ခွင်ကျ ဖြစ်သွားလို့ပါ၊ မထူးဆန်းပါဘူး ဝသန်ရယ်"

"ဖက်ဖူး မကြောက်ဖူးလား!"

ဖက်ဖူး မဲ့စပ်စပ်ပြုံးရင်း ခေါင်းယမ်းပြသည်။

ဘယ်လို မိန်းကလေးပါလိမ့်။ ဒီလောက် ထိတ်လန့်စရာကောင်းတဲ့ မြင်ကွင်းမျိုးကို မကြောက်ဘူးတဲ့။

"ဖက်ဖူး. . . ခေါက်ဆွဲသွားစားရအောင်"

ဝသန် စကားလမ်းကြောင်း ပြန်ပြောင်းလိုက်ပါသည်။

"ဝသန် စားချင်စားလေ၊ တို့ အခန်းပြန်နှင့်တော့မယ်၊ ခုနဟာတွေ တွေ့လိုက်ရလို့လားတော့ မသိဘူး၊ ခေါင်းထဲ မူးနောက်ပြီး ရင်ထဲလည်း ကတုန်ကယင်နဲ့. . ."

"ဟင်. . . ဟုတ်လား၊ ဒါဆို ကိုယ်လိုက်ပို့မယ်"

ဝသန် ဖက်ဖူးကို ယုယကြင်နာစွာ တွဲလျက် အခန်းထဲလိုက်ပို့ပေးသည်။

သူ့ရဲ့နွေးထွေးမှုတွေကို ခံယူရင်း ခွဲရတော့မှာကို တွေးမိပြီး ဖက်ဖူးရင်ထဲ ဆို့နစ်နာကျင်လို့လာသည်။

ကြမ်းတမ်းခါးသီးလှတဲ့ ဘဝမှာ ဆုံးရှုံးမှုတွေနဲ့ ထွက်ခွာရမယ်ဆိုရင်တောင် ရှင့်ဆီက ခံယူရရှိတဲ့ နွေးထွေးတဲ့ အကြင်နာတွေနဲ့တင် ထိုက်တန်နေပါပြီ ဝသန်ရယ်။

ဖက်ဖူး အိပ်ရာထဲ မျက်လုံးမှိတ်ကာ လဲလျောင်းရင်း ဆွတ်





ကျင်လို့ လာခဲ့သည်။

"ဖက်ဖူး. . . ကိုယ်လည်းပြန်တော့မယ်၊ ဘာမှ အားမငယ်နဲ့နော်၊ အရေးအကြောင်းရှိရင် ကိုယ့်သူငယ်ချင်းတွေကနေ ဆက်သွယ်လိုက်၊ ကိုယ် ဖက်ဖူးဆီ ချက်ချင်းပြန်လာခဲ့မယ်. . . သိလား!"

ဝသန် တင်းကျပ်စွာ ဆုပ်ကိုင်ထားသော ဖက်ဖူးလက်တွေကို ဖြည်းညင်းစွာ ဖြေလျှော့ပြီး. . လေးကန်သော ခြေလှမ်းများဖြင့် ကျောခိုင်းလိုက်သည်။

ဖက်ဖူး သူ့ကျောပြင်ကို ငေးကြည့်ရင်း ဝမ်းနည်းအားငယ်စိတ်တွေ လှိုင်းထလာခဲ့သည်။

ဖက်ဖူးမှာ ဒီကိုယ်ဝန်ကို မွေးဖွားဖို့စရိတ် ဘယ်မှာ သွားရှာရမလဲ။ ဆေးခန်းသွားပြဖို့ ပိုက်ဆံတောင် မရှိဘူး။

အခန်းခ ပေးစရာလည်း မရှိဘူး။

နောက်နေ့တွေ ဘယ်လိုစားသောက်ရမလဲတောင် မသိဘူး။ အခက်အခဲများစွာကို တွေးနေမိရင်း ရင်ထဲ ခါးသီးလာကာ. .

"ဝသန်"

တိုးဖျော့သောအသံဖြင့် လှမ်းခေါ်လိုက်မိသည်။

ဝသန်က အခန်းဝရောက်မှ လှည့်ကြည့်သည်။

"ကျွန်မ. . ရှင့်ကို ချစ်တယ်. ."

ဝသန့်မျက်ဝန်းများထဲ လက်ခနဲ ဖြစ်သွားသည်။

"စောင့်နေမယ်. . ."

ဖက်ဖူးမျက်ဝန်းအိမ်ထောင့်မှ ပူနွေးသော မျက်ရည်စများ လိမ့်ဆင်းသွားသည်။

စောင့်နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှင့်ကို တကယ်စောင့်နေမှာပါ ဝသန်။ ဟော့ဒီ အခန်းလေးကနေ ရှင် မပြန်လာမချင်း စောင့်နေမှာပါ။

ဘယ်အခြေအနေပဲရောက်ရောက်. . .

ဘယ်ဘဝပဲရောက်ရောက်လေ. . ။





# အခန်း (၄)



ဤသို့ဖြင့် အချိန်နှစ်လတာကိုကျော်လွန်နိုင်ခဲ့ပြီ. . .

မူးနောက်ရီဝေကာ ရင်ထဲ တလှပ်လှပ် ခါနေသည့် ဝေဒနာဆိုးကြီးကို မခံရပ်နိုင်တော့သည့်အဆုံးတွင် ဖက်ဖူးသည် တဟင်းဟင်း ညည်းနေမိတော့သည်။ အစာအိမ်ထဲမှာ ဘာမှမရှိသည်မို့ အူအချင်းချင်း လိမ်ပွတ်နေသည့် ဒုက္ခကလည်း ဆိုးဝါးလှသည်။

အဆာပြေစားရန် ဝယ်ထားသည့် ဘီစကွတ်ကလေးများ ပေါင်မုန့်ခြောက်ကလေးများလည်း ကုန်ပြီ။ အောက်ဆင်းပြီး ဝယ်စားနိုင်သည့် ခွန်အားလည်းမရှိ။ လုံလောက်သည့် ပိုက်ဆံလည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းသာဆိုရင်. . .

"ဒေါက်. . . ဒေါက်"

အခန်းတံခါးခေါက်သံ ကြားလိုက်ရသည်မို့ ဝေဒနာကို ခံစားနေရသည့်ကြားက ဖက်ဖူး နားစွင့်လိုက်ရသည်။

"ဖက်ဖူးစိမ်း. . . ဖက်ဖူးစိမ်း"

အိမ်ရှင်မိန်းမကြီး ဒေါ်သူဇာနောင်းရဲ့အသံ။

တလှုပ်လှုပ် ခါနေသောရင်သည် ဒိန်းခနဲ ဆောင့်ခုန်၏။

"ဘာလုပ်နေတာလဲ. . . တံခါးလာဖွင့်စမ်းပါဦး"

ကျယ်လောင်လှသော အော်ဟစ်သံကြီးမှာ ငှက်ဆိုးထိုးသံအလား။ တဒုန်းဒုန်း ထုနှက်သံကလည်း နားမခံသာတော့. . .။

"ဖက်ဖူးစိမ်း. . . ဟေ့. . . ဖက်ဖူးစိမ်း"

"လာ. . . လာပါပြီ"

အနိုင်နိုင် အားတင်းပြီး ပြန်ထူးလိုက်ရသည်။

ရှိသမျှ ခွန်အားတို့ကို စုစည်းကာ အိပ်ရာထဲမှ ရုန်းထလိုက်ရသောအခါ ခေါင်းတစ်ခုလုံး အိုးထိန်းစက်လို ချာချာလည်သွားရသည်။

"ဖက်ဖူးစိမ်းရေ. . . အသံကြီးပဲ မလာပါနဲ့၊ လူလည်း ထွက်ခဲ့ပါဦး"

"ဟုတ်ကဲ့. . . လာနေပါပြီ"

ချည့်နဲ့နေသောခြေလှမ်းတွေကို ဟန်ချက်ဆွဲလျက် တံခါးဝဆီ အားတင်းထွက်ရသည်။ တံခါးဖွင့်လိုက်သည်နှင့် တွေ့လိုက်ရသည်မှာ လောဘအရောင် အမြဲတောက်နေတတ်သည့် မျက်နှာတစ်ခုပဲ ဖြစ်သည်။





"ညည်းအခန်းခက တော်တော်ရက်ကျော်နေပြန်ပြီ၊ အဲ့ဒါ ဘယ်လိုဖြေရှင်းပေးမလဲပြော"

"ကျွန်မ အဆင်မပြေ. . ."

"ညည်း ဘယ်တုန်းက အဆင်ပြေဖူးလို့လဲ၊ ငါ သည်းခံတာ အတိုင်းအတာ ကျော်နေပြီနော် ဖက်ဖူးစိမ်း၊ ညည်း ဘာလုပ်ပေးသင့်သလဲဆိုတာ သဘောပေါက်သင့်ပြီ"

မာထန်ရင့်သီးလှသောလေသံက ရင်ထဲက မာနကို ကူးဆွ လှုပ်နှိုးခံလိုက်ရသလိုပင်. . .။

"ကျွန်မကို သဘက်ခါ နောက်ဆုံးထားပြီး စောင့်ပေးပါ"

သိသိသာသာ မာသွားသောလေသံကြောင့် အဘွားကြီး သူမကို စိန်းစိန်းကြည့်သည်။

"အေး. . . ကောင်းပြီ၊ သဘက်ခါမှ အခန်းခ မပေးနိုင်ရင် ငါ့အဆိုးမဆိုနဲ့၊ ငါမလာခင် အထုပ်ပြင်ပြီး ဒိုးပေတော့"

ဒိုးပေတော့. . . ဒိုးပေတော့တဲ့။

စာနာမှု မရှိလှသည့် ရက်စက်သော အမိန့်သံ။

တဒုန်းဒုန်း ပြင်းထန်လှသည့်ခြေသံက ခေါင်းတစ်ခုလုံးကို နင်းဖြတ်သွားသလို ခံစားလိုက်ရသည်။ တံခါးဘောင်ကို ဆုပ်ကိုင်ထားသည့် လက်ချောင်းများ အားပျော့စွာလျော့ကျသွားတော့သည်။

ဝဿန်. . . ဝဿန်ရယ်. . .

တို့အဖြစ်ကို ကြည့်လှည့် မြင်လှည့်ပါဦး. . .။ တို့ ဒီအခန်းကလေးထဲကနေ ဝဿန့်ကို စောင့်နေချင်သေးတယ်လေ။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်သူဇာနှောင်းရယ်. . ကောင်မလေး သနားပါတယ်နော်၊ မျက်နှာလည်း မကောင်းဘူး"

ဖက်ဖူးနှင့် တစ်ခန်းကျော်အခန်းမှ စပ်စုတတ်လွန်းသော ဒေါ်စုစီက လူမှုရေး ဝင်ပါသလိုလိုနှင့် စပ်စုလေသည်။

"အဲ့ဒါ ကျုပ်က ဘာလုပ်ရမှာလဲ!"

ဒေါ်သူဇာနှောင်းကတော့ ဘာကိုမှ မထောက်ထား မငဲ့ညှာ တတ်သူပီပီ ဘုပြန်ပစ်သည်။

"နေကောင်းရဲ့လားမသိ. . . မျက်ကွင်းတွေလည်း ညိုမည်းလို့၊ တကယ်လို့ သူ့ခမျာ ကျန်းမာရေး မကောင်းရှာဘူးဆိုရင်လည်း တစ်ပတ်တန်သည် တစ်လတန်သည် ဆက်ပြီးနေခွင့်ပြုပေးလိုက်ပါ ဒေါ်သူဇာနှောင်းရယ်"

လေကြောရှည်နေသော ဒေါ်စုစီကို မျက်မှောင်ကုတ်ကြည့်ကာ ဒေါ်သူဇာနှောင်း တဆတ်ဆတ် ခေါင်းညိတ်လျက်. . .





"ရတယ်လေ"

"ဟယ်. . . တကယ်၊ ကောင်မလေးကို ဆက်ပြီးနေခွင့်ပြုမယ်ပေါ့"

"ရှင် အခန်းခ စိုက်ပေးနိုင်မယ်ဆိုရင်တော့ တစ်လ မဟုတ်ဘူး၊ တစ်နှစ်လည်း ကျုပ်က နေခွင့်ပြုတယ်"

ပြတ်သားစွာ ပြောပြီးသည်နှင့် ခြေသံပြင်းပြင်းပေးလျက် ဒေါ်သူဇာနှောင်း ဆက်လျှောက်လာခဲ့သည်။

"အလကားမိန်းမကြီး"

ဒေါ်စုစီ မျက်စောင်းရွယ်လျက် ပွစိပွစိ ရေရွတ်ရင်း ကျန်ရစ်သည်။

"ဥစ္စာရူးမကြီး. . . လောဘဇောတိုက်မကြီး၊ သေရင် သူ့အဆောင်မှာ မကျွတ်ဘဲ အစောင့်သရဲ ဖြစ်နေမယ့် မိန်းမကြီး၊ အောင်မလေး. . . သူသာ သေရင်တော့ ငါ ဒီအဆောင်မှာ ဆက်မနေတော့ဘူး. . . ကြောက်စရာကြီး၊ အမြန်ပြောင်းပြေးမှာပဲ"

ဒေါ်စုစီ အတွေးထဲမှာတင် ကြက်သီးတွေ ထလာလျက် ကျောပင် တွန့်သွားမိသည်။

ဌ. ဌ. ဌ. ဌ.

www.burmeseclassic.com



သဘက်ခါရောက်လေပြီ။

ဝသန့်. . . ဝသန့်ရေ. . .

ရင်ထဲမှ အခါခါ မြည်တမ်းမိသည်။

မျက်လုံးတွေကို အားယူပြီး အနိုင်နိုင် ဖွင့်ကြည့်မိသည်။

မျက်ခွံတွေကို တစ်စုံတစ်ရာက ဖိသိပ်ထားသလို လေးလံလွန်းလှသည်။ ဘယ်လူးညာလှိမ့်ဖို့ကိုပင် ခန္ဓာကိုယ်က အင်အားမရှိ။

တစ်ကိုယ်လုံးမှာလည်း အထိမခံနိုင်လောက်အောင် နာကျင်နေသည်။ ဒီနေ့. . မုန်းစရာ အိမ်ရှင်မကြီး လာဦးမည်။

ပြောင်းပေးရတော့မှာပေါ့။

ဟင့်အင်း. . . မပြောင်းချင်ဘူး။

ဝသန့်ကို ဒီအခန်းလေးထဲကနေ စောင့်နေမယ်လို့ ပြောထားတာ။ ဒါပေမယ့်. . . သဘောဆိုးလှတဲ့ အိမ်ရှင်မိန်းမကြီးက ခွေးသေဝက်သေလို အတင်းဆွဲချမှာပဲ။





မဖြစ်ဘူး၊ သူ မလာခင် မြန်မြန်ထမှ။

မိုးခြိမ်းသံလို ကျယ်လောင်စူးရှလှတဲ့ ခေါ်သံကြီးကို နားမခံသာဘူး။ ဖက်ဖူး နာကျင်မှုဒဏ်ကို အံကြိတ်ခံလျက် ကုန်းရုန်းထသည်။ အား. . . မောလိုက်တာ။

ခေါင်းတစ်ခုလုံး နောက်ကျိလျက် လည်ပင်းတစ်လျှောက် ပြင်းပြင်းပြပြ ပျို့တက်လာသည်။ ပါးစပ်ကို လက်ဝါးဖြင့် ပိတ်လျက် ရေချိုးခန်းဆီ ရှိသမျှ အင်အားဖြင့် အမြန်ပြေးမိသည်။

ရင်တစ်ခုလုံး မခံမရပ်နိုင်အောင် တလှုပ်လှုပ် ခါနေသည်။

ကျယ်လောင်လှသော ဒုန်းခနဲ မြည်သံနှင့်အတူ ရေချိုးခန်းထောင့်ဆီ ခွန်အားမဲ့ ခန္ဓာကိုယ်က ပစ်လဲကျသွားသည်။

"အား. . ."

အသည်းခိုက် နာကျင်လွန်းလှသော ဝေဒနာကြောင့် ဝမ်းခေါင်းသံဖြင့် အော်ပစ်လိုက်မိသည်။

ဝမ်းဗိုက်ဆီမှ ဆောင့်တက်လာသော နာကျင်ကိုက်ခဲမှု။

ပူနွေးသော ခံစားချက်။

ဖက်ဖူး မျက်လုံးများကို အလန့်တကြား ဖွင့်ကာ ငုံ့ကြည့်လိုက်သည်။

ခြေသလုံးဆီ စီးပြိုလိမ့်ဆင်းလာသော သွေးစီးကြောင်း။

နီစွေး စေးထန်းသောသွေးများ။ သွားပြီ။

ရင်သွေးလေး။

ဝမ်းဗိုက်ထဲမှ ဝသန့်ရင်သွေးနုနုလေး ဆုံးရှုံးသွားရပြီ။

ဝသန့်. . . ဝသန့်ရေ. . .

ကယ်ပါဦး။



www.burmeseclassic.com

www.burmeseclassic.com



ကယ်ကြပါဦး. . ကျွန်မ. . ကျွန်မရဲ့. . ရင်သွေးလေး။

အား. . . မခံ. . မခံနိုင်တော့ဘူး။

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ခိုက်လာသည်။

ရင်ထဲမှာလည်း မီးတောက်ကြီးတစ်ခု မွှေ့ယမ်းနေသလို ပူပြင်းလောင်မြိုက်လွန်းလို့နေသည်။

တဆတ်ဆတ် တုန်ယင်နေသော လက်ချောင်းများဖြင့် တံခါးဘောင်ကို ရှိသမျှ ခွန်အားဖြင့် ဆုပ်ကိုင်မှီတွယ်ထားမိသည်။

"ကျွန်မကို လာကယ်ကြပါဦး"

အသံကုန်အော်ဟစ်လိုက်သော်လည်း ရေချိုးခန်းထဲရောက်နေသော ဖက်ဖူး၏အသံကိုတော့ ဘယ်သူမှ မကြားနိုင်ပါချေ။

မျက်လုံးများ ဖွင့်ထားသည့်တိုင် ဘာကိုမှ မြင်နိုင်စွမ်း မရှိတော့. . . ။ မြင်ကွင်းအားလုံးက မှောင်အတိကျလျက်။

ဟင့်အင်း. . . မသွားဘူး။

ဒီအခန်းလေးထဲကနေပဲ ဝသန်ကို စောင့်နေမယ်။

ပြန်လာခဲ့နော် ဝသန်။ တို့ဆီ ပြန်လာခဲ့နော်။

ပူပြင်းလှသော မီးတောက်ကြီးတစ်ခုက ရင်ဝကို အရှိန်ပြင်းစွာ ဝင်ဆောင့်သည်။

အား. . .

လက်ချောင်းများ ဆုပ်ကိုင်ထားရာမှ ပြေကျသွားသည်။

ဝသန်. . .

တို့ စောင့်နေမယ်။

၅. ၅. ၅. ၅.





"ဟင်း. . . တွေ့ကြသေးတာပေါ့၊ ဒီနေ့မှ မပေးနိုင်ရင်တော့. . ဒင်း ခေါင်းနဲ့ ဆင်းရမယ်သာမှတ်"

ကြီးမားများပြားလှသော သော့တွဲကြီးကို ကိုင်လျက် ဒေါ်သူဇာနှောင်း ဒေါနှင့်မောနှင့် ကြိမ်းဝါးရင်း လျှောက်လာသည်။

"သားသမီးချင်း ကိုယ်ချင်းမစာတော်၊ မပြောကောင်း မဆိုကောင်း"

ဒေါ်စုစီ ဒေါ်ချိုချိုကို အတင်းတုတ်သည်။

ကျယ်ကျယ်တော့ မပြောရဲတော့။

တစ်နေ့က သူ အပစ်ခံထားရတာ မှတ်သွားပြီ။

"ကောင်မလေးကြည့်ရတာ နေကောင်းပုံ မရဘူး"

"ဟုတ်တယ်. . . ဟိုတစ်နေ့က တွေ့လိုက်တာ မျက်ကွင်းတွေ ညိုလို့၊ အသားအရေကလည်း ဖြူဖပ်ဖြူရော်နဲ့"

"စာအရမ်းကျက်တာဆို. . . အိပ်ရေးပျက်လို့ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံတော့ ရှိပုံမပေါ်ဘူး"

"အဲ့ဒါကြောင့်ပေါ့. . . အဲ့ဒီမိန်းမကြီးက ဒီနေ့ ရက်ချိန်းပေးထားတာလေ၊ အခု ကောင်မလေးကို အခန်းခ မပေးနိုင်ရင် နှင်ထုတ်ဖို့ သွားပြီ"

"သနားပါတယ်"

"လာ. . လာ. . ဝရန်တာကနေ မသိမသာကလေး သွားကြည့်ရအောင်"

ဒေါ်စပ်စု စူစီ ဒေါ်ချိုချိုကို အသာလက်ကုတ်ပြီး ဝရန်တာထွက်သည်။

ဒေါ်သူဇာနှောင်းတစ်ယောက်ကတော့ ဖက်ဖူးစိမ်းအခန်းကို တဒုန်းဒုန်း ထုလျက် ပွဲကြမ်းချေပြီ။

အနောက်မှာ ခင်ပွန်းဖြစ်သူ ဦးဇေယျာအောင်က လွတစ်ချောင်း ကိုင်လျက် ကုပ်ချောင်းချောင်း။

"ဖက်ဖူးစိမ်း. . ဖက်ဖူးစိမ်း. . ဟေ့. . ဖက်ဖူးစိမ်း တံခါးဖွင့်စမ်း၊ ညည်းပြောထားတဲ့ ရက်ချိန်းပြည့်ပြီ၊ ဟင်း. . . ငါ့အဆိုး မဆိုနဲ့တော့နော်၊ ညည်း အထုပ်အပိုးပြင်ပြီး ထွက်ပေတော့. . . ဒါပဲ"

ကျယ်လောင်လှသောအသံမှာ ရင့်သီးသလောက် မာထန်ပြတ်သားလွန်းလှသည်။

ဘေးခန်းများမှ ထွက်ကာ ကြည့်နေသူတွေမှာ မျက်နှာများမဲ့ရွဲ့ကုန်ကြသည်။

"ဒုန်း!. . ဒုန်း!. . ဒုန်း!"

အဆက်မပြတ် တံခါးထုသံမှာလည်း နားမချမ်းသာစရာ။

"ဖက်ဖူးစိမ်း. . ဖက်ဖူးစိမ်း. . ငါခေါ်နေတာ မကြားဘူးလား၊ နားကန်းနေသလားဟင်. . .

ညည်းဘာသာညည်း ထွက်မလား၊ ငါ အထဲဝင်ပြီး ဆွဲခေါ်ထုတ်ရမလား. . . ပြော!"

ဒေါ်သူဇာနှောင်းတစ်ယောက် ခါးနှစ်ဖက် ထောက်လျက်ခုနစ်သံချီလေပြီ။ အထဲက ဘာသံမှ ပြန်မကြားရသဖြင့် ခုန်ခုန်ပြီးအော်နေသည်မှာ တစ်ဆောင်လုံး ပြိုကျမတတ်။

"ဒီလောက်ပြောနေတာတောင် ညည်းက မဖွင့်ပေးသေးဘူးပေါ့ ဟုတ်လား၊ တွေ့ကြသေးတာပေါ့ စာတတ်ပေတတ်မရယ်၊ ညည်းကပဲ ခေါင်းမာနိုင်မလား၊ ငါကပဲ လက်သံပြင်းနိုင်မလားဆိုတာ"

ဒေါ်သူဇာနှောင်း သွားကြိတ်သံကြီးနှင့် ကြိမ်းဝါးကာ ယူလာသော သော့နှင့် ဒေါသတကြီး လှည့်ဖွင့်သည်။

သော့ဖွင့်သွားသော်လည်း တံခါးဝမှာ တစ်ထွာခန့်သာ ပွင့်သည်။

"ဟင်. ."

ဒေါ်သူဇာနှောင်း ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

အတွင်းဘက်မှ ကွင်းဆက်သံကြိုးဖြင့် ချည်ထားသည်ကို တွေ့လိုက်ရလျှင်. . .

"ဩော်. . ညည်းက ဉာဏ်နီဉာဏ်နက် သုံးတယ်ပေါ့၊ ဟုတ်လား. . . တောက်"

ဒေါ်သူဇာနှောင်း တောက်တစ်ချက် ပြင်းပြင်းခေါက်ပြီး ခင်ပွန်းသည် ဦးဇေယျာအောင်ဘက် လှည့်ကြည့်သည်။

ဦးဇေယျာအောင် တုန်ခနဲ ဖြစ်သွားသည်။

www.burmeseclassic.com



"ဘာကြောင့်ကြည့်နေတာလဲ. . . ရှင့်ကို လှဲ့ယူခိုင်းတာ အလကား မဟုတ်ဘူး၊ ဒီလို ဉာဏ်နီဉာဏ်နက်တွေ သုံးနိုင်တယ်ဆိုတာ သူဇာနှောင်းတို့က ကြိုမြင်နေလို့. . . ကိုဇေယျာအောင်"

"ဟင်. . ."

"မဟင်နဲ့. . . ဖြတ်. . အဲ့ဒီသံကြိုးကို"

"အေး. . . အေးပါ"

ဦးဇေယျာအောင် အံကြိတ်ပြီး လွှကို အားသွန်ခွန်စိုက် တိုက်သည်။

လေတစ်ချက်အဝှေ့တွင် အခန်းထဲမှ သွေးညှီနံ့လိုလို ပုပ်အဲ့အဲ့အနံ့ကြီး ပျံ့ထွက်လာသည်။

"ဟင်. . . ဘာနံ့ကြီးလဲ မသိဘူးနော်"

ဦးဇေယျာအောင် လွှတိုက်ရင်းက မျက်နှာရှုံ့မဲ့ပြီး ပြောသည်။

"ဟုတ်ပ. . . ထွီ. . . မိန်းကလေးတန်မဲ့ ညစ်ပတ်လိုက်တာ"

ဒေါ်သူဇာနှောင်း အနံ့ဆိုးကြီးကြောင့် ပျို့တက်လာကာ နောက်လှည့် တံတွေးထွေးသည်။

"နံလိုက်တာ. . . မြန်မြန်ဖြတ်ပါ ရှင်ကလဲ"

"ဖြတ်နေတာပဲ. . . တဲတဲလေးပဲ ကျန်တော့တာ. . . အဲ"

ပြောရင်းမှ ကွင်းဆက်သံကြိုး တောက်ခနဲ ပြတ်သွားပေပြီ။

ဒေါ်သူဇာနှောင်း နှာခေါင်းကို လက်ဖြင့်ပိတ်လျက် အခန်းတွင်းဝင်သည်။

"လာ. . . ရှင်ပါ လိုက်ခဲ့"





"ဟာ. . . မိန်းကလေးတစ်ယောက်ထဲ နေတဲ့အခန်းကြီး၊ မဝင်ချင်ပါဘူး"

"လျှာမရှည်နဲ့. . . လိုက်ဆို လိုက်ခဲ့၊ ရှင့်ကို ကျွန်မအဖော်ရအောင် ခေါ်တာ"

လေသံပြတ်နှင့် ပြောလိုက်သော အမိန့်ကြောင့် ဦးဇေယျာအောင် မျက်နှာရှုံ့မဲ့ပြီး. . နှာခေါင်းကို ပိတ်ကာ ဒေါ်သူဇာနှောင်းနောက်မှ ခပ်ကုတ်ကုတ် လိုက်ဝင်ရတော့သည်။

ဖက်ဖူးစိမ်းရဲ့အခန်းမှာ တစ်ကိုယ်ထဲသမားပီပီ အတွင်းခန်းသီးသန့်ဖွဲ့ထားခြင်း မရှိဘဲ ဟောလ်ပုံစံမျိုး အရှင်းဖြစ်သည်။

ပစ္စည်းပစ္စယလည်း များများစားစားမရှိ။

ပိတ်စဖြင့် ပြုလုပ်ထားသော ဗီရိုပုလေးတစ်လုံး၊

စားပွဲတစ်လုံး၊ ခုတင်တစ်လုံး ဒါပဲဖြစ်သည်။

"ဖက်ဖူးစိမ်း. . . ညည်း ဘယ်မှာ ပုန်းနေလဲ ပြောစမ်း"

ဒေါ်သူဇာနှောင်း ပါးစပ်ကို လက်ဝါးဖြင့် အုပ်လျက်က အော်လိုက်သည်။

"ကိုဇေယျာ. . . ဗီရိုကို ဖွင့်ကြည့်လိုက်စမ်း"

"အ. . . အနံ့က ရေချိုးခန်းထဲက ရသလိုပဲ"

ဦးဇေယျာအောင် ပြောတော့မှ ဒေါ်သူဇာနှောင်း သတိရလျက် ရေချိုးခန်းထဲ ပြေးဝင်ကြည့်လိုက်သည်။

ရေချိုးခန်းတံခါးမှာ ဖွင့်လျက်သား။

ဒေါ်သူဇာနှောင်းတို့ နှစ်ယောက်သား ရေချိုးခန်းထဲ ဝင်လိုက်သည်နှင့်. . .

"အံမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လင်မယား တွေ့လိုက်ရသည်မှာကား ညှိုမည်းနေသော မျက်ကွင်းကြီးများနှင့် ဖွင့်လျက်သား မျက်လုံးမည်းကြီးများက ပြူးထွက်လျက်. . .

သွေးအိုင်ထဲ၌ တောင့်တောင့်ကြီး အသက်ပျောက်နေပြီဖြစ်သော ဖက်ဖူးစိမ်း။

မျက်လုံးပြူးကြီးများမှာ သူတို့လင်မယားနှစ်ယောက်ကို စောင့်ကြို့ရင်ဆိုင်ကြည့်လိုက်သလို. . .

ဒေါ်သတကြီး မောင်းတင်လာခဲ့သော ဒေါ်သူဇာနှောင်းမှာ အသက်ပျောက်နေပြီဖြစ်သော ခန္ဓာကိုယ်ကြီးကိုတော့. . . ဖက်ပြိုင်ရန်မတွေ့ရဲဘဲ ခေါင်းနားပန်းများကြီးသွားသည်အထိ ကြောက်လန့်လျက်. . .

"အား. . ."

ခနဲ အသံကုန် အော်ကာ အခန်းထဲမှ အူယားဖားယား ပြေးထွက်လာခဲ့မိတော့သည်။

ဝရန်တာရှိ လူများမှာတော့ ဘာကိုမှ နားမလည်သလို တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြလျက်. . .။







# အခန်း (၅)

အခန်းဆောင်အတွင်းမှာ ဖက်ဖူးစိမ်း ရုတ်တရက် သေဆုံးသည့်သတင်းက ချက်ချင်းပျံ့နှံ့သွားသည်။

"အံမယ်လေး. . . ဘုရား. . . ဘုရား၊ ဦးဇေယျာအောင်ပြောတဲ့အတိုင်းဆို ချော်လဲပြီး သေတာဆိုတော့ အစိမ်းသေပေါ့"

"အေးလေ. . . ဘယ်ကျွတ်မလဲ"

"တရားမရှိဘူးပြောပြော ဘာပဲပြောပြော ငါတို့ကတော့ ကြောက်တယ်"

"ဟုတ်တယ်. . . ခြောက်မှာ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးရုပ်က မသေခင်ကတည်းက အသက်မရှိသလို အေးတိအေးစက်ကြီးနဲ့၊ အောင်မလေး. . . ပြောရင်းကကြက်သီးတောင် ထတယ်"

ဒေါ်စုစီတို့အုပ်စု ဖက်ဖူးစိမ်း အခန်းရှေ့တည့်တည့်မှာ တီးတိုးတီးတိုး လုပ်ရင်း ကျောမလုံသလို နောက်ကို လှည့်ကြည့်နေမိကြသည်။

အောက်ထပ် ဆံပင်ညှပ်ဆိုင်က ဒေါ်အေမီနှင့် ဒေါ်ဒေစီတို့ ညီအစ်မလည်း ဒေါ်စုစီတို့အုပ်စုနှင့် အဖွဲ့ကျနေကြသည်။

"ဟော. . . ဟိုမှာ"

စာသောက်ဆိုင်မှ မြထူးဆိုသည့်ကောင်လေး ရုတ်တရက် လက်ညှိုးကြီး ထထိုးလေလျှင် အားလုံးမှာ မျက်လုံးတွေ မှိတ်ကာ ပူးကပ်သွားကြသည်။

"ဘာ. . . ဘာလဲ!"

"သ. . . သရဲလား!"

"မဟုတ်ပါဘူး. . . ဒေါ်သူဇာနှောင်းကြီး လာတယ်လို့ ပြောမလို့"

"ဩော်. . . သရဲများလားလို့"

"အဲ့ဒီမိန်းမကြီးက သရဲထက် ကြောက်စရာ ကောင်းပါတယ်ဗျာ"

"ဟေ့ကောင်. . . တိုးတိုး"

ဦးမြဦး သူ့သားကို ဟန့်သည်။

အားလုံးမှာ ကြွေနွှေပြန်ဆည်နေကြလျက် ဒေါ်သူဇာနှောင်းဆီ စိတ်ဝင်တစား ကြည့်မိကြသည်။





ဒေါ်သူဇာနှောင်းပုံစံက အရင်လို တလောကလုံးကို ဂရုမစိုက်သည့် ဒေါင်းတင် မောင်းတင်ပုံစံ မဟုတ်တော့။

ဟိုကြည့်သည်ကြည့်နှင့် ရဲဆေးတင်းကာ လာခဲ့ရသည့်ပုံ။

ဒေါ်သူဇာနှောင်းနောက်က ဦးဇေယျာအောင်နှင့် ရေခဲတိုက်မှ အလောင်းလာသယ်သည့် လူတစ်စု။

"အဘွားကြီး အလောင်းသယ်တော့မယ်ထင်တယ်"

"လက်ထဲမှာလည်း စာရွက်တစ်ရွက်နဲ့"

ဒေါ်သူဇာနှောင်း အခန်းနား နီးလာလေ ခြေလှမ်းတွေ နှေးသွားလေဖြစ်နေတာကို သူတို့ သတိထားလိုက်မိကြသည်။

"သူက သရဲတော့ ကြောက်တတ်သား"

သိပ်ကျပ်မပြည့်ချင်သည့် မြထူးက သရော်သည်။

ဒေါ်သူဇာနှောင်း ရှေ့ဆုံးမှနေ ဖက်ဖူးစိမ်း အခန်းတံခါးရှေ့ရပ်သည်။ တုန်ယင်သောလက်များဖြင့် သော့ဖွင့်ရန် ကြိုးစားသည်။

သော့က ဘယ်လိုမှ ဖွင့်မရ။

ဒေါ်သူဇာနှောင်း ချွေးသီးချွေးပေါက်များ ကျလာသည်။

အချိန်ကြာလာတော့ အလုပ်သမားတွေ စိတ်မရှည်တော့။

"သော့က ဖွင့်ရဘူးလား!"

"ဟုတ်. . . ဟုတ်တယ်၊ လှည့်လို့ကို မရဘူး"

"ဖျက်လိုက်ပါလားဗျာ. . . ကျုပ်တို့မှာ အချိန်မရှိလို့"

ဒေါ်သူဇာနှောင်း ဘာမှ ပြန်မပြောနိုင်ဘဲ သော့တွဲကြီးကို ဇဝေဇဝါကြည့်လျက် နောက်ဆုတ်သည်။

မြထူးက ဒေါ်သူဇာနှောင်းပုံစံကို ကြည့်ကာ နောက်ချင်စိတ်ပေါ်လာသဖြင့် မကြားသာကြားသာ ခပ်တိုးတိုး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖက်ဖူးစိမ်းရေ တံခါးဖွင့်ပေးလိုက်ပါလား!"

"ဟဲ့!. . . ကောင်လေး"

ဒေါ်စူစီတို့ အလန့်တကြား ဟန့်သည်။

သို့သော်. . .

မြထူးရဲ့စကားဆုံးသည်နှင့် တံခါးမှာ. . .

"ကျွီ. . ."

ခနဲ သူ့အလိုလို ပွင့်သွားခဲ့သည်။

"အံမယ်လေး"

ဒေါ်သူဇာနှောင်း နောက်ကို အလန့်တကြား ခုန်ဆုတ်သည်။

ဝရန်တာမှာ ရပ်ကြည့်နေကြသူများမှာလည်း မျက်လုံးပြူးသွားကြရသည်။

"တံခါးပွင့်သွားပြီပဲ. . . ဝင်လေ အစ်မကြီး"

အလုပ်သမားတွေက နောက်မှ တွန်းကာ ပြောသည်မို့ ဒေါ်သူဇာနှောင်း ကြောက်ကြောက်နှင့် အခန်းထဲ ရောက်သွားရသည်။

အပုပ်နံ့က ထောင်းခနဲ။

အလုပ်သမားတွေ ချက်ချင်း နှာခေါင်းစည်း တပ်လိုက်ကြသည်။

"သေတာ ဘယ်လောက်တောင် ကြာပြီလဲ မသိဘူး"

"မ. . မကြာသေးဘူးထင်တယ်၊ ကျွန်မ မနက်ကတွေ့တော့ ရုပ်တောင် မပျက်သေးဘူး"

"ဘယ်မှာလဲ!"

"ဟို. . . ဟို. . . ရေချိုးခန်းထဲမှာ"





ရေချိုးခန်းထဲမှာ သွေးအိုင်ထဲ တောင့်နေသည့် မျက်လုံးပွင့်လျက်သားနှင့် အလောင်းကို တွေ့လိုက်ရလျှင် ခေါင်းဆောင်ဖြစ်ဟန်တူသူက တခဏမျှ စိုက်ကြည့်လျက် မှတ်ချက်ချသည်။

"ဒဏ်ရာမတွေ့ရဘဲ ဒီလောက် သွေးထွက်ထားပုံထောက်ရင် ဒီကောင်မလေး ကိုယ်ဝန်ပျက်ကျပြီး သေတာပဲ ဖြစ်ရမယ်"

"ဟင်. . ."

ဒေါ်သူဇာနှောင်းမှာ တအံ့တဩနှင့် မျက်လုံးပြူးသွားရသည်။

ဖက်ဖူးစိမ်းကို စာကြမ်းပိုးတစ်ယောက်အဖြစ်သာ သိထားသည်မို့ ဒီလိုမျိုးပြဿနာ ဖြစ်မည်မထင်ကာ ဒေါ်သူဇာနှောင်း အံ့အားသင့်သွားရခြင်းဖြစ်သည်။

"ဒီလိုသေပုံမျိုးက မကျွတ်တတ်ဘူး"

"ဟင်. . ."

ဒေါ်သူဇာနှောင်း မျက်လုံးပြူးရပြန်သည်။

"အဲ့ဒီတော့ သူ့အလောင်းနဲ့အတူ ဝိညာဉ်ပါ ဒီအခန်းထဲက ထွက်သွားအောင် အစ်မကြီးက အမိန့်စာ ပြန်မှဖြစ်မယ်"

"ဟုတ်. . . ဟုတ်လား!"

"ဟုတ်တယ်"

ဒေါ်သူဇာနှောင်း ချွေးများ ပြန်လာသည်။

"ကျွန်မ ဘယ်လိုပြောရမှာလဲ!"

"ပြောတတ်သလိုပဲ ပြောပေါ့"

"ဟင်း. . ."

ဒေါ်သူဇာနှောင်း သက်ပြင်းကို ချလျက် ခေါင်းကို မော့ကာ



www.burmeseclassic.com

www.burmeseclassic.com



အသက်ကို တဝကြီး ရှူလိုက်သည်။

အပုပ်နံ့က နှာခေါင်းတွင်းသို့ အလုံးအရင်းနှင့် ဝင်သွားသည်။ မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွားရသည်။

ထို့နောက်. . .

လက်သီးများ တင်းတင်းဆုပ်လျက် အားတင်းလိုက်ရပြီး. .

"ဖက်ဖူးစိမ်း. . . ငါပြောမယ်၊ နင်နဲ့ ငါတို့အဆောင်နဲ့ ဘာမှ မပတ်သက်တော့ဘူး၊ နင့်အလောင်းကို ငါ ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးမယ်. . . အခန်းခလည်း ပေးစရာမလိုတော့ဘူး. . .

နင်. . . နင့်ရဲ့အလောင်းနဲ့အတူ ငါတို့အဆောင်ထဲကနေ တစ်ခါတည်း ထွက်သွားပါ. . . ဒါပဲ"

ဒေါ်သူဇာနှောင်း မျက်စိစုံမှိတ်ကာ ပြောချလိုက်သည်။

ပြောပြီးသည်နှင့် ဖက်ဖူးစိမ်းရဲ့အလောင်းကို ကြောက်ရွံ့စွာ ကျောခိုင်းလိုက်မိသည်။

"ကဲ. . . ကျွန်မ ပြောပြီးပြီ၊ ရှင်တို့ အလောင်းကို အမြန်ဆုံး သယ်ထုတ်သွားကြတော့"

ဒေါ်သူဇာနှောင်းဆီမှ ခွင့်ပြုချက်ရသည်နှင့် အလုပ်သမားများမှာ မျက်လုံးပွင့်နေသော ဖက်ဖူးစိမ်းရဲ့အလောင်းကို စောင်နှင့်အုပ်ပြီး ရေချိုးခန်းမှထုတ်ကာ အဝတ်ဖြင့်ပတ်ရန် ခုတင်ဘေးတွင် ချလိုက်ကြသည်။

"တင်းတင်းချည်. . . ပြေမကျအောင်"

အလုပ်သမားများမှာ တောင့်နေသော အလောင်းကို စောင် အထပ်ထပ် ပတ်လျက် အစနှစ်ဖက်ကိုလည်း တင်းနေအောင် ချည်လိုက်ကြသည်။





"အိုကေ. . . သယ်ကြမယ်. . . ဝမ်းတူး"

တိုင်ပင်ခေါ်လျက် အလုပ်သမားနှစ်ယောက်မှာ အလောင်းကို ဆွဲမ,လိုက်လျှင်. . . အလောင်းမှာ ခါးနေရာလောက်ဆီမှ လှူပ် ယမ်းလာသည်ကို တွေ့လိုက်ရသည်။

"ဟာ. . . အလောင်း လှုပ်. . . လှုပ်"

အလုပ်သမားနှစ်ယောက်မှာ ကြောက်လန့်တကြားဖြင့် အလောင်းကို ပြန်ပစ်ချလိုက်ကြသည်။

ဒေါ်သူဇာနှောင်းတို့ လင်မယားမှာလည်း ကြားလိုက်ရသောစကားကြောင့် ကြက်သီးများ တဖြန်းဖြန်းထလျက် လှည့်ကြည့်လိုက်မိကြသည်။

စောင်နှင့် ပတ်ထားသော အလောင်းကြီးမှာ ခဏမျှ ငြိမ်သက်နေခဲ့ပြီးလျှင်. . ဆတ်ခနဲ ငုတ်တုတ်ထထိုင်လိုက်သောအခါ. .

"အား. . ."

"အံမယ်လေး. . . သရဲဗျို့. . ."

"လုပ်ကြပါဦး. . . ကယ်ကြပါဦး. . သရဲဗျို့. . သရဲ"

အလောင်းလာသယ်သူများ အခန်းထဲမှ သွေးပျက်ချောက်ချားစွာ တစ်ယောက်ပြီးတစ်ယောက် အော်ဟစ်ရင်း ပြေးထွက်လာကြသည်ကို မြင်လိုက်ရလျှင် ဝရန်တာမှ စပ်စုရန် စောင့်နေကြသော လူအုပ်စမှာလည်း ကြောက်လန့်တကြားဖြင့် အားလုံးကိုယ်စီ ကိုယ့်အခန်းကိုယ် ပြေးဝင်ကြကာ တံခါးများ အသီးသီး ပိတ်လိုက်ကြလေတော့သည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်ကြမလဲ ကိုဇေယျာ၊ ကျွန်မတို့ ဒီအတိုင်း နေကြတော့မှာလား!"

ဒေါ်သူဇာနှောင်းမှာ ကြောက်ကြောက်နှင့် ဦးဇေယျာ အောင်ကိုပဲ ဖိမဲနေမိတော့သည်။

"ဟ. . . ငါတို့က ဘယ်လိုနေကြရမှာလဲ!"

"ဩော်. . . ရှင် ပြန်မေးနေရသေးတယ် ဟုတ်လား၊ ဟို အလောင်းကြီးကို ဘယ်လို အခန်းထဲက ထုတ်မှာလဲ၊ ဘယ်အလုပ် သမားမှလည်း မရှိတော့ဘူး"

"ဒါ. . . ဒါကတော့. . ."

"တော်. . . ကျွန်မကို မရေမရာ စကားတွေ မပြောနဲ့၊ အ လုပ်သမား ရှာလို့မရရင် ရှင်ကိုယ်တိုင် သယ်ရမယ်. . . ဒါပဲ"

"ဟင်. . ."

ဦးဇေယျာအောင် ဆံပင်မွေးများ ထောင်သွားပါသည်။





"မိန်းမရယ်. . . အဲလိုတော့ မရက်စက်ပါနဲ့ကွာ၊ ငါ့. . . ငါ့မှာ နှလုံးရောဂါ. . ရှိ. . ရှိ"

"မရဘူး. . လာ. . သွားမယ် တော်ကြာ အပြင်ကတစ်ခြား လူတွေ သိသွားရင် ကျုပ်တို့အဆောင် နာမည်ပျက်ပြီး စီးပွားရေး ထိခိုက်သွားလိမ့်မယ်"

ဦးဇေယျာအောင်မှာ မိန်းမလည်း ကြောက်ရ၊ အခန်းထဲက သရဲကိုလည်း ကြောက်ရနှင့် တံခါးပွင့်နေသော ဖက်ဖူးစိမ်း အခန်း ရှေ့မှ အထဲသို့ ခေါင်းကလေး ပြူကြည့်လိုက်သည်။

ထိုစဉ် အခန်းတံခါးမှာ ဝုန်းကနဲဆို ပိတ်သွားခဲ့လျှင် ဝရန် တာမှ ဝိုင်းကြည့်နေကြသူ အားလုံးမှာ. . .

"အမလေး"

ဒေါ်သူဇာမှာ ကြောက်စိတ်ထက် ဒေါသက ရှေ့ရောက်လာ ကာ. . .

"ရှင်မလုပ်နိုင်ရင် ကျွန်မလုပ်ပြမယ်"

ပြောရင်း အခန်းတံခါးအား ခြေထောက်နှင့် နှစ်ချက်ခန့် ဆင့်ကန်လိုက်သည်။

"ဒုန်း!. . ဒုန်း!. ."

"အား!!"

ဘေးမှ ခင်ပွန်းဖြစ်သူမှာ ကိုယ့်ဗိုက် ကိုယ်ကိုင်လျက် ဝရန် တာတွင် ကွေးကွေးလေး ဖြစ်နေတော့သည်။ ဒေါ်သူဇာမှာ တံခါးကို နောက်တစ်ကြိမ် ထပ်ကန်မည်အပြု ဦးဇေယျာအောင်မှ ဒေါ်သူဇာ ၏ ကန်မည့်ခြေထောက်အား လှမ်းဆွဲရင်း. . .

"မိန်းမရယ်. . . တော်ပါတော့၊ နင်ကန်လိုက်တိုင်း ငါ့ဗိုက်



www.burmeseclassic.com

www.burmeseclassic.com



ကို အကန်ခံနေရတယ်"

"ဒါဆိုရင်လည်း. . ဟဲ့. . မြထူး လာစမ်း၊ နင် တံခါးကို ကန်ပြီးဖွင့်ချေ၊ ဒါမှ ငါ့ယောက်ျား အကန်မခံရမှာ"

ဒေါ်သူဇာ ခေါ်သဖြင့် မြထူးမှာ ကြောက်ကြောက်နှင့်ပင် တံခါးရှေ့ရပ်၍ အားကုန်သုံးကာ ပြင်းထန်သောအရှိန်ဖြင့် ကန်ချလိုက်လေရာ. . .

"ဒုန်း!!. . ."

"အမလေးတော့"

တံခါးမှာတော့ ပွင့်မသွားဘဲ ဒေါ်သူဇာ၏ဖင်အား အရှိန်ပြင်းစွာ အကန်ခံလိုက်ရသလို ဝရန်တာတွင် မှောက်လျက်သားကားရားကြီး ဖြစ်သွားလေတော့သည်။

ထိုအချိန်မှာပဲ အခန်းတွင်းမှ. . .

**"ငါ့အခန်းရှေ့က ထွက်သွားကြစမ်း"**

စိတ်ဆိုးမာန်ဆိုးအသံမှာ အဆောင်ဝရန်တာ တစ်ခုလုံး ဟိန်းသွားခဲ့သည်။

"အဲဒါ ဘယ်သူ့အသံလဲဟင်!"

မြထူးက သူ့ရဲ့ပြူးနေတဲ့မျက်လုံးများဖြင့်. . .

"ဘယ်သူ့အသံရမလဲ. . . သရဲမရဲ့အသံပေါ့"

ဟု ပြောလည်းပြော ပြေးလည်းပြေးကြနှင့် ဝရန်တာတစ်ခုလုံး လူသံပြောနှင့်၊ အပ်ကျသံပင် မကြားရတော့ချေ။

ဦးဇေယျာအောင် အလောင်းသယ်ထုတ်လို့ ရမယ့်နည်းလမ်းကို ခေါင်းကို ကုတ်ဖွကာ အမြန်စဉ်းစားနေမိသည်။

ကြောက်ကြောက်နှင့် စဉ်းစားရင်း ခေါင်းထဲ အကြံတစ်ခုက





လင်းခနဲ။

"မိန်းမ. . ဟို. . ဟို. . စွမ်းတဲ့ဆရာတစ်ယောက် ခေါ်ပြီး ဆရာ့အမိန့်နဲ့ အလောင်းကို နှင်ထုတ်ရင်ရော"

"ဟင်. . . ဟုတ်သားပဲ၊ ကျွန်မ မတွေးမိဘူး. . . ကြည့်စမ်း"

ဒေါ်သူဇာနှောင်းမှာ အကြံကောင်းဉာဏ်ကောင်း ရလိုက်ပြီမို့ မျက်နှာတစ်ခုလုံး ဝင်းလက်သွားခဲ့ရသည်။

"ရှင် တော်တယ် ကိုဇေယျာ၊ ဒါပေမယ့် အဲ့ဒီဆရာကို ဘယ်မှာ သွားရှာရမလဲ!"

"ဟာကွာ. . . ဒါများ ရှာရဦးမလား၊ ဆရာရောင်နီ တစ်ယောက်လုံး ဒီအဆောင်မှာ ရှိနေတာပဲ"

"ကြည့်စမ်း. . . ဟုတ်သားပဲ၊ အနီးလေးကို မေ့နေလိုက်တာ၊ ဆရာရောင်နီ ရှိသားပဲ၊ ဟုတ်တယ်. . . ဒီကိစ္စကို ဆရာရောင်နီ နိုင်ကို နိုင်မှာ သေချာတယ်"

"လာ. . . ယောက်ျား၊ ဆရာရောင်နီဆီ ပြေးရအောင်"

ဒေါ်သူဇာနှောင်းတစ်ယောက် ယောက်ျားဖြစ်သူရဲ့လက်ကို ဆွဲကာ ဆရာရောင်နီရဲ့အခန်းဆီ အားကိုးတကြီး ပြေးလေတော့သည်။

၆. ၆. ၆. ၆.



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . ဟင်း. . လာစမ်းပါ၊ ဒီလောက် ပိစိလေးတွေလောက်ကတော့ ဆရာရောင်နီတို့က စကားထဲ ထည့်မပြောဘူး"

"အားကိုးပါတယ် ဆရာရောင်နီရယ်"

"အို. . . ကျုပ် ပညာကုန်တောင် ထုတ်သုံးစရာ မလိုပါဘူး၊ ဒင်းက ခုမှ သေတာ၊ ဘာကမ္မဇိဒ္ဓိမှ မရှိသေးဘူး၊ ကျုပ် လက်ညှိုးလေး ထိုးပြီး နှင်ထုတ်ရုံနဲ့ ဖြစ်ပါတယ်ဗျ. . ."

ဆရာရောင်နီ ဆေးရောင်စုံမျက်နှာနှင့် ရှေ့ဆုံးမှ တုတ်တစ်ချောင်း ကိုင်လျက် ရင်ကော့ပြီး လျှောက်သည်။

အဆောင်ထဲမှ ဝရန်တာအုပ်စုတွေ ဆရာရောင်နီကိုယ်တိုင် သရဲကို နှင်ထုတ်မည်ဆိုသော သတင်းစကားကြောင့်. . ကြောက်ကြောက်လန့်လန့်နှင့် စပ်စုရန် စုဝေးရောက်ရှိနေကြသည်။

ဒေါ်စုစီကတော့ ဆရာ့မျက်လုံးတွေဘေးက ခြယ်သထားသည့် တောက်ပလင်းလက်နေသော အစိမ်းရောင် အပြာရောင်များ





ကို ကြည့်ကာ မျက်နှာကို မဲ့လျက်. . .

"သရဲထက်တောင် သူက ကြောက်စရာ ကောင်းနေသေးတယ်"

ဟု အတင်းတုတ်သည်။

ဖက်ဖူးစိမ်းရဲ့အခန်းရှေ့ ရောက်လျှင် ဆရာရောင်နီ မိန့်မိန့်ကြီး လက်ပိုက်ကာ ရပ်လိုက်သည်။

"ဆရာ. . . သော့. . . သော့"

ဒေါ်သူဇာနှောင်း နောက်မှနေ၍ ဆရာ့ကို လက်တုန်တုန်နှင့် သော့လှမ်းပေးသည်။

"မလိုပါဘူး"

ဆရာရောင်နီ ခေါင်းခါပြီး အငြင်းစကားဆိုသည်။

ထို့နောက်. . . လက်မှ တောင်ဝှေးကို ခပ်ဆဆကိုင်လျက် တံခါးကို ထောက်လိုက်သည်။ ဆရာရောင်နီရဲ့ပညာခန်း စတင်ပြီမို့ အားလုံးမှာ စိတ်ဝင်တစား။

ခေါင်းများ ကိုယ်စီ ရှေ့ထုတ်လျက် မျက်လုံးအပြူးသားနှင့် စောင့်ကြည့်နေမိကြဆဲ. . .

ဆရာရောင်နီမှာ အောင်မြင်ထည်ဝါလှသော အသံကြီးဖြင့်. . .

"ဟိတ်. . . အထဲက နာနာဘာဝမ၊ ငါ ဆရာရောင်နီ လာတယ်. . . တံခါးဖွင့်လိုက်စမ်း"

အတန်ကြာသည်အထိ တံခါးမှာ ပွင့်မလာသောကြောင့် ဆရာရောင်နီ ကိုယ့်ဖာသာဖွင့်လိုက်ရသည်။

ရပ်ကြည့်နေကြသူအားလုံးမှာ မျက်လုံးများ ပြူးသွားကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟယ်. . . ဆရာရောင်နီက တကယ်စွမ်းတယ်နော်"

ဒေါ်စပ်စုစိန်တို့ဆီမှ ချီးကျူးသံသဲ့သဲ့ ထွက်လာသည်။

ဆရာရောင်နီမှာ အံတကြိတ်ကြိတ်ဖြင့်။

"ဟယ်. . . ဒီနေ့မှ တစ္ဆေဖြစ်တဲ့ မိစ္ဆာမကများ ငါလို ဆရာကို ယဉ်ယဉ်ကျေးကျေး တံခါးဖွင့်မပေးဘူး၊ ဟင်း. . နာတော့မယ်"

ဆရာရောင်နီ ကြိမ်းရင်း အခန်းထဲ ခေါင်းမော့ ရင်ကော့လျက် ဝင်လိုက်သည်။

အခန်းထဲ နှစ်လှမ်းသုံးလှမ်းမျှ ဝင်ပြီးသည်နှင့် အခန်းတံခါးမှာ ရုတ်တရက် ပိတ်သွားသည်။

"ဒုန်း!"

ဆရာရောင်နီ လန့်ဖျပ်ကာ ကိုင်ထားသောတုတ်ပင် ပြုတ်ကျသွားသည်။

"ဟေ့. . . တံခါးကို ဘယ်သူပိတ်လိုက်တာလဲ!"

အပြင်မှ သူတပည့်များက. . .

"မပိတ်ဘူး ဆရာ"

ဆရာရောင်နီ အခန်းတံခါးကိုဆွဲဖွင့်သည်။ မပွင့်။

"အမလေး. . သေတော့မှာပဲ မင်းတို့မပါလို့ ဒီအလောင်းကို ဘယ်သူသယ်မလဲဟ"

ဆရာရောင်နီ ခုနက ပြုတ်ကျသွားသော သူ၏တုတ်ကို သတိရ၍ ကြည့်လိုက်ရာ သူ၏တုတ်မှာ အလောင်းဘေးတွင် ရောက်နေလေသည်။ တုတ်အား ပြန်ယူရန် လက်အလှမ်း. . .

"ဒုန်း!. . . ဒုန်း!. . . ဒုန်း!"





"တံခါးဖွင့်ဦးလေ ဆရာ"

"အမလေး. . . ဖြည်းဖြည်းထုပါဟ. . ဒီမှာ အသည်းငယ်နေရတဲ့ကြားထဲ၊ လန့်လိုက်တာကွာ"

ထိုစဉ်. . .

အလောင်းဘေးမှ တုတ်ကို လှမ်းယူနေသော သူ၏လက်အား လက်အေးကြီးတစ်ဖက်မှ လှမ်းဆွဲခြင်း ခံလိုက်ရပြီး. . တုတ်မှာ လေထဲသို့မြောက်တက်သွားကာ တစ်စုံတစ်ယောက်မှ လိုက်ရိုက်နေသလို ဆရာရောင်နီကို လိုက်ရိုက်လေတော့သည်။

"ဖျောင်း!. . . ဖျောင်း!. . . ဖျောင်း!"

"အား. . . လုပ်. . လုပ်ကြပါဦး. . . ကယ်ကြပါဦး"

ဆရာရောင်နီမှာ ပြင်းထန်လှသော ရိုက်ချက်ကြောင့် ကျော့ကော့ရင်း အခန်းကိုပတ်ပြေးနေရသည်။

"အား. . အား. . အား"

အပြင်မှ လူများက တံခါးနားမှာကပ်ကာ. . .

"အထဲမှာ ဘာဖြစ်နေပြီလဲ မသိဘူး"

"မပူပါနဲ့ ဆရာကအလောင်းကို ကြိမ်လုံးနဲ့ အမိန့်ပေးပြီး သူ့ဘာသာလမ်းလျှောက်ထွက်ခိုင်းမလို့နေမှာပါ"

ဆရာရောင်နီတပည့် အူကြောင်ကြောင် ထူးမောင်စကားကြောင့် ကြားရသူအားလုံးမှာ ကျောတွေစိမ့်သွားကြသည်။

စောင်ပတ်ထားသည့် အလောင်းကြီးက သူ့ဘာသာ အခန်းထဲမှ လမ်းလျှောက်ထွက်လာမည့်ပုံကို မျက်လုံးများထဲ မြင်ယောင်မိကြလျှင် အသီးသီး စိတ်ထဲမှ အံမယ်လေးကိုယ်စီ တ,လိုက်မိကြသည်။ ထိုစဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



အခန်းတံခါး ပွင့်လာခဲ့ပြီး ဆရာရောင်နီမှာ တအားအား အော်၍ ဝရန်တာလူအုပ်ကို ဖြတ်ကာ ပြေးဆင်းသွားတော့သည်။

အခန်းထဲမှ တဟုန်ထိုး ပြေးထွက်လာကြသော ဆရာရောင်နီကိုကြည့်ပြီး အခန်းအပြင်မှ လူအားလုံး အံ့ဩကြောင်အမ်းသွားရသည်။

"ဘာ. . . ဘာဖြစ်"

"ဆရာရောင်နီ ထွက်ပြေးသွားပြီဟ. . ."

"ဟင်. . . အလောင်းကော"

ထင်မြင်ချက်တွေပင် မဆုံးသေး။

အခန်းဝမှာ စောင်များ အထပ်ထပ် ပတ်ထားသည့်အတိုင်း တောင့်တောင့်ကြီး ပတောက်ရပ်နေသော အလောင်းကောင်ကြီးကို တုတ်ကြီးနှင့်အတူ အားလုံးတွေ့လိုက်ရသောအခါ. . .

"အား. . . အံမယ်လေး. . ."

အားလုံးမှာ ခြေဦးတည့်ရာသို့ အူယားဖားယား ကြောက်လန့်တကြား ထွက်ပြေးကြလေတော့သည်။







# အခန်း (၆)

ဝဿန်ရေ. . .

အား. . .

မွန်းကြပ်လိုက်တာ။

တို့ကို စောင်အထပ်ထပ်နဲ့ ပတ်ထားကြတယ်။

တော်တော်တရားလွန်တဲ့လူတွေ။

ဝဿန်. . .

သူတို့တတွေ နည်းစုံလမ်းစုံ သုံးပြီး တို့ကို ဒီအခန်းကလေး

www.burmeseclassic.com



ထဲကနေ မောင်းထုတ်နေကြတယ်။

တို့ အင်အားရှိသမျှ. . . အစွမ်းရှိသမျှ

ဒီအခန်းကလေးထဲမှာ တွယ်ကပ်နေရတယ်။

တို့ ဒီအခန်းကလေးထဲကနေ ထွက်သွားလို့ မဖြစ်ဘူးလေ။

ဝဿန်ကို တို့ စောင့်ဦးမှာ။

ဟော. . .

ခြေသံတွေ. . .

လာကြပြန်ပြီ. . .

တို့အခန်းဆီကို လာကြပြန်ပြီ။

သူတို့တွေ တို့ကို မောင်းထုတ်ဦးမှာ။

ထိုအချိန်၌. . . အခန်းအပြင်ဘက်၌ ခြေသံများမှာလည်း ရပ်တန့်သွားခဲ့လေသည်။

၅ ၅ ၅ ၅





"ဒီအခန်းလား!"

ဆရာဝေဒက မေးလိုက်သည်။

"ဟုတ်. . . ဟုတ်တယ် ဆရာကြီး"

ဆရာရောင်နီ မသိမသာ တုန်နေသောအသံဖြင့် ပြန်ဖြေသည်။ ဆရာဝေဒမှာ ဆရာရောင်နီရဲ့ ဆရာရင်းဖြစ်သည်။

ဆရာဝေဒမှာ ဆရာရောင်နီထက် ပို၍ မျက်နှာထား ထန်သည်။ အကျီအဖြူဆွတ်ဆွတ်နှင့် ရပ်ရည်မှာ တလောကလုံးကို လုပ်ကျွေးထားရသလို ကင်းမာလွန်းလှသည်။

စူးရှသောမျက်လုံးများဖြင့် တံခါးကို စိုက်ကြည့်ပြီး. . .

"ဖွင့်စမ်း"

ဆရာဝေဒ ပြင်းထန်လှသောလေသံဖြင့် အော်လိုက်သည်။

တံခါးမှာ ကျွီခနဲ ဖြည်းညင်းစွာ ပွင့်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ဟင်း"

ဆရာဝေဒ အပေါ်နှုတ်ခမ်း တွန့်ရုံပြုံးသည်။

ဒီလိုမှပေါ့ဟု အဓိပ္ပါယ်သက်ရောက်သော အပြုံးမျိုးဖြစ်သည်။

"လာ. . . အားလုံး ဝင်ခဲ့ကြ"

ဆရာရောင်နီနှင့် သူ့တပည့်ထူးမောင်တို့ ခပ်ကုတ်ကုတ်လိုက်သွားရသည်။

ဒေါ်သူဇာနှောင်းတို့ လင်မယားကတော့ မဝင်ရဲသဖြင့် အခန်းအပြင်မှာပင် မယောင်မလည်နှင့် ကျန်နေရစ်သည်။

"ဆရာ. . . မှောင်. . . မှောင်. . . နေ"

"ဘတ္တရီမီးအိမ် ယူလာတယ် မဟုတ်လား. . . ဖွင့်လိုက်ပါလား"

ဆရာရောင်နီ Lamp အမြန်ဖွင့်လိုက်ရသည်။

"ဟိုး. . ဟိုး. . . မီးခလုတ် ဖွင့်လို့ရတယ်လေ ဆရာတို့"

ဒေါ်သူဇာနှောင်း မရဲတရဲ လှမ်းပြောသည်။

ထူးမောင် မီးခလုတ်ကို အမြန်ရှာသည်။

တွေ့တာနှင့် မီးခလုတ်ကို ဖွင့်ရန် လက်ရွယ်ဆဲ. . . ဖျတ်ခနဲဆို မီးထပွင့်လာသည်။

"အံမယ်လေးဗျ!"

ထူးမောင် အလန့်တကြား ထအော်သည်။

"ဘာဖြစ်တာလဲကွ!"

ဆရာဝေဒ လှမ်းမေးသည်။

"ဟိုး. . ဟိုး. . . မီး. . . မီးပွင့်သွားလို့"





"မီးပွင့်တာ ကြောက်စရာလား!"

"ကျွန်. . ကျွန်တော်. . . ခလုတ်မဖွင့်ရသေးဘူး"

ထူးမောင်စကားကြောင့် ဆရာဝေဒမှလွဲပြီး အားလုံး မျက်လုံးပြူးသွားကြရသည်။

ဆရာဝေဒ မျက်လုံးတွေ ပိုစူးရဲသွားရပြီး. . .

"အသေးအမွှားပါ. . . ဘာမှ ကြောက်စရာ မရှိဘူး"

ဆရာဝေဒ စကားမှ မဆုံးခင် ရှေ့မှ ကုလားထိုင်မှာ ချာလပတ် လည်လာသည်။

"ဆ. . . ဆရာ. . . ခုံ. . . ခုံလည်နေတယ်"

"အဲဒါ ကောင်မလေး အမြဲစာကျက်တတ်တဲ့ခုံ"

ဒေါ်သူဇာနှောင်း အခန်းအပြင်မှ လှမ်းပြောသည်။

ဆရာဝေဒ စားပွဲပေါ်မှာရော ကြမ်းပြင်ပေါ်မှာရော အထပ်လိုက်ရှိနေသည့် စာအုပ်ပုံကြီးကို ကြည့်ကာ. . .

"စာအတော်ဝါသနာပါမယ့်ပုံပဲ"

ဟု မှတ်ချက်ချရင်း အမှတ်တမဲ့လိုလိုဖြင့် ချာလပတ်လည်နေသည့် ထိုင်ခုံကို တောင်ဝှေးဖြင့် လှမ်းထောက်လိုက်သည်။

ထိုင်ခုံမှာ ချက်ချင်းငြိမ်ကျသွားသည်။

ထိုင်ခုံလည်တာ ရပ်သွားသော်လည်း ချက်ချင်းဆိုသလို ပြတင်းတံခါးတွေ ပိတ်ရက်သားနှင့် စာအုပ်များ စာရွက်များ ပလူပျံအောင် လေပြင်းက အခန်းထဲ၌ တဝုန်းဝုန်း တိုက်ခတ်လာသည်။

"ဆရာ. . . ဆရာ လုပ်ပါဦး"

ဆရာရောင်နီနှင့် ထူးမောင် စာအုပ်တွေ ခေါင်းပေါ် ပြုတ်မကျအောင် လက်ဖြင့်ကာလျက်က ကြောက်လန့်တကြား အော်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာရောင်နီရဲ့ရှေ့မှာလည်း မှတ်စုစာအုပ်တွေ ပလူပျံ့ဲလျက် ရှိသည်။

ဆရာရောင်နီမှာ လွတ်အောင် ရှောင်တိမ်းရင်းက. . .

"ဆရာကြီးရေ. . . လုပ်ပါဦး. . ဆရာရဲ့"

ဟု အားကိုးတကြီး အော်သည်။

ဆရာဝေဒကတော့ အပြင်မှာ ငြိမ်သက်နေသလောက် အခန်းထဲမှာတင် လေပြင်းတိုက်နေသော အခြေအနေကို လွှတ်ပေးထားသလို စိုက်ကြည့်နေခဲ့ပြီးမှ. . . ဂါထာများရွတ်ဖတ်လျက်. . .

"ဖြောင်း!. . . ဖြောင်း!. . . ဖြောင်း!"

လက်ခုပ်သုံးချက် တီးလိုက်သည်။

ဆရာဝေဒ လက်ခုပ်တစ်ချက် တီးလိုက်တိုင်း နီရဲနေသော မီးပွင့်မီးနွယ်များ ဖြာထွက်တောက်ပလို့သွားသည်။

အားလုံးမှာ ကြက်သေ,သေကာ အံ့အားသင့်လျက် ဆရာဝေဒကို ကြောင်ပြီး ကြည့်နေမိကြသည်။

ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့သော လေမှာလည်း ဟုပ်ခနဲပင် ငြိမ်ကျသွားခဲ့သည်။

"ကဲ. . . ရောင်နီနဲ့ထူးမောင်. . . အလောင်းကို အပြင်ထုတ်မယ်"

"ကျွန်တော်တို့ သယ်ရမှာလား ဆရာ"

"မင်းတို့မသယ်လို့ ဘယ်သူသယ်မှာလဲ ငါစိတ်မဆိုးခင်သယ်နော်၊ အဆောင်အောက်ကို ယူသွား"

ဆရာရောင်နီနှင့်ထူးမောင်မှာ အလောင်းဘေးတွင် မယောင်မလည် လုပ်နေကြပြီး. . .





"ဟော့ကောင် ထူးမောင်၊ မင်းက အလောင်းကို ခေါင်းဖက်ကမ"

ပြောရင်း ဆရာရောင်နီမှာ အလောင်းရဲ့ခြေရင်းဆီ သွားလေသည်။

"ကျွန်တော် ခေါင်းက မ,မဘူး၊ ခြေထောက်ကပဲ မ,မယ်၊ ဆရာရောင်နီပဲ ခေါင်းက,မ"

"ဟော့ကောင်တွေ. . . မြန်မြန်လုပ်လေ"

ဟု ပြောလိုက်တော့မှ ထူးမောင်ခမျာ အလောင်းရဲ့ခေါင်းရင်းဘက် ရောက်သွားလေသည်။

"ကဲ. . . မ,မယ်၊ တစ်. . နှစ်. . သုံး. ."

"ဝုန်း!"

ထိုစဉ်. . အခန်းတံခါး ရုတ်ခြည်း ပိတ်သွားသည်။

"အား"

"အမလေး"

အလောင်းပြန်ပစ်ချကာ နှစ်ယောက်သား ဆရာဝေဒနောက်တွင် ဝင်ပုန်းလိုက်ကြသည်။ ဆရာဝေဒမှာ ရပ်နေရာမှ နောက်သို့ လက်ကိုဆန့်တန်းကာ. . .

"ငါ့လွယ်အိတ် ပေးစမ်း"

လွယ်အိတ်လှမ်းတောင်းသောလက်မှာ တုန်နေသဖြင့်. . .

"ဆရာကြီး. . . အဆင်ပြေရဲ့လား!"

"အေး. . ခုနက လေတိုက်လို့ ငါနည်းနည်းချမ်းသွားတယ်"

ပြောရင်း တုန်နေသောလက်ဖြင့် လွယ်အိတ်ထဲ နှိုက်ကာ ပရိတ်ကြိုးထုတ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ရောင်နီ. . . ဒါယူပြီး အလောင်းခုတင်ပတ်ပတ်လည်ကို လိုက်ချည်လိုက်"

ဆရာရောင်နီမှာ လက်ကာရင်း. . .

"မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော် ကြောက်ကြောက်"

"ဒါဆို ထူးမောင်. . မင်းသွား"

"သားသားလည်း ကြောက်ကြောက်ပဲ"

"မင်းတို့ ယောကျ်ားမဟုတ်ဘူးလား၊ ဒီအလောင်းရဲ့ထဘီ ချွတ်ပြီး မင်းတို့ကို ဝတ်ခိုင်းရမယ်"

"ကဲ. . . ငါ သတ္တိဘယ်လောက်ကောင်းလဲ မင်းတို့ ကြည့်နေ"

ဆရာဝေဒ ပရိတ်ကြိုးစကိုင်၍ လျှောက်လာရာ အလောင်းနားအရောက်တွင်. . . စောင်ပတ်ထားသောအလောင်းမှာ ဝုန်းခနဲ ထခုန်လေသည်။

"ဟဲ့. . ပလုတ်တုတ်. . အား. ."

ဆိုကာ ခုန်ပေါက်ရင်း သူတပည့်တွေရှိရာဆီ ပြန်လှည့်ပြေးလာလေလျှင်. . .

"ဆရာကြီး. . . ကျွန်တော်တို့ ဘာမှမလုပ်ဘူးနော်"

ဆရာဝေဒလည်း ရှက်ရှက်နှင့်. . .

"နင်က ငါ့ကို စမ်းတယ်ပေါ့"

"ဟင်. . . အ. . အလောင်း ဘယ်ရောက်သွားပြီလဲ!"

"ခုနတင် ရှိနေသေးတာ"

"သူ့ဘာသာ လမ်းလျှောက်ပြီး ထွက်သွားလားမှ မသိတာ"

"တိတ်စမ်း"





တစ်ယောက်တစ်ပေါက် ပြောနေကြသောအသံများကို လွှမ်းသွားအောင် ဆရာဝေဒ အော်ထည့်လိုက်သည်။

"နေဦး. . ."

ဆရာဝေဒရဲ့ တောက်ပစူးရဲသော မျက်လုံးများက တစ်ခန်းလုံးအနှံ့ ဝေ့ဝဲနေခဲ့ပြီးမှ. . .

အနီရောင်ရဲရဲ ပိတ်စဗီရိုဆီရောက်လျှင် ရပ်တန့်သွားလေတော့သည်။

"နင်ကများ ပုန်းနေသေးတယ်ပေါ့၊ ကဲဟာ. . . လာစမ်း"

မာန်ထက်လှသော ဆရာဝေဒ ဗီရိုကို အားအပြည့်ဖြင့် ဆောင့်ကန်လိုက်သည်။

"ဝုန်း!. . ."

ခနဲ အသံကြီးနှင့်အတူ ဗီရိုထဲမှ စောင်ဖြင့် ပတ်ထားသောအလောင်းမှာ အရှိန်ဖြင့် ပြုတ်ကျလာခဲ့သည်။

ဆရာရောင်နီနှင့်ထူးမောင် ပါးစပ်အဟောင်းသားဖြစ်ကာ ကြက်သီးများ တဖြန်းဖြန်း ထသွားရတော့သည်။

အလောင်းကောင်ကြီးဟာ သူ့အလိုအလျောက် ဗီရိုထဲ ဝင်နေသတဲ့။

"ရောင်နီ. . . အဲ့ဒီစောင်ကို ဖြည်လိုက်စမ်း"

ဆရာဝေဒ လက်ကို တင်းတင်းပိုက်ကာ ကြည့်လျက်က တပည့်ဖြစ်သူကို အမိန့်ပေးလိုက်သည်။

"ဆ. . ဆရာကြီး. . . ကျွန်တော် မလုပ်ရဲ"

မနက်ကတင် လောလောလတ်လတ် တုတ်နှင့် အရိုက်ခံခဲ့ရပြီးသည်မို့ ဆရာရောင်နီမှာ အနားမကပ်ရဲ။



www.burmeseclassic.com

www.burmeseclassic.com

"ငါ ခိုင်းနေတယ်၊ ရော့. . . ငါ့တောင်ဝှေးနဲ့ ဖြည်. . ."

ဆရာဝေဒ တောင်ဝှေးကို လှမ်းပေးသည်။

ဆရာရောင်နီမှာ ကြောက်ကြောက်နှင့်သာ လှမ်းယူရသော်လည်း လက်များမှာ တဆတ်ဆတ် တုန်နေသည်။

ထိုတုန်ယင်နေသော လက်ချောင်းများနှင့်ပင် တောင်ဝှေးကို ကျပ်နေအောင် ကိုင်ကာ နှစ်ဖက်စုချည်ထုံးထားသော စောင်အစများကို ထိုးပြီး ဖြည်ချနေမိသည်။

ပြေကျတော့မည်ဖြစ်သည့် စောင်စကို အားလုံး အသည်းတထိတ်ထိတ်နှင့် မျက်တောင်မခတ် ကြည့်နေမိကြသည်။

"ဟော. . ."

စောင်မှာ ဆတ်ခနဲ ပြေကျသွားပေပြီ။

ၜ ၜ ၜ ၜ





"အား. . ."

စောင်စ ပြေသွားသည်နှင့် အလောင်းမှာ ဝုတ်တုတ်ကြီး ထထိုင်နေလေသည်။ မည်းနက်နေသည့် မျက်လုံးပြူးကြီးမှာ ဆရာဝေဒကို စူးစူးရဲရဲ စိုက်ကြည့်လျက်။

"ဟဲ့. . နာနာဘာဝမ ထစမ်း၊ ကိုယ့်ဘာသာ လမ်းလျှောက်ပြီး သင်္ချိုင်းကို သွားစမ်း"

ဆရာဝေဒ လက်ညှိုးငေါက်ငေါက်ထိုးလျက် ပြောသည်။

အလောင်းမှာ ဆရာဝေဒကို စူးရဲစွာ စိုက်ကြည့်လျက်က ခေါင်းကြီး ခါယမ်းပြသည်။

ဖြည်းနှေးလေးကန်စွာ ခေါင်းခါပြပုံကြီးကို ကြည့်ကာ ဆရာရောင်နီတို့မှာ ကြက်သီးများ ဖိမ့်သွားမိသည်။

"တယ်. . . ငါ့ကိုများ ခေါင်းခါပြရဲတယ် ဟုတ်လား၊ ထဆိုခုချက်ချင်း ထစမ်း၊ ငါဆရာအမိန့်"



www.burmeseclassic.com

www.burmeseclassic.com



အလောင်းမှာ ဒီတစ်ခါတော့ ရဲရဲနီနေသည့် သွားများ ပေါ် အောင်ပင် ရယ်ပြလိုက်ရင်းက ခေါင်းကို ထပ်ခါပြန်သည်။

ဆရာဝေဒ မျက်နှာ ရဲခနဲနေအောင် ရှက်သွားရပြီ။

"တောက်. . . ဘာမဟုတ်တဲ့ သရဲမကမျှား ငါလိုဆရာရဲ့ အမိန့်ကို ငြင်းရဲရတယ်လို့၊ တွေ့ကြသေးတာပေါ့၊ နင့်ဝိညာဉ်ကို ချုပ် ပြီး ငါ ခေါ်သွားမယ်ဟဲ့"

ဆရာဝေဒ ရှက်စိတ်နှင့် ဒေါသပေါင်းပြီး. . နောက်ဆုံး လက်နက်ဖြစ်သည့် အင်းချထားသော ဓားမြှောင်ကို လွယ်အိတ်ထဲမှ ထုတ်လိုက်သည်။

အလောင်း၏မျက်လုံးများမှာ ဓားမြှောင်ကို မြင်လျှင် ရဲခနဲ ထတောက်သွားသည်။

"ယား. . ."

ဆရာဝေဒ တစ်ခဲနက် အော်လျက် အလောင်း၏ ရင်ဝ တည့်တည့်ဆီ ဓါးမြှောင်ကို ချိန်ရွယ်ကာထိုးစိုက်ချလိုက်သည်၊

ထိုစဉ်. . .

မီးမှာ ဖျတ်ခနဲ မှိတ်ကာ တစ်ခန်းလုံး မှောင်အတိ ကျသွား တော့သည်။

"ဟာ. . ."

"အား. . အား. . အား"

အခန်းထဲတွင် ရှိနေသော သုံးဦးသား ပြိုင်တူအော်လိုက်ကြ ခြင်းဖြစ်သည်။

မီးပျက်သွားခြင်းကြောင့်ဖြစ်သည်။

ဆရာဝေဒမှာ ချက်ချင်းအအော်ရပ်သွားသော်လည်း ကျန်





နှစ်ယောက်မှာ မရပ်သေးဘဲ ဆက်အော်နေလေသည်။

"အား. . . အား"

"ဟော့ကောင်တွေ. . . မင်းတို့အပေါက်တွေက ဘာလို့ ဒီ လောက်တောင် အော်နေတာလဲ. . .

ရောင်နီ. . . မင်းမှာ မီးခြစ်ပါလား!"

ဆရာရောင်နီ မီးခြစ်ခြစ်ပေးသည်ကို လွယ်အိတ်ထဲမှ အသင့်ထုတ်ထားသော ဆေးဖယောင်းတိုင်တွင် ညှိလိုက်သည်။

"ဆရာကြီးရေ. . . ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ!"

"ဒီကောင်မ ငါ့ အင်းဓါးကို ကြောက်လို့ပဲ ဖြစ်ရမယ်"

ထိုအခိုက် မီးမှာ ပျက်လိုက်လာလိုက် ဖြစ်နေပြီး ဖယောင်း တိုင် ကိုင်ထားသော ဆရာဝေဒ သူ့ဘေးဖက်ဆီသို့ အကြည့်ရောက် သွားသည်။

သူ့ဘေးမှာတော့ တောင့်တောင့်ကြီး မတ်တတ်ရပ်နေ သော သရဲမကိုတွေ့လိုက်ရပြီး. . . ကုပ်ပိုးကို ရိုက်ချခြင်းခံလိုက်ရ လေတော့သည်။

"ဒုတ်!"

"အား"

ထို့နောက် အခန်းထဲတွင် မီးများ ပြန်မှတ်သွားပြီး ဝရုန်း သုန်းကား ဖြစ်ကုန်ကြတော့သည်။

ထိုစဉ်. . . အခန်းတံခါး ပွင့်သွားခဲ့လေရာ အခန်းထဲမှ ထူးမောင်နှင့်ဆရာရောင်နီတို့ သူ့ထက်ငါဦးအောင် အတင်းပြေး ထွက်ကြလေတော့သည်။

အပြင်မှ စောင့်နေသော ဒေါ်သူဇာက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဆရာဝေဒကော၊ ဘာဖြစ်လို့လဲ!"

အမေးကိုပြန်မဖြေအားဘဲ ဆရာရောင်နီတို့ ပြေးလေပြီ။

ဆက်လက်၍ ဒယိမ်းဒယိုင် ထွက်လာသူမှာ ဆရာဝေဒ ဖြစ်ပြီး. . .

"အား. . . ငါ့ကို ကယ်ကြပါဦး၊ ငါ့ကို မထားခဲ့ကြပါနဲ့"

အော်ရင်း ဒေါ်သူဇာကိုပင် မကြည့်နိုင်ဘဲ ဒယိမ်းဒယိုင် ပြေးလေ၏။ ဒေါ်သူဇာ မျက်လုံးပြူးသွားရသည်မှာ ဆရာဝေဒရဲ့ နောက်ကျောတွင် စိုက်ဝင်နေသော သူ၏အင်းခါးကြောင့် ဖြစ်ပေသည်။

အရင်ဆုံး ထွက်ပြေးသွားသော ဆရာရောင်နီနှင့်ထူးမောင်မှာ အောက်ထပ်သို့ လှေကားမှအဆင်း. . လှေကားအချိုးတွင် ငုတ်တုတ်ကြီး ထိုင်နေသော သရဲမကို တွေ့သောအခါ. . တအားအား အော်ပြီး အပေါ်ထပ် ဝရန်တာသို့ ပြန်ပြေးတက်လာကြလေသည်။ ဝရန်တာတွင် အမောဖြေလို့မှ မဝသေး၊ သူတို့ ရှေ့တည့်တည့်မှ တောင့်တောင့်ကြီး ပြေးလာနေသော သရဲမကို တွေ့လိုက်ရသည်နှင့် နောက်လှည့်ပြေးကြမည်အပြု နောက်မှလည်း တောင့်တောင့်ကြီး ပြေးလာနေသော သရဲမကို ထပ်တွေ့လိုက်ရသောအခါ. . .

"အား. . . ယား. . ."

ဆရာရောင်နီနှင့်ထူးမောင် နှစ်ဦးမှာ အဆောင်ပထမထပ် ဝရန်တာမှ အောက်သို့ ခုန်ချသွားလေတော့သည်။

နောက်ကပြေးလိုက်သွားသော ဆရာဝေဒ တစ်ယောက်မှာတော့ အောက်ထပ်သို့ ချောချောမောမော ရောက်သွားပြီး ငှားလာသော အငှားကားပေါ် လှမ်းတက်လိုက်သည်။





တက္ကစီကားမောင်းသမားက. . .

"ဘယ်သွားမှာလဲဆရာ!"

"ဟော့ကောင် မင်းမမြင်ဘူးလား ငါ့နောက်ကျောက ဓါးတန်းလန်းကို၊ ဆေးရုံမောင်း"

ဒေါ်သူဇာမှောင်းတို့လင်မယားမှာ ကြောက်စရာကောင်းလှသည့်အဖြစ်ကြောင့် ကိုယ့်ပါးစပ်ကိုပင် လက်ဝါးနှင့်ပိတ်မိဆဲ. . .

"ဟင်း. . . ဟင်း. . . ဟင်း"

လည်ချောင်းထဲမှ ဆန်တက်လာသော ရယ်သံကြီးကြောင့် အခန်းဝဆီ ကြောက်လန့်တကြား လှည့်ကြည့်လိုက်မိလျှင်. . .

နီရဲသော မျက်လုံးပြူးကြီးများနှင့် စူးရဲစွာ စိုက်ကြည့်နေသော နာနာဘာဝ ဖက်ဖူးစိမ်းကို တွေ့လိုက်ရသည်။

**"နင်တို့အားလုံးက ငါ့ကို နှင်ချင်နေတယ်ပေါ့. . . ဒီတစ်ခါတော့ ငါ့အလှည့်ပဲ၊ နင်တို့ မနေရဲအောင် ငါနှင်ပြမယ်"**

"အား. . . အမေရေ. . . ကယ်ပါဦး"

ဝရန်တာတွင် ကျန်ခဲ့သော ဒေါ်သူဇာတို့ လင်မယားမှာ ခုနစ်သံချီအော်၍ နောက်သို့ လှည့်မကြည့်စတမ်း ထွက်ပြေးခဲ့တော့သည်။

မျက်လုံးကို စုံမှိတ်ကာ ပြေးခဲ့သည့်တိုင် စူးရဲစွာ စိုက်ကြည့်နေသော မျက်လုံးရဲရဲကြီးများကို မြင်ယောင်နေမိဆဲ. . .

ခြောက်ကပ်အေးစက်လှသည့် လည်ချောင်းဖြင့် ရယ်သံကြီးကိုလည်း နားထဲ၌ ကြားယောင်ဆဲ. . .

ဘုရား. . . ဘုရား. . .

ငါ. . . ငါ့ကို မခြောက်ပါနဲ့ ဖက်ဖူးစိမ်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ. . . ငါ. . . အသက်ရှိတဲ့လူတွေကို မကြောက်ပေမယ့် သရဲဆို ကြောက်လွန်းလို့ပါ။

ဟု စိတ်ထဲမှ အသံတိတ် တောင်းပန်နေမိသည်။

"ဟဲ့. . . မိန်းမရဲ့၊ နေ. . . နေပါဦး၊ ငါ. . . ငါတို့အခန်းကို ကျော်. . ကျော်သွားပြီလေ"

ဦးဇေယျာအောင် ရှေ့မှ ကြောက်ကြောက်နှင့် စွတ်ပြေးနေသော ဒေါ်သူဇာနှောင်းကို သတိပေးသည်။

"ဟင်. . ."

ဒေါ်သူဇာနှောင်း ခုမှ သတိပြန်ဝင်ကာ ခြေလှမ်းတွေကို တုန့်ခနဲ ရပ်လိုက်ရသည်။

"တံခါးဖွင့်လေ. . . မြန်မြန်"

"သိပါတယ်. . . ဖွင့်မှာပါ"

ဒေါ်သူဇာနှောင်း လက်တုန်တုန်ဖြင့် တံခါးဖွင့်သည်။

ဦးဇေယျာအောင် နောက်ကို လှည့်ကြည့်လှည့်ကြည့်ဖြင့် အမြန်ဝင်သည်။

"ပါလာသေးလား နောက်မှာ"

"မတွေ့တော့ပါဘူးကွာ"

"ဟူး. . ."

ဒေါ်သူဇာနှောင်း လေပူတစ်ချက် မှုတ်ထုတ်ရင်း ကုလားထိုင်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"တော်သေးတာပေါ့. . . ကိုယ့်အခန်းကိုယ် ပြန်ရောက်မှပဲ အသက်ဝဝ ရှူနိုင်တော့တယ်"

ဒေါ်သူဇာနှောင်း မောဟိုက်စွာ ညည်းသည်။





"မိန်း. . . မိန်းမ"

ဦးဇေယျာအောင် တုန်လှုပ်စွာ ခေါ်လိုက်သည်။

"ဘာလဲ!"

ဒေါ်သူဇာနှောင်း စိတ်မရှည်စွာ ပြန်ထူးသည်။

"ဟို. . . ဟိုမှာ"

ဦးဇေယျာအောင် လက်ညှိုးညွှန်ပြရာဆီ ဒေါ်သူဇာနှောင်း အူကြောင်ကြောင်ဖြင့် လှည့်ကြည့်လိုက်သည်။

မျက်ကွင်းမည်းမည်းကြီးများ။

နီရဲနေသော မျက်လုံးပြူးကြီးများနှင့်. . .

အခန်းထောင့်မှာ ကြောက်မက်ဖွယ်ရာ တောင့်တောင့်ကြီး ရပ်နေသည့် ဖက်ဖူးစိမ်းကို တွေ့လိုက်ရလျှင်. . .

"အံမယ်လေး"

ဒေါ်သူဇာနှောင်းတစ်ယောက် အကြောက်ကြီး ကြောက်ကာ ထိုင်နေရာမှ ခုန်ထလိုက်မိသည်။

**"ကျွန်မကို မောင်းထုတ်ဖို့ မကြိုးစားပါနဲ့. . .၊ ကျွန်မ ဒီအဆောင်မှာပဲ ဆက်နေမယ်၊ ဘာဖြစ်လို့လဲဆိုတော့. . ."**

ဒေါ်သူဇာနှောင်းမှာ ကြောက်လန့်တကြား ကြက်သေ,သေလျက် ဖက်ဖူးစိမ်း ပြောသမျှကို ခေါင်းတဆတ်ဆတ် ညိတ်နေမိတော့သည်။

**"စောင့်စရာ ရှိလို့ပါ"**

ဒေါ်သူဇာနှောင်းမှာ သရဲက စကားပြောသည်ကို နားနှင့် ဆတ်ဆတ် ကြားလိုက်ရသဖြင့် အကြောက်လွန်ရုံမှလွဲပြီး ဘာမှ မလုပ်တတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



"ကို. . ကိုဖေယျာ"

ယောက်ျားဖြစ်သူကိုသာ အားကိုးတကြီး ခေါ်မိသည်။

အားကိုးရသည်။ အနားမှာမရှိတော့. . .။

"သံ. . . သံဗုဒ္ဓေ"

"အ. . အ. . အဋ္ဌဝီသစ္စ. . ."

ဘုရားခန်းထဲမှ ဦးဖေယျာအောင်၏ အသံတုန်တုန်ဖြင့် ထွက်လာသော ဘုရားရှိခိုးသံကို ကြားလိုက်ရလျှင်. . .

ဘုရားခန်းဆီ ကမူးရှူးထိုး ပြေးဝင်လိုက်မိသည်။

လိုက်လာသလို ဖက်ဖူးစိမ်းရဲ့အရိပ်ကို တွေ့လိုက်ရသော်လည်း. . လင်မယားနှစ်ယောက်သား အသေအချာ လှည့်ကြည့်လိုက်သောအခါ ကျောခိုင်းထွက်သွားသော နောက်ကျောကို တွေ့လိုက်ရတော့သည်။

"ဟင်း. . ."

ခနဲ သက်ပြင်းကိုယ်စီ ချနိုင်ကြတော့သည်။

အတွေးကိုယ်စီတော့ ကျန်ရစ်ခဲ့ကြသည်။

"သူ. . . သူက စောင့်စရာရှိလို့တဲ့"


"စောင့်စရာရှိလို့ ဟုတ်လား. . . ဘာကိုပါလိမ့်"

တစ်ယောက်မျက်နှာတစ်ယောက် နားမလည်နိုင်စွာ ကြည့်လိုက်မိကြသည်။

"တို့. . အလောသုံးဆယ် လုပ်လို့မဖြစ်ဘူး မိန်းမရေ"







# အခန်း (၇)

ကြီးမားထည်ဝါလှသော ဝသန့်မိဘအိမ်တွင်ဖြစ်သည်။

"ကလင်. . . ကလင်"

"ဟယ်လို"

"အမေ. . . ဝသန့်ပါ"

"ဘာဖြစ်လို့လဲ သား!"

စိုးရိမ်တကြီးလေသံဖြင့် ဝသန့်အမေ မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ. . . သား မြန်မာပြည်ကို ပြန်လာချင်တယ်"

"သားရယ်. . . ရောက်တာမှ ၂လလောက်ပဲရှိသေးတာ အမေရိကမှာ ဘွဲ့ရတဲ့အထိတောင် မစောင့်နိုင်တော့ဘူးလား!"

"မသိဘူး အမေ. . . သား အခု မြန်မာပြည် ပြန်လာချင်နေတာပဲ သိတယ်"

ဝသန် ပြောရင်း ဖုန်းချသွားသည်။

မီးဆိုင်းကြီးဖြင့် လှပလွန်းလှသော ဧည့်ခန်းထဲမှာတော့ ဝသန်၏အဖေနှင့်အမေမှာ စိတ်ရှုပ်ထွေးကာ ဆွေးနွေးတိုင်ပင်နေကြသည်။

ဝသန့်အဖေမှာ အိမ်အပြင်သို့ ငေးကြည့်ရင်း. . .

"ဒီကောင့်ကို ပြန်လာခိုင်းလိုက်မှ ဖြစ်တော့မယ်"

"ဝသန် အဲဒီမှာ ဘာများဖြစ်နေလို့လဲ!"

"ဒီနေ့ပဲ အမေရိကားက ငါ့သူငယ်ချင်း ဖုန်းဆက်တယ်၊ ဝသန် မူးယစ်ဆေး အလွန်အကျွံ သုံးလို့ ဆေးရုံတင်လိုက်ရတယ်တဲ့. . .

ကံကောင်းလို့ ဆရာဝန်တွေ သူ့အသက်ကို ကယ်လိုက်နိုင်တာတဲ့၊ ငါက ဒီကောင့်ကို အမေရိကမှာ ပညာသင်ဖို့လွှတ်တယ်၊ ခုတော့ မူးယစ်ဆေးသုံးနေတယ်တဲ့၊ ဘာမှ အသုံးမကျတဲ့ကောင် ပြန်လာခိုင်းလိုက်တော့. . . တော်ကြာ သေသွားလိမ့်မယ်"

ဌ ဌ ဌ ဌ





တရှပ်ရှပ်ခြေသံ. . .

ဆတ်ခနဲ ခေါင်းထောင်လိုက်မိသည်။

နားကိုလည်း အသာစွင့်လိုက်မိသည်။

မျှော်လင့်ချက်က ညင်သာစွာ။

"ဒေါက်!. . . ဒေါက်!. . ."

"ဟယ်. . ."

တံခါးခေါက်သံ။

ဖက်ဖူးစိမ်း တံခါးဆီ လွင့်ခနဲ ရောက်သွားမိသည်။

စိုက်ကြည့်လိုက်မိသည်နှင့် တံခါးက သူ့အလိုအလျောက် ပွင့်သွားသည်။

"ဟင်. . ."

သူ. . . သူ. . .

"ဝသန်"



www.burmeseclassic.com

www.burmeseclassic.com



"ဖက်ဖူး"

နွေးထွေးသောရင်ခွင်ထဲ နူးညံ့စွာ ကျဆင်းသွားရတော့သည်။ ပျော်ရွှင်ခြင်းက ထိန်းသိမ်းမရနိုင်စွာ။

"ဖက်ဖူး. . . ကိုယ်လေ ဖက်ဖူးကို အရမ်းသတိရလို့ ပြန်လာခဲ့တာ. . . ကိုယ် ဖက်ဖူးကို စိတ်မချဘူး ဖက်ဖူးရဲ့. . .

ဖက်ဖူးတစ်ယောက်ထဲ ဒုက္ခတွေ ခံစားနေရမှာ ကိုယ်အရမ်းသနားတယ်. . အခု ကိုယ် ဖေဖေ မသိအောင် ထွက်လာတာ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ရင်ဆိုင်တော့မယ်. . .

ကိုယ့်ဘဝမှာ ဖက်ဖူးကလွဲပြီး ဘာမှ အရေးမကြီးဘူး"

စကားတွေ အဆက်မပြတ် ပြောနေသော ဝဿန့်ကို ကြည့်ပြီး ဖက်ဖူး ဝမ်းသာစိတ်နှင့်အတူ ဝမ်းနည်းစိတ်ပါ ယှဉ်တွဲဖြစ်ပေါ်လာမိသည်။

ဝဿန်ရယ်. . .

ဝဿန် ပြန်လာခဲ့ပေမယ့်. . .

ဖက်ဖူးက. . . ဖက်ဖူးက. . .

ဖက်ဖူး ဝဿန့်ရင်ခွင်ထဲက ရုန်းထွက်ကာ ကျောခိုင်းလိုက်မိသည်။

"ဖက်ဖူးလည်း ဝဿန့်ကို စောင့်နေခဲ့ပါတယ်. . ဒါပေမယ့်"

"ဟင်. . . ဖက်ဖူးစကားကြီးက တစ်မျိုးပဲ"

ဝဿန် ဘဝင်မကျသလို ပြောသည်။

ဖက်ဖူး ခေါင်းကို ကမန်းကတန်း ခါလျက်. . .

"ဟင့်အင်း. . . ဘာမှ မဟုတ်ပါဘူး၊ ဝဿန် ပြန်လာလို့ အရမ်းပျော်နေမိတာ"





ဝဿန် နောက်မှလာရပ်ကာ ပခုံးနှစ်ဖက်ကို နူးညံ့စွာ ဆုပ်ကိုင်ပြန်သည်။

"ကိုယ် မင်းအနားကနေ ဘယ်မှ မသွားတော့ဘူး သိလား ဖက်ဖူး၊ ကိုယ် ကတိပေးတယ်"

ဖက်ဖူး ဆို့နစ်စွာ မျက်လုံးများကို မှိတ်လိုက်မိသည်။

နွေးထွေးနူးညံ့လွန်းသော စကားသံထဲမှာ ပျော်ဝင်သွားရလျက် ခေါင်းကို တဆတ်ဆတ် ညိတ်မိကာ. . .

"ဖက်ဖူးတို့နှစ်ယောက် ဗီအခန်းလေးထဲမှာ အမြဲအတူတူ နေကြမယ်နော်"

ဪ. . . မိုက်မဲစွာ ပြောမိပြန်ချေပြီ။

ဘဝခြားနေသော ချစ်သူကို မှောင်မိုက်လှသော ကိုယ့်ဘဝထဲ ဆွဲသွင်းမိချေပြီ။

"နေမှာပေါ့ ဖက်ဖူးရဲ့၊ ကိုယ်တို့ ဘယ်တော့မှ မခွဲကြတော့ဘူး ဟုတ်လား"

ဘယ်တော့မှ မခွဲကြတော့ဘူး။

ဘယ်တော့မှ မခွဲကြတော့ဘူး. . တဲ့။

ချစ်သူရဲ့စကားသည် နားဝ၌ ချိုမြိန်လွန်းစွ။

သို့သော်. . .

ခြားနားဝေးကွာလျက်ရှိသော ဘဝအနေအထားကြောင့် နှလုံးသား၌ကား ဆွတ်ကျင်ခါးသီးရလွန်းလေစွ။

ဌ. ဌ. ဌ. ဌ.

www.burmeseclassic.com



ဝသန်မျက်လုံးများကို မဖွင့်ချင်သေး။

သို့သော်. . . လက်ကမူ လိုက်စမ်းနေမိသည်။

မရှိ။

အင်းခနဲ သံရှည်ဆွဲကာ မျက်ခွံများကို မဖွင့်သေးဘဲ. . .

"ဖက်ဖူးရေ"

ဟု ခေါ်လိုက်မိသည်။ ပြန်ထူးသံ မကြားရ။

"ဖက်ဖူးရေ. . . ဖက်ဖူး"

အသံကို ထပ်မြှင့်ကာ ခေါ်မိပြန်သည်။

အကြောင်းမထူး။

"ကွာ. . . ဘယ်ရောက်နေလဲ မသိဘူး"

အလိုမကျစွာ ရေရွတ်ရင်း မထချင် ထချင်ဖြင့် အိပ်ရာမှ ထလိုက်ရတော့သည်။ နာရီကို လှမ်းကြည့်မိတော့ (၉)နာရီကျော်။ နေတောင် အတော်မြင့်နေပြီပဲ။





ဖက်ဖူးကို မတွေ့တော့ စိတ်က နည်းနည်းကျွမြီးတိုသွားမိသည်။ နောက်မှ. . . ဈေးသွားတာများလားလို့ တွေးမိတော့မှ စိတ်က ပြေသည်။

မျက်နှာသစ်ရန် ထွက်လာခဲ့တော့ စားပွဲပေါ်မှာ ဖလ်တုံးဖြင့် ဖိထားသော စာရွက်တစ်ရွက်ကို တွေ့လိုက်ရသည်။

ဖက်ဖူး ရေးခဲ့တာ ထင်ပါရဲ့။

ကောက်ဖတ်ကြည့်လိုက်မိသည်။

ဝသန်

ဖက်ဖူး တိစ္ဆရှိလို့ အပြင်ခဏသွားတယ်၊
ညနေ ပြန်လာခဲ့မယ်၊
နည်းနည်းမောင်ချင် မှောင်နိုင်တယ်၊
စိတ်မပူနဲ့နော်

ဖက်ဖူး

စာတိုလေး ဖတ်အပြီး. . .

သူ့ကို မနိုးဘဲ တစ်ယောက်ထဲ ထားရစ်ခဲ့သော ဖက်ဖူးကို သူ နည်းနည်းစိတ်တိုသွားမိပါသည်။

သူကတော့ ချစ်လှွန်း၍ မိုင်ပေါင်းများစွာ ကွာဝေးသော နေရာမှ အပြေးလာခဲ့ရသည် မဟုတ်ပါလား။

꧁. ꧁. ꧁. ꧁.



www.burmeseclassic.com

www.burmeseclassic.com



**တစ်**ယောက်ထဲကြီး ငေါင်နေမယ့် အတူတူတော့ သူ ဒီအခန်းကျဉ်းကလေးထဲမှာမနေဘဲ တစ်နေရာ သွားမလား စဉ်းစားမိသည်။ သို့သော်. . . ဖေဖေနှင့် တိုးမှာလည်း ကြောက်သည်။

သူ အိမ်ကို အသိမပေး အကြောင်းမကြားဘဲ လာခဲ့သည် မဟုတ်လား။ အပြင်ထွက်လို့ မဖြစ်သော်လည်း ခေါင်းထဲက ငြီးစီစီကြီး ဖြစ်နေသည်မို့ ခေါင်းသွားလျှော်ဖို့တော့ စိတ်ကူးမိသည်။

အောက်ထပ်ဆင်းပြီး တစ်ခုခု သွားစားရင်း ခေါင်းပါ ဝင်လျှော်လိုက်မည်။

ခရီးပန်းလာခဲ့သည်မို့လား မသိ. . နေမြင့်မှ ထသည့်တိုင် အိပ်ရေးမဝသလို ခံစားရသည်။

အိပ်ချင်မူးတူးကြီးနှင့်ပင် အောက်ထပ်က စားသောက်ဆိုင်ဆီ ဆင်းလာခဲ့မိသည်။

“ဟိတ်. . . အစ်ကို အောက်မှာ အိမ်မြှောင်. . အိမ်မြှောင်”





“ဟင်. . . ဘယ်မှာလဲ!”

သူ လေးလံနေသော မျက်လုံးများ ပြူးသွားရကာ ကပျာကယာ ခုန်ရှောင်လိုက်မိသည်။

“ခစ်. . . ခစ်. . ပြေးပြီး”

တော်တော်ဆိုးတဲ့ ကောင်မလေးပဲ။

“ပြော. . . ဘာစားမှာလဲ!”

“ရတယ်. . . မြန်မယ့်ဟာ တစ်ခုခုသာ လုပ်ပေး၊ ဗိုက်က အရမ်းဆာနေပြီ”

“ဖြစ်ရမယ် အသည်းအသန်၊ ခေါက်ဆွဲပြုတ်ပဲ စားတော့. . အမြန်ဆုံးပဲ”

“ရတယ်. . . မြန်ရင် ပြီးရော”

ကောင်မလေး နှုတ်ခမ်းစူကာ မျက်စောင်းထိုးပြီး ထွက်သွားသည်။ ဝသာန် ရယ်ချင်သော်လည်း မသိချင်ယောင် ဆောင်လိုက်ရသည်။

ဖက်ဖူးသာ သိရင်တော့ သူ့ကို တစ်ယောက်ထဲ ဒီဆိုင်ကို လာရပ့်မလားလို့ အူတိုဦးမလား မသိ။ ခဏမျှကြာလျှင်. . .

စားချင့်စဖွယ် အငွေ့တထောင်းထောင်း ထနေသော ခေါက်ဆွဲပြုတ်ပန်းကန်နှ့် သူ့ဆီ ရောက်လာသည်။

“စား. . . မြကြေးကိုယ်တိုင် ရှယ်လုပ်ပေးထားတာ”

“ဟုတ်လား. . . သိပ်ကောင်းမယ့်ပုံပဲ”

သူ တစ်စွန်းမြည်းကြည့်လိုက်သည်။

အစပ်တည့်လွန်းလှသည့် လက်ရာကြောင့် သူ တကယ်ပဲ ချီးကျူးလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းကောင်းတယ်. . ကိုယ် မင်းလက်ရာကို ဒီလောက်ကောင်းလိမ့်မယ်လို့တောင် မထင်ဘူး"

"ဟာ. . . မြကြေးကို လျှော့တွက်တာပဲ"

ကောင်မလေး ပွစိပွစိ ပြောဆဲ. . .

အစပ်တည့်လွန်းလှသော လက်ရာကို ဗိုက်ကလည်း အရမ်းဆာလောင်နေပြီမို့ အားရပါးရ စားနေမိတော့သည်။

ကောင်မလေးက သူစားနေချိန်မှာ ထွက်မသွားဘဲ အနားၗပင် ရပ်နေလျက် မိန်းကလေး ပီသစွာ စပ်စုခြင်းလုပ်ငန်း စတင်လေတော့သည်။

"အစ်ကိုက ဒီအဆောင်ကို လာလည်တာလား!"

သူ ခေါင်းညိတ်ပြလိုက်သည်။

ကောင်မလေး သူ့ကို တစ်ခါတွေ့ဖူးတာ မမှတ်မိ၍ပဲလား၊ ဖက်ဖူးနှင့် ယှဉ်တွဲပြီး မမှတ်မိတာပဲလား မသိ ပြန်မေးနေသည်။ ဆိုင်သမားဆိုတော့ လူအများကြီးကို နေ့စဉ်နှင့်အမျှ မြင်တွေ့နေရသည်မို့ ကွဲကွဲပြားပြား မမှတ်မိဘူး ထင်ပါရဲ့။

"ဟဲ့. . . ကောင်မလေး၊ ဧည့်သည် အေးအေးဆေးဆေး စားပါစေလေ၊ ဘာလို့ စကားများနေတာလဲ၊ လာခဲ့. . . ဒီမှာ ခေါက်ဆွဲကြော် လာကြော်ပေးဦး"

ဆိုင်ရှင်ဦးလေးကြီးက စကားမဆက်စေချင်သလို ခေါ်တော့မှ ကောင်မလေး သူ့ကို ကွက်ကြည့်ကွက်ကြည့်နှင့် လှည့်ထွက်သွားသည်။

ၒ. ၒ. ၒ. ၒ.





စားသောက်ပြီးတော့. . ခေါင်းလျှော်ရန် အဆောင်ထဲရှိ အလှပြင်ခန်းကို သူ ထွက်လာခဲ့မိသည်။

အပြင်က လှမ်းကြည့်တော့ လူရှင်းနေသည်မို့သာ သူ ဝင်ရဲခြင်းပင်။

"ဟို. . ခေါင်းလျှော်ချင်လို့"

"လာလေ. . . လျှော်ပေးမှာပေါ့"

အဒေါ်ကြီးက ခပ်ညုညု ပြန်ပြောတော့ သူ စိတ်ညစ်သွားရသည်။ မတတ်နိုင်။

ခေါင်းက အရမ်းလျှော်ချင်နေပြီမို့ လျှော်ကိုလျှော်မှ ဖြစ်တော့မည်။

"ဟိုလေ. . ခရီးက ပြန်လာတော့ ဆံပင်တွေက နည်းနည်းစေးထန်းထန်းဖြစ်နေတယ်"

"ဩော်. . . ရတယ်လေ၊ ကြိုက်သလောက် စေးပါစေ



www.burmeseclassic.com

www.burmeseclassic.com



ထန်းပါစေ. . . သန့်သွားစေရမယ်၊ မမတို့က ရှန်ပူအကောင်းစားပဲ သုံးတာပါ"

"မဟုတ်ပါဘူး. . . အားနာလို့ပါ"

"အောင်မလေး. . . အားနာစရာလား၊ ကာစတန်မာထဲမှာ ဒီလိုပြောတာ သူတစ်ယောက်ထဲ ရှိဖူးသေးတယ်၊ အဲ့ဒီနှုတ်ခမ်းပါး လေးက ရွှေချထားဖို့တောင် ကောင်းတယ်"

သူ ဆတ်ခနဲ တွန့်သွားရသည်။

အရေးအကြောင်း ထင်နေပြီဖြစ်သော မှုက်နှာကြီးတွေပေါ်မှာ ကာလာစုံ တင်ထားသော မမကြီးတွေကို နောက်ထပ် စကား မစရဲတော့. . .။

အသာကလေး ပါးစပ်ပိတ်နေမိတော့သည်။

သို့သော်. . .

ကိုယ်က ပိတ်နိုင်ပေမယ့် သူတို့က ပါးစပ်မပိတ်ဘဲ. . .

"မောင်လေးက ဒီအဆောင်ကို လာလည်တာလား!"

ဟု မေးလေလျှင်. . .

ဒီအဆောင်မှာ ငှားနေတဲ့မိန်းမတွေ အတော်စပ်စုသန်တာ ပဲလို့ တွေးလိုက်မိသည်။

"ဟုတ်ကဲ့"

"ဘယ်အခန်းကို လာလည်တာလဲ!"

ရော. . .

အသေးစိတ်ကို စပ်စုတော့တာပဲလို့ သူ အချဉ်ပေါက်လာမိ တော့သည်။

"အခန်းနံပါတ်ဆယ့်ခြောက်"





"ဟင်!. . ."

သူ့ခေါင်းကို ယုယုယယ နှိပ်နယ်ရင်း လျှော်ပေးနေသော လက်ချောင်းများမှာ ချက်ချင်းတင်းကျပ်သွားလေသည်။

သူ နားမလည်နိုင် ဖြစ်သွားရပြီး. . .

"ဘာဖြစ်လို့လဲ!"

"မောင်. . မောင်လေးက အခန်းနံပါတ်ဆယ့်ခြောက်ကို လာလည်တာ ဟုတ်လား!"

အဘွားကြီး မေးပုံက ကြောက်လန့်တကြား။

"အဲ့. . အဲ့ဒီအခန်းက သ. . သရဲခြောက်. ."

"ဗျာ!"

သူ ရယ်လိုက်မိသည်။

"သရဲဟုတ်လား. . . ဘာသရဲလဲ!"

"ဟို. . ဟို. . သ. . သရဲမလေ!"

"ဘာသရဲမမှ မရှိပါဘူး အစ်မရယ်၊ အလကား ပြောနေကြ တာပါ"

"မ. . မဟုတ်ဘူး၊ မမတို့ကိုယ်တိုင် မျက်စိနဲ့တွေ့"

"မဖြစ်နိုင်ပါဘူး. . . အစ်မ အမြင်မှားတာ ဖြစ်မှာပါ၊ ကျွန် တော့်ကောင်မလေးက အဲ့ဒီအခန်းမှာ တစ်ယောက်ထဲ နေတာပဲ ဟာ. . တကယ်လို့ သရဲခြောက်တယ်ဆိုရင် သူ ကြောက်မှာပေါ့. . သူ့ဆီက ဘာမှ ပြောသံ မကြားဖူးဘူး"

ဝသာန် စိတ်ညစ်ညစ်နှင့် စိမ်ပြေနပြေ အလျှော်မခံတော့ဘဲ လက်ကာပြကာ တော်ခိုင်းလိုက်တော့သည်။

"မောင်လေးကောင်မလေးက ဘယ်သူလဲ!"



www.burmeseclassic.com

www.burmeseclassic.com



ရော. . . တရားလွန်ချေပြီ။

ဝသန် ကျသင့်ငွေကို မြန်မြန်ရှင်းပေးလိုက်ပြီး. . .

"ဖက်. . ဖူး. . စိမ်း. . ပါ"

ဟု မဖြေချင့်ဖြေချင် ဖြေခဲ့လျက် ချက်ချင်းလှည့်ထွက်လာခဲ့သည်။

အန်တီကြီးတွေ မျက်လုံး စကောလောက် ဝိုင်းလျက်. .

"ဘာ!. . ."

ခနဲ အလန့်တကြား အော်ကာ ကျန်ရစ်သည်။

ဋ ဋ ဋ ဋ





ဖက်ဖူးရဲ့အခန်းမှာ သရဲခြောက်သည်ဆိုသောစကားကို ရယ်ချင်လျက်. . ဖက်ဖူး ပြန်မလာမချင်း အခန်းထဲမှာ တစ်ယောက်ထဲ စောင့်နေမိသည်။

သူကတော့ ဘာမှ ထူးခြားတာ မတွေ့ရ။

ဘယ်သရဲကမှလည်း သူ့ကို မခြောက်ပါ၊

သရဲခြောက်သည်ဟု နာမည်ကြီးသောအခန်းမှာ တစ်ယောက်ထဲ နေဝံ့သော ဖက်ဖူးရဲ့သတ္တိကို အံ့ဩမိသည်။

ဖက်ဖူးကို သရဲက မခြောက်တာလား။

ဖက်ဖူးကပဲ မကြောက်တတ်တာလား။

သူ အတွေးများဖြင့် ပျင်းရိဆဲ. . .

ညနေစောင်း မှောင်စပျိုးလျှင်. . .

"ဒေါက်. . . ဒေါက်"

တိုးသဲ့သော တံခါးခေါက်သံကို ကြားလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖက်ဖူး ပြန်လာပြီ ထင်ပါရဲ့။

သူ စိတ်ကောက်ချင်ယောင်ဆောင်ကာ မျက်နှာကို စူပုပ်ထားလိုက်သည်။ တံခါးကို ဖွင့်ပေးပြီးတာနှင့် အိပ်ရာပေါ် တက်အိပ်ကာ ဟိုဘက်လှည့်နေလိုက်သည်။

"ဝသန် ဘာလဲ၊ တို့ကို စိတ်ကောက်နေတာလား!"

ဖက်ဖူးအသံက အေးတိအေးစက်။

ခုတင်ပေါ် တင်ပါးလွှဲ ဝင်ထိုင်ရင်း သူ့ပခုံးကို ဖက်ဖူး ခပ်ဖွဖွ ဆုပ်ကိုင်သည်။

အေးစက်လွန်းလှသော အထိအတွေ့ကြောင့် သူ ကျောထဲ စိမ့်ခနဲ ဖြစ်သွားရပြီး. . .

စိတ်ကောက်နေတာကိုပင် မေ့ပျောက်သွားရသည်။

"ဖက်ဖူးလက်တွေက အေးလှချေလား!"

သူ လှည့်ကြည့်ပြီး မေးလိုက်မိသည်။

ဖက်ဖူး မျက်နှာ မသိမသာ ပျက်သွားပြီး. . .

"အပြင်မှာ အေးလို့ပါ"

"ဖက်ဖူး တစ်နေ့လုံး ဘယ်တွေ သွားနေတာလဲ၊ ကိုယ်တစ်ယောက်လုံး ရှိနေတာတောင် ကိုယ့်ကို ထားခဲ့ရတဲ့ ဖက်ဖူးကိစ္စက ဘယ်လောက်တောင် အရေးကြီးနေလို့လဲ. . .

ကိုယ်က ဖက်ဖူးကို တွေ့ချင်လွန်းလို့ ဖက်ဖူးနဲ့အတူ နေချင်လွန်းလို့ ဟိုးအဝေးကြီးက လာခဲ့ရသူပါ ဖက်ဖူးရဲ့"

သူ ဖက်ဖူးကို လေသံမာမာဖြင့် ပြောနေမိသည်။

သူ့စကားဆုံးသည်နှင့် ဖက်ဖူးက မျက်နှာမသာမယာနှင့် ဆက်မပြောပါနှင့်တော့ ဆိုသည့်သဘော လက်ကာပြပါသည်။





ညိုးနွမ်းပင်ပန်းနေသော ဖက်ဖူးရဲ့မျက်နှာကို မြင်လိုက်ရတော့. . . သူ့ရင်ထဲက ဒေါသတွေ အလိုမကျမှုတွေ အတန်ငယ် လျော့ပါးသွားရသည်။

"ဖက်ဖူး အရမ်းပင်ပန်းနေလို့ပါ ဝသန်ရယ်၊ နောက်တော့ ဖက်ဖူး ပြောပြပါ့မယ်. . ."

ညိုးဖျော့သော မျက်နှာကလေး ငုံ့လျက် လေသံ နွမ်းနွမ်းကလေးနှင့် ပြောလျှင် ဝသန့်ရင်ထဲ သနားသွားရသည်။

ဖက်ဖူး နောက်တော့ ပြောပြပါ့မယ်ဆိုသော အကြောင်းအရာကို သိလိုသော်လည်း. . . အခုချိန်မှာ ဖက်ဖူး မပြောလိုသေးရင်လည်း နေပါစေတော့။

"ကဲ. . . ထ. . . ဖက်ဖူး စားစရာတွေ ဝယ်လာတယ်၊ ဝသန် ဗိုက်ဆာနေပြီ မဟုတ်လား. . . အတူစားရအောင်"

ဖက်ဖူး သူ့ကို ဆွဲထူသည်။

သူ အလိုက်သင့် ထရင်း. . ဖက်ဖူး ဝယ်လာခဲ့သော စားသောက်စရာများကို ကူပြင်ပေးမိသည်။

သူ့နှာခေါင်းထဲ ညှီနံ့ရသလိုလို ထင်မိသည်မို့ ဖက်ဖူးကို မေးမိသည်။

"ဖက်ဖူး ဝယ်လာတဲ့အသားတွေက ညှီနံ့ရသလိုပဲ"

"ဟင့်အင်း. . . လတ်လို့ ဖြစ်ပါလိမ့်မယ်"

ဖက်ဖူး မျက်နှာအပျက်ပျက်နှင့် ငြင်းသည်။

စားသောက်စရာများကို စားပွဲပေါ် ပြင်ပြီးချိန်မှာ. . .

ကြက်ပေါင်ကြော်ကို အသားစိမ်း ရဲရဲကြီးအဖြစ်နှင့်. . .

အချိုရည်ကိုလည်း ရဲရဲနီနေသော သွေးရည်များအဖြစ် မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသောအခါ ဝဿန် မျက်လုံးများ ပြူးသွားခဲ့ရသည်။

"ဘာဖြစ်နေတာလဲ ဝဿန်ကလည်း၊ လာလေ. . . စားရအောင်"

ဖက်ဖူးက စားရန်ခေါ်လျှင် သူ့မှာ အခက်တွေ့သွားရတော့သည်။ ဖက်ဖူးကတော့ မြိန်ရေရှက်ရေနှင့် စားနေသည်။

သူ စားသောက်စရာများကို ကြည့်ကာ မျက်တောင်နှစ်ချက်သုံးချက် ပုတ်ခတ်မိသည်။

အဲ့ဒီအခါကျမှ. . .

ကြက်ပေါင်ကြော်နှင့် အချိုရည်များကို ပြန်မြင်ရလေတော့သည်။ သူ ဖက်ဖူးကို အားနာစိတ်နှင့် ကြိုးစား,စားကြည့်ရန် လက်လှမ်းမိသည်။

ပါးစပ်ထဲ ထည့်ရန် ပြင်လိုက်သည်နှင့် နှာခေါင်းထဲ ထောင်းခနဲ တိုးဝင်လာသော ပုပ်အဲ့နံဟောင်သည့် ညှီနံ့ကြီးကြောင့်. . .

"အုႉ. . ."

ခနဲ ဖြစ်ကာ လည်ချောင်းတစ်လျှောက် ပျို့တက် အော်ဂလီဆန်သွားရသည်။

"ဘာဖြစ်တာလဲ ဝဿန်ရယ်"

ဖက်ဖူး အလိုမကျဟန်နှင့် လှည့်ကြည့်သည်။

"ဂျူ့စ် သောက်လိုက်လေ"

သူ ဖက်ဖူးစကားအတိုင်း အချိုရည်ကို အမြန်ငုံ့စုပ်လိုက်သည်။ ညှီတီတီအနံ့ကြီးနှင့် စေးထန်းပျစ်ခဲသော အချိုရည်တွေကို သူ့လျှာက လက်မခံနိုင်။

"ဖွီး. . ."





သူ ချက်ချင်းထွေးထုတ်လိုက်မိပြီး ရေချိုးခန်းထဲ အမြန်ပြေးဝင်မိသည်။

"ဝေါ့. . ."

အော်ဂလီဆန်လှသည့် ဝေဒနာဆိုးကို မထိန်းချုပ်နိုင်တော့ဘဲ သူ ထိုးအန်လိုက်မိတော့သည်။

ဒီလောက် ညှီစော်နံနေသည့် အစားအသောက်တွေကို ဖက်ဖူး ဘယ်လိုများ မြိန်ရေရှက်ရေ စားသောက်နေနိုင်သလဲဆိုတာ သူ စဉ်းစားမရတော့ပြီ။

ထိုစဉ်. . မေးစရာတစ်ခု ခေါင်းထဲဝင်လာသဖြင့်. . .

"ဖက်ဖူး ကိုယ်တို့ရင်သွေးလေး ဘယ်နှလရှိပြီလဲဟင်"

"အဲ့. . . အဲ့ဒီအကြောင်း မမေးပါနဲ့ ဝဿန်ရယ်"

ဖက်ဖူး နှုတ်ခမ်းကို ကိုက်ကာ အဝေးကို ငေးနေသည်။

"ပြောပြပါ ဖက်ဖူးရယ်၊ ကိုယ့်ရင်သွေးလေး ဖက်ဖူးဗိုက်ထဲမှာ ကျန်းမာတယ်မလား၊ ဘာတွေထူးခြားလဲ ကိုယ်သိချင်လို့ပါ"

ဝဿန့် ရင်ထဲ တလှပ်လှပ် ခါကာ မရအရ မေးနေမိသည်။

ဖက်ဖူး မျက်နှာကို ငုံ့ကာ ဆံပင်တွေနှင့် ကွယ်လိုက်ပြီး. . .

"ကလေး. . မရှိတော့ဘူး"

တိုးသဲ့သော်လည်း သူ့နားထဲ ကျယ်လောင်စွာ မြည်ဟည်းသွားသည်။

သူ့နားကို သူ မယုံကြည်နိုင်။

ဝုန်းခနဲ ထရပ်လိုက်မိရင်း မယုံနိုင်စွာ ထပ်မေးမိသည်။

"ဘယ်. . . ဘယ်လို ဖက်ဖူး. . . ဘာပြောလိုက်တယ်"

"ဖက်ဖူး အရမ်းကို ခံစားရပါတယ်၊ အရမ်းလည်း ယူကျုံးမရ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရပါတယ်. . . ဖက်ဖူး သိပ်ကို မျှော်လင့်ခဲ့တာပါ. . .

ဒါပေမယ့် တို့နဲ့ပဲ မထိုက်တန်လို့လား၊ ကံပဲ မစပ်လို့လား မသိဘူး. . . သူ တို့ဆီက စောစောစီးစီး ထွက်ခွာသွားတာ"

ဝဿန် မျက်လုံးကို စုံမှိတ်လျက် တောက်တစ်ချက် နာနာကြည်းကြည်း ခေါက်လိုက်မိသည်။

မထိုက်တန်လို့လည်း မဟုတ်ဘူး၊

ကံမစပ်လို့လည်း မဟုတ်ဘူး၊

ဘာကိုမှ အပြစ်လွှဲမချနဲ့၊

မင်း အသုံးမကျလို့ ဖြစ်တာ။

ဝဿန် နှုတ်ခမ်းများ ဖွင့်ကာ မပြောဖြစ်သော်လည်း. . .

စိတ်ထဲကတော့ ခါးခါးသီးသီး ပြစ်တင်စွပ်စွဲလိုက်မိသည်။

သူ့ရဲ့ရင်သွေးလေး ဖက်ဖူးဆီမှာ မရှိတော့ဘူးဟု သိလိုက်ရသည်နှင့်. . . ဝဿန့်၏ ပါးပြင်ပေါ်မှာ မျက်ရည်ပူများ စီးကျလာလေတော့သည်။





# အခန်း (၈)



နောက်တစ်နေ့ မနက်. . ဖက်ဖူးမရှိတော့ပြန်သဖြင့်. . ဝဿန် မြကြေးမုံတို့ဆိုင်ကို ဆင်းခဲ့သည်။

"ဘာစားမလဲ အစ်ကို!"

မြကြေးမုံက ချိုကြည်လန်းဆန်းသော မျက်နှာကလေးကို ပြုံးပြလျက် မေးသည်။

"ထမင်းပဲ စားတော့မယ်"

"မြန်မာဟင်းတွေတော့ မရှိဘူး အစ်ကို၊ ထမင်းကြော်ဖြစ်ဖြစ် ထမင်းပေါင်းဖြစ်ဖြစ် စားမလား၊ မြကြေး လုပ်ပေးမယ်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ထမင်းကြော်ပဲ စားတော့မယ်"

"အိုကေ. . . ဝက်နဲ့ပဲ မဟုတ်လား!"

"အင်း. . ."

"ရမယ်. . . ရှယ်ကြော်ပေးမယ်"

ကောင်မလေး မီးဖိုခန်းထဲ ပြေးဝင်ဖို့ ပြင်သည်။

"ဟော့. . . ဟော့. . . ခဏလေး"

သူ ကမန်းကတန်း တားလိုက်ရသည်။

"ဘာလဲ အစ်ကိုရဲ့. . . ဘာမှာဦးမလို့လဲ!"

"ဟိုလေ. . . ဆိုင်မှာ မစားတော့ဘူး၊ ကိုယ်နေတဲ့အခန်းကို ယူသွားမယ်. . . ဖြစ်မလား!"

"လာပို့ပေးရမလား အစ်ကို"

"ရတယ်. . အစ်ကိုပဲစောင့်ယူသွားလိုက်မယ်"

သူ ထမင်းကြော်ပန်းကန်နှင့် ဟင်းချိုပန်းကန်လုံး တင်ထားသည့် လင်ဗန်းလေးကိုင်ကာ အဆောင်ပေါ် ပြန်တက်လာခဲ့သည်။

ဖက်ဖူးလည်းမရှိသည်မို့ သူတစ်ယောက်ထဲ အခန်းထဲမှာ အေးအေးဆေးဆေး စားမည်လေ။

ဖက်ဖူးပြန်လာရင် ယူလာမည့် အော်ဂလီဆန်စရာ ကောင်းလှသည့် အစားအသောက်တွေကို ရှောင်တိမ်းနိုင်အောင် သူ အရင်ကြိုစားထားနှင့်မှ ဖြစ်မည်။

အစပ်အဟပ်တည့်ကာ မွှေးကြိုင်လှသော မြကြေးမုံရဲ့လက်ရာ ထမင်းကြော်ကို ဗိုက်တင်းအောင် စားပြီးချိန်မှာတော့ ထမင်းဆိပ်တက်ကာ သူ့အိပ်ရာထဲ လဲလျောင်းရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့မိသည်။





"ခွမ်း!. . ."

ခနဲ ပန်းကန်ကွဲသံ ကြားလိုက်ရတော့မှ သူ အလန့်တကြား နိုးလာခဲ့သည်။

ဝသန် ချက်ချင်း မျက်လုံးဖွင့်ကြည့်လိုက်သည်။

ကြမ်းပြင်ပေါ်မှာ သူ ထမင်းကြော် စားခဲ့သည့်ပန်းကန်က အစိတ်အစိတ် အမွှာမွှာ ကွဲကြေနေကြသည်။

သူ တအံ့တသြ ဖြစ်သွားရသည်။

ဒီပန်းကန်က ဘယ်လိုကြောင့်များ ကွဲရတာလဲ။

ဝသန် အရမ်းကို အံ့အားသင့်ကာ ချက်ချင်း ငုတ်တုတ်ထ ထိုင်လိုက်မိသည်။

ထိုစဉ်. . .

သူ့ဘဝ တစ်သက်တာမှာ တစ်ခါမှ မမြင်မတွေ့ဖူးသော ဆန်းကြယ်လှသည့် မြင်ကွင်းတစ်ခုကို ထိတ်လန့်အံ့သြဖွယ်ရာ မျက်ဝါးထင်ထင် မြင်လိုက်ရသည်။

ဟင်းချိုပန်းကန်လုံးသည် စားပွဲပေါ်မှနေ လေထဲ မြောက်တက်သွားကာ တစ်စုံတစ်ယောက်က ကိုင်ပြီး ရိုက်ခွဲချလိုက်သလို ကြမ်းပြင်ပေါ် ခွမ်းခနဲ ကျကွဲကာ ဟင်းချိုရည်အကျန်များမှာ စိုရွှဲကုန်တော့သည်။

မြတ်စွာဘုရား။ ဒါ. . . ဒါ. . . ဘယ်လိုဖြစ်ရတာလဲ။

ဆံပင်ညှပ်ဆိုင်မှ မိန်းမကြီးများ ပြောသောစကားကို သူ့နားထဲ ပြန်ကြားယောင်လာခဲ့မိသည်။

ဟော့ဒီအခန်းနံပါတ်ဆယ့်ခြောက်က သရဲခြောက်သတဲ့။

ဝသန် ကြက်သီးများ တဖြန်းဖြန်း ထသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ခု သူ. . . သူ့ကို သရဲခြောက်နေတာလား။

သူ အထိတ်တလန့် ကြည့်နေမိဆဲမှာပင်. . ကြက်သွန်ချဉ် ပန်းကန်ပြားလေးသည်လည်း လေထဲ မြောက်တက်သွားပြီး ခွမ်းခနဲ ကျကွဲပြန်လေသည်။

ဝသန် ဆတ်ခနဲ တုန်သွားရသည်။

သေချာပြီ။ သူ့ကို သရဲခြောက်နေပြီ။

ဖက်ဖူးကလည်း ပြန်မလာသေး။

အပြင်မှာ မှောင်စပျိုးနေပြီ၊ ဒီအခန်းမှာ သရဲခြောက်တတ် တာကို ဖက်ဖူးက သူ့ကို တစ်ခါမှ မပြောပြဖူး။

သူ နေရတာ ကျောမလုံတော့သလို ဟိုကြည့်သည်ကြည့် လုပ်နေမိဆဲ. . . ဖက်ဖူးရဲ့ပိတ်စဗီရိုမှာ မသိမသာ လှုပ်နေသည်ကို တွေ့လိုက်ရသည်။

"ဟင်. . ."

ဘုရား. . . ဘုရား

သူ မျက်လုံးများ မှားရော့သလား။

အသေအချာ စိုက်ကြည့်လိုက်မိသည်။

စိုက်ကြည့်နေမိဆဲမှာပဲ ဗီရိုမှာ တစ်စထက်တစ်စ ပိုပြီးလှုပ် လာသည်။ သူ ကြောင်ပြီးကြည့်နေမိသည်။

ထို့နောက်. . .

ဝုန်းခနဲ လဲပြိုသံကြီးနှင့်အတူ. . .

စောင်နှင့် ပတ်ထားသော အရာဝတ္ထုတစ်ခုမှာ ပိတ်စဗီရိုထဲ မှ သူ့နံဘေးသို့ ကျလာခဲ့သည်။

သူ ကြက်သီးများ တဖြန်းဖြန်း ထသွားရသည်။





ခေါင်းနားပန်းလည်း ကြီးသွားသည်။

ဘာကြီးပါလိမ့်။

ကြောက်လန့်တကြား ကြည့်လိုက်မိလျှင်. . .

စောင်သည်ပြေလျော့သွားပြီး အထဲမှအရာမှာ အလောင်း တစ်လောင်း ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

"အား. . ."

သူ မျက်လုံးများကို ကျပ်နေအောင် မှိတ်ကာ အသံကုန် အော်လိုက်မိသည်။

ရင်ထဲ၌ တဒိန်းဒိန်း ခုန်နေသည်။

အိပ်ရာခင်းကို ကြောက်လန့်တကြား ဆုပ်ဆွဲရင်းက နံဘေး က အလောင်းကြီးကို မလုံမလဲ မျက်လုံးဖွင့်ကြည့်လိုက်မိလျှင်. . .

"ဟင်!. . ."

သူ့မျက်လုံးများကို မယုံနိုင်အောင် အံ့ဩထိတ်လန့်သွားရ သည်။ စောင်ကြီးထဲမှ တိုးထွက်လာသောသူမှာ. . .

မျက်ကွင်းမည်းမည်းကြီးများကြားမှ ရဲရဲတောက် ပြူးထွက် နေသော မျက်လုံးကြီးများနှင့် သူ့ကို ကျောချမ်းဖွယ်ရာ စိုက်ကြည့် လျက်။

ခန္ဓာကိုယ်တစ်ခုလုံး အရိုးနှင့်အရေသာရှိသော ပြာဟောက် အေးစက်နေသည့်. . .

သူ့ချစ်သူ ဖက်ဖူးစိမ်းပဲ ဖြစ်နေလေသည်။

"ဖက်ဖူး. . . အား"

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



"အား. . ."

ဝသန် ဇောချွေးများ ပြန်ကာ. . အိပ်မက်ဆိုးမှလန့်နိုးလာခဲ့သည်။

ဘေးသို့ ကြည့်လိုက်သောအခါ သူ့အား စိုက်ကြည့်နေသာ ဖက်ဖူးကို တွေ့ရသည်။

အိပ်မက်ထဲကလို ကြောက်စရာကောင်း သောမျက်နှာနှင့် မဟုတ်တော့။

"ဝသန်. . . ဘာတွေဖြစ်နေတာလဲ!"

"အိပ်မက်ဆိုးမက်ပြီး လန့်နိုးလာတာ"

ထိုအခါ ဖက်ဖူးမှ ပြုံး၍. . .

"ဘာတွေမက်လို့လဲ အိပ်မက်ထဲမှာ သရဲအခြောက်ခံရလို့လား!"

"မဟုတ်ပါဘူး. . အောက်ထပ်မှာ ခေါင်းသွားလျှော်တော့





အဲဒီက အမျိုးသမီးကြီးတွေက ဒီအခန်းမှာ သရဲခြောက်တယ်လို့ ပြောလိုက်လို့ စိတ်စွဲပြီး မက်တာဖြစ်မယ် ဖက်ဖူးရဲ့"

ဖက်ဖူး မျက်မှောင်ကြုတ်ကာ စကားလမ်းကြောင်းလွှဲလိုက်သည်။

"ဝသန့်အတွက် အင်္ကျီတစ်စုံ ဝယ်လာတယ်၊ အဝတ်လဲလိုက်ဦးနော်"

ပြောကာ ဖက်ဖူး. . ဝသန့်ဘေးမှ လှည့်ထွက်သွားသောကြောင့်. . .

"ဖက်ဖူး. . . ဘယ်သွားမလို့လဲ!"

"ညဘက် စားဖို့အတွက် တစ်ခုခု သွားဝယ်မလို့၊ သိပ်မကြာပါဘူး"

ဝသန်မှာ ဖက်ဖူး ဝယ်လာသောအင်္ကျီကလေးကို ကြည့်ကာ ကျန်ခဲ့တော့သည်။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အဆောင်အောက်ရှိ ဆံပင်ညှပ်ဆိုင်ထဲတွင်. . .

"လင်းလင်းရယ်. . . ငါတို့တော့ ဒီက ပြောင်းရင် ကောင်းမယ်နဲ့တူတယ်"

"ဟုတ်တယ်ဟာ. . . ဒီမှာရှိတဲ့လူအတော်တော်များများလည်း ကြောက်လန့်ပြီး ပြောင်းပြေးကုန်ကြလို့ ငါတို့ဆီမှာ ခေါင်းလာလျှော်မယ့်သူလည်း မရှိတော့ဘူးဟယ် မိတုတ်ရယ်"

"ဒုန်း!. . . ဒုန်း!"

ညဘက် တံခါးခေါက်သံ ကြားလိုက်ရသဖြင့်. . .

"ဟဲ့!. . . လင်းလင်း ကြားလား၊ ခေါင်းလျှော်မယ့်သူလားမသိဘူး၊ သွားဖွင့်ပေးလိုက်ပါဦး"

လင်းလင်းဆိုသော အမျိုးသမီး တံခါးဖွင့်လိုက်လေရာ. . .

"ဟင်!. . . ဘယ်သူမှလည်း မရှိဘူး"

တံခါးပိတ်ပြီး ဆိုင်ထဲ ပြန်ဝင်လိုက်သည်နှင့် ဆံပင်ညှပ်သော





ခုံတွင် ထိုင်နေသည့် သရဲမ ဖက်ဖူးကို တွေ့လိုက်ရသည်။

"ဆံပင်ညှပ်ချင်လို့"

"အား. . . အား"

နှစ်ယောက်သား တစ်ချိုးထဲ ဆိုင်ထဲမှ ပြေးထွက်သွားကြလေတော့သည်။

"ဟင်းဟင်း. . . ဝသန်ကို ရှောက်ပြောချင်ဦး"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဝသန် ပိတ်စဇီရိုရှေ့ရပ်ကာ ဖက်ဖူး ဝယ်လာသော အကျီကလေးကို ဝတ်ကြည့်နေရင်း. . စိတ်ထဲ မသိုးမသန့် ဖြစ်လာကာ. . ပိတ်စဇီရိုကို ဖွင့်ကြည့်လိုက်ရာ. . .

စောင်နှင့် ပတ်ထားသော အရာဝတ္ထုတစ်ခုမှာ ပိတ်စဇီရိုထဲမှ သူ့နံဘေးသို့ ဝုန်းခနဲ ပြုတ်ကျလာခဲ့သည်။

ဝသန် ကြက်သီးများ တဖြန်းဖြန်း ထသွားပြီး ကြောက်လန့်တကြား ကြည့်လိုက်မိလျှင်. . အိပ်မက်ထဲကအတိုင်းပင် စောင်သည် ပြေလျော့သွားပြီး အထဲမှအရာမှာ. . .

"အ. . အ. . . ဖက်. . ဖူး. . "

သူ လေသံသဲ့သဲ့သာ ထွက်နိုင်ပြီး. .

အံ့သြထိတ်လန့်လွန်းစွာ ပျော့ခွေလဲပြို သွားရလေတော့သည်။

ထို့နောက်. . . သူ ဘာကိုမှ မသိတော့ချေ။





ဝသန် သတိပြန်ရရချင်း မြင်တွေ့လိုက်ရသည်မှာ. . .

စူးရဲစွာ စိုက်ကြည့်နေသော မျက်လုံးရဲရဲကြီးများပဲ ဖြစ်သည်။ သူ့နံဘေးမှာ ပုဆစ်တုပ်ထိုင်လျက် သူ့မျက်နှာကို စိုက်ကြည့်နေသော ဖက်ဖူးစိမ်း။

သူမ၏ ကြောက်စရာ သရဲမပုံစံနှင့်. . .

"ဟင်. . . မင်း. . . မင်း"

သူ ထိတ်လန့်တကြားနှင့် ထဖို့ ကြိုးစားလိုက်သည်။

သို့သော်. . .

သူ နောက်ကျသွားပေပြီ။

သူ တစ်ကိုယ်လုံး ဘယ်လိုမှ ရုန်းထလို့ မရတော့။

သူ့လက်နှစ်ဖက်ကို ခုတင်တိုင်မှာ တင်းတင်းချည်ထားတာ သိလိုက်ရသည်။

"ဒါ ကျွန်မရဲ့ဘဝမှန်ပါပဲ"

ဖက်ဖူးစိမ်းဆီမှ စကားသံကို စတင်ကြားလိုက်ရသည်။

ကြက်သီးများ သူ့တစ်ကိုယ်လုံး စုန်ဆန်ထသွား၏။

"ဘယ်လိုလဲ. . . ရှင် ကျွန်မကို မကြည့်ဖြူတော့ဘူး မဟုတ်လား၊ လက်မခံနိုင်တော့ဘူး မဟုတ်လား"

"ငါ. . . ငါ"

သူ စကားတို့ ထစ်ငေါ့တစ်ဆို့လျက်က မပြောနိုင်။

"ကျွန်မ သိပါတယ်၊ ကျွန်မရဲ့ဘဝမှန်ကို သိလိုက်ရပြီးတာနဲ့ ရှင် ကျွန်မကို ထားခဲ့မှာပါ. . . ဘယ်တော့မှ မခွဲသွားတော့ဘူးဆိုတဲ့ ကတိစကားကို ဖောက်ဖျက်ပြီး ရှင် ကျွန်မကို ထားခဲ့မှာပါ. . .

ရှင်က အသက်ရှိတဲ့ ဖက်ဖူးစိမ်းကိုသာ လိုချင်တာပါ. . .၊



www.burmeseclassic.com

www.burmeseclassic.com



အသက်မဲ့တဲ့ ဖက်ဖူးစိမ်းကို ရှင် မလိုချင်ဘူး မဟုတ်လား"

ခြောက်ကပ်အေးစက်သော အသံက သူ့အသည်းကို တ ထိတ်ထိတ် ဖြစ်နေလေသည်။

ကြိုးတုပ်ထားခြင်း ခံရသည့် သူ့လက်များမှာ ကြောက်စိတ် ဖြင့် တဆတ်ဆတ် တုန်နေမိသည်။

သူဟာ နာနာဘာဝတစ်ကောင်နဲ့ အတူနေခဲ့တာပဲ။

အတွေးဉ်ပင် သူ့စိတ်ထဲ ချမ်းစိမ့်တက်သွားရသည်။

"ရှင် ကျွန်မကို ထားခဲ့မှာပါ၊ ဟုတ်တယ် မဟုတ်လား!"

"မင်း. . . မင်းနဲ့ငါက ဘဝချင်းခြား"

ကြောက်လန့်တုန်ခိုက်စွာ ပြောလိုက်မိသော သူ့စကားကို သူမက အဆုံးထိ ပြောခွင့်မပေးပါ။

"မရဘူး. . ကျွန်မ ရှင်နဲ့ မခွဲနိုင်ဘူး၊ ကျွန်မ ရှင်နဲ့ ဒီအခန်း ကလေးထဲမှာ အမြဲအတူတူနေချင်တယ်"

"မ. . . မဖြစ်နိုင်ဘူးလေ၊ မင်းနဲ့ငါက ဘဝချင်းမှ မတူတာ"

သူမက ခေါင်းကို မော့လှန်ကာ 'ဟာ. . .'ခနဲ တစ်ချက် ရယ်ချလိုက်သည်။ ရှတ,ခြောက်ကပ်သော ရယ်သံကြီးကြောင့် သူ ကျောထဲ စိမ့်သွားရသည်။

"ရှင်က ခုချိန်ထိတောင် ကိုယ့်အခြေအနေကိုယ် မသိသေး တဲ့သူတစ်ယောက်ပါလား. . .

ဟုတ်ပြီ. . . ရှင်နဲ့ကျွန်မ ဘဝချင်း မတူဘူးဆိုရင်. . ."

သူမက ကြောက်မက်ဖွယ်ရာ ပြာနှမ်းနှမ်း မျက်နှာကြီးကို သူနှင့် နီးကပ်အောင် ငုံ့ငိုက်ချလိုက်ကာ. . .

"ဘဝချင်းတူအောင်. . လုပ်. . ပေး. . ရ. . မှာ. . ပေါ့"





"ဘာ!. . ."

ဝဿန် ကြောက်လန့်တကြား အော်လျက် သွေးရူးသွေး တန်း ရုန်းထလိုက်မိသည်။

အဓိပ္ပါယ်မရှိဘူး။

နာနာဘာဝတစ်ကောင်နဲ့ အတူနေဖို့အတွက် သူ့အသက် သူ့ဘဝကို အဆုံးရှုံးခံရမှာလား၊ စတေးရမှာလား၊ စွန့်ခွာရမှာလား။

ဒါ လုံးဝမဖြစ်သင့်တဲ့ကိစ္စပဲ။

"ပြီးတော့ ရှင့်ခြေလှမ်းတွေက မြကြေးမုံဆိုတဲ့ သွက်သွက် လက်လက် ဖျတ်ဖျတ်လတ်လတ် ကောင်မလေးတစ်ယောက်ဆီ ဦးတည်နေတယ်ဆိုတာလည်း ကျွန်မ သိတယ်လေ"

"ဟင့်အင်း. . ဟင့်အင်း. . မဟုတ်ဘူး၊ မြကြေးမုံနဲ့ငါက ရိုးရိုးသားသား"

"မကြာခင် ဆန်းဆန်းပြားပြား ဖြစ်လာတော့မှာ ကျွန်မ သိပါ တယ်"

ဒီအချိန်မှာ ဖက်ဖူးတစ်ယောက် သူ့အပေါ် သဝန်တိုနေမှု ကိုတော့ ယခင်လို မကြည်နူးနိုင်တော့ပြီ။

"ဒီတော့. . . ရှင် ကျွန်မဆီက ဘယ်မှထွက်သွားလို့ မရ အောင်. . ပြီးတော့ ကျွန်မနဲ့ ဘဝချင်း တူသွားအောင်. . ."

သူမက စကားကို ဆုံးအောင် မပြောဘဲ ချောက်ချားဖွယ်ရာ တဟားဟား ရယ်မောလိုက်ပြီး. . .

လက်သည်းရှည်ကြီးများဖြင့်. . . ဝဿန့် တစ်ကိုယ်လုံးကို ကုတ်ခြစ်လေရာ သွေးများနေရာအနှံ့ စီးကျလာလေတော့သည်။

"အား. . . မလုပ်နဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



သူ သွေးရူးသွေးတန်း အားကုန်ရှုန်းနေမိသည်။

ထိုစဉ်. . .

"အစ်ကိုရေ ပန်းကန်လာသိမ်းတာ. . ကိုဝဿန်. . ဘယ်အခန်းမှာလည်း. ."

ဝရန်တာမှ အော်လိုက်သော မြကြေးမုံအသံကို သူတို့ ကြားလိုက်ရသည်။

မြကြေးမုံမှာ ဝဿန်နှင့် စကားပြောချင်သဖြင့် အကြောင်းရှာကာ တက်လာခြင်းဖြစ်သည်။ သို့သော် ဝဿန် မည်သည့်အခန်းတွင်ရှိသည်ကို မသိ။ သရဲခြောက်သည့် အခန်းတွင် ဝဿန် နေသည်ကို လုံးဝထင်ထားပုံမရပေ။

မြကြေးမုံ ဖက်ဖူးစိမ်းနေသော အစွန်ဆုံးအခန်းကိုလည်း ကြောက်သဖြင့် ခပ်လှမ်းလှမ်းမှ တစ်ခြားအခန်းများဆီ အသံပြုနေခြင်းဖြစ်သည်။

"ဟင်းဟင်း. . . ကျွန်မပြောတယ်မလား ဆန်းဆန်းပြားပြားဖြစ်တော့မှာပါဆို. . ကဲပါလေ နောက်ဆုံးအနေနဲ့ ရှင့်ကောင်မလေးကို သွားနှုတ်ဆက်လိုက်ပါဦး"

ဖက်ဖူးစိမ်း ခနဲ့တဲ့တဲ့ ပြောရင်း ကြိုးများကို ဖြည်ပေးလိုက်သည်။

ဝဿန်မှာ ဒဏ်ရာများကြောင့် မတ်တပ်မရပ်နိုင်တော့ပေ။

မြကြေးမုံ၏အသံ ကြားလိုက်ရသောကြောင့် ထိတ်ခနဲ မျှော်လင့်ချက်ကလေးဖြင့် ဝဿန် ဝမ်းသာသွားခဲ့ရသည်။ ထို့ကြောင့် တရွတ်ဆွဲကာ တံခါးဆီသို့ တွားသွားနေလေတော့သည်။

ဖက်ဖူးစိမ်း စူးရဲနီတောက်သော မျက်လုံးများဖြင့် တံခါးကို





လှမ်းကြည့်လိုက်လျှင်. . လူတစ်ယောက်က ဖွင့်ပေးလိုက်သလို အလိုအလျောက် တံခါးပွင့်သွားခဲ့လေသည်။

"ဝုန်း!"

"အံမယ်လေး. . ."

သူမကြောက်သည့်အခန်းမှတံခါး ဝုန်းခနဲ ပွင့်လာသဖြင့် မြကြေးမုံမှာ မျက်နှာပြင်၌ သွေးဆုတ်သလို ဖြူရော်သွားရလျက် ရင်ထဲဒိန်းခနဲ ဖြစ်သွားရသည်။

"မြ. . . မြကြေး. . . အစ်ကို့ကို ကယ်ပါ၊ အစ်. . . အစ်ကိုကို. . လာ. . . လာကယ်"

ပွင့်သွားသော တံခါးမှာ ခက်ခက်ခဲခဲ တွားထွက်လာသော သွေးတွေရွှဲနေသော ဝဿန်ကိုတွေ့လိုက်ရလျှင် သူမကြောင်အမ်းပြီး ရပ်နေမိသည်။

ထို့နောက်. . .

ဝဿန့်နောက်ဘက်ဆီမှ ပြာဟောက်ဟောက် ဖက်ဖူးစိမ်းအခန်းထဲမှလိုက်ထွက်လာသည်ကို မြကြေးမုံ တွေ့လိုက်ရသောအခါ မျက်နှာကို လက်ဝါးဖြင့် ကြောက်လန့်တကြား အုပ်ပြီး. . .

"အား. . ."

အာခေါင်ခြစ်အော်ကာ လှည့်ပြေးသွားလေတော့သည်။

မြကြေးမုံ ထွက်သွားလျှင် ဝဿန်မှာ မျှော်လင့်ချက် ဆုံးရှုံးသွားရသလို ယောက်ျားတန်မဲ့ ငိုကြွေးမိတော့သည်။

ဘဝရဲ့နောက်ဆုံးအချိန်မှာ ကျမိသော ယောကျ်ားမျက်ရည်ကို နာနာဘာဝ ဖက်ဖူးစိမ်းက လှောင်သလို ကြည့်ကာ တဟားဟားအော်ရယ်လျက်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ဟား. . ဟား. . ဟား. . ဝဿန်ရယ်၊ မလောက်လေး မလောက်စား ချာတိတ်မလေးကိုများ အားကိုးတကြီး အကူအညီတောင်းရတယ်လို့. . . ဘယ်သူ့ဆီကမှ အကူအညီတောင်းဖို့ မစဉ်းစားနဲ့. . .

ရှင် ကျွန်မလက်ထဲက ဘယ်နည်းနဲ့မှ မလွတ်နိုင်တော့ဘူး အခု ရှင်ဟာ နောက်ဆုံးအချိန် ရောက်နေပြီ. . . စိတ်လျှော့လိုက်ပါတော့ ဝဿန်ရယ်. . .

ရှင်သာ နည်းနည်းလောက် စိတ်လျှော့လိုက်ရင် ရှင်နဲ့ ကျွန်မဟာ ဘဝချင်း တူသွားပါပြီနော်၊ စိတ်လျှော့လိုက်ပါတော့. . . ဟား. . . ဟား. . ဟား"

မိစ္ဆာမ။

အသုံးမကျတဲ့ တစ္ဆေမ။

သူ မုန်းတီးစက်ဆုပ်စွာ ဆဲရေးလိုက်မိသည်။

မလျှော့ဘူး။

ဘယ်တော့မှ စိတ်မလျှော့ဘူး။

ငါ နင့်လို နာနာဘာဝနဲ့ ဘယ်တော့မှ ဘဝချင်း မတူစေရဘူး။







# အခန်း (၉)

ဒေါ်သူဇာနှောင်း ရင်ဘတ်ကို ဖိလျက် ကြားရသောကိုယ့်နားပင် မယုံနိုင်သလို ပြန်မေးလိုက်မိသည်။

"ဘုရား. . . ဘုရား. . . ညည်းပြောတာတွေ ဟုတ်ရောဟုတ်ရဲ့လား မြကြေးမုံရယ်"

"အန်တီရယ်. . . ကျွန်မ မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာပါ၊ အဲ. . အဲ့ဒီအစ်ကိုမှာလေ သွေးတွေဆိုတာ မြင်လို့မကောင်းဘူး. . ပြီး. . . ပြီးတော့လေ. . . အေးမှာ ဟို. . ဟို ဖက်ဖူးစိမ်းသရဲမက မျက်လုံးကြီးတွေကလည်း နီရဲ ဝင်းတောက်နေတာပဲ. . . အံမယ်လေး. . ကြောက်စရာကြီး၊ ကြောက်. . ကြောက်

www.burmeseclassic.com



တယ်”

သွေးပျက်ကြောက်လန့်စရာမြင်ကွင်းကို မြင်လိုက်ရသော မြကြေးမုံတစ်ယောက် ပြောနေရင်းမှ စိတ်ဖောက်ပြန်သွားသလို မျက်လုံးများ ချာချာလည်ကာ ပြေးထွက်သွားပြန်လေသည်။

ရင်တုန်ပန်းတုန်လျက် စိတ်ချောက်ချားစွာ ကျန်ရစ်ခဲ့ရသူမှာ ဒေါ်သူဇာနွေှာင်း။

“ကို. . . ကိုဇေယျာ ဘယ်လိုလုပ်မလဲ၊ ဘယ်လိုလုပ်ကြမလဲဟင်၊ ကျွန်မ အဆောင်တော့ ဒုက္ခဖြစ်ရပါပြီ၊

ကိုဇေယျာ ဒီတစ္ဆေမ နောက်ထပ် လူထပ်သတ်နေရင် ဘယ်လိုလုပ်မလဲ. . . အလောင်းကလည်း သယ်လို့မရ၊ အခုထပ်ပြီး လူသေရင် သရဲတစ်ကောင် ထပ်တိုးလာဦးမယ်. . . လုပ်ပါဦးရှင့်”

ဒေါ်သူဇာနွေှာင်း တုန်လှုပ်ချောက်ချားစွာ ယောက်ျားဖြစ်သူကိုသာ တတွတ်တွတ်အပူကပ်နေမိသည်။

ဦးဇေယျာအောင် တစ်ချက်စဉ်းစားကာ. . .

“နေဦး. . . မြို့စွန်မှာတော့ နာမည်ကြီးဆရာတစ်ယောက် ရှိတယ်လို့ ငါအသိပြောတယ်. . . သွားကြည့်ကြမလား!”

“အို. . . မေးမနေနဲ့၊ လာ. . . အခု သွားမယ်၊ ကျွန်မတို့ဘက်က လက်ဦးမှုဖြစ်မယ် ကိုဇေယျာ. . ထ. . သွားမယ်”

ဒေါ်သူဇာနွေှာင်း နောက်ဆုံးအားကိုးရာဆီ ပြေးရန်. . ယောက်ျားဖြစ်သူကို အပူတပြင်း ဆွဲခေါ်သည်။

ကြောက်စိတ်က ထိန်းမရအောင် ဆူပွက်နေပြီလေ။





လာပါပြီ။

ဆရာနှစ်ယောက်တိတိ အရှုံးပေး ထွက်ပြေးသွားခဲ့ရသော တစ္ဆေကို နှိပ်ကွပ်နှင်ထုတ်ရန် လိုက်လာခဲ့သော ဆရာကြီး ဦးပါဠိ၊ ညတွင်းချင်း ချက်ချင်းထလိုက်လာခဲ့ခြင်းဖြစ်သည်။

ငွေရောင်ဆံပင်တို့ကို ခန့်ညားသေသပ်စွာ သျှောင်တစောင်း ထုံးထားသည်။

ဖြူဖွေးသော မျက်ခုံးမွေးနှင့် မုတ်ဆိတ်မွေးတို့ကလည်း ဆရာကြီး၏ခန့်ညားသော ဥပဓိရုပ်ကို ပိုမိုပေါ်လွင်ထင်ရှားစေသည်။

ရင်ဖုံးတိုက်ပုံပွပွ၊ ရှမ်းဘောင်းဘီရှည်နှင့် နဂါးခေါင်း တောင်ဝှေးတို့က ခန့်ညားသော သမားတစ်ယောက်၏ဥပဓိရုပ်နှင့် လိုက်ဖက် အသရေတင့်၍နေသည်။

သိမ်းငှက်တစ်ကောင်လို စူးရှတောက်ပြောင်သော မျက်လုံးအစုံက အရှိန်အဝါ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးတံကြီး ခဲလျက်က အခန်းတံခါးကို စူးရှတောက်ပြောင်နေသော မျက်လုံးအစုံဖြင့် ဆရာကြီး တစ်ချက်စိုက်ကြည့်လိုက်လျှင် တံခါးမှာ အလိုအလျောက် ပွင့်သွားလေသည်။

မှောင်မည်းတိတ်ဆိတ်၍ ချောက်ချားဖွယ်အတိဖြစ်သော အခန်းထဲသို့ ဆရာကြီး သွက်လက်စွာ ဝင်လိုက်သည်။

ဒေါ်သူဇာနွှေခင်း ကုပ်ကုပ်ကလေး လိုက်ဝင်ကာ မီးခလုတ်ကို ဖွင့်သည်။

လင်းထိန်သွားသောအခန်းထဲ၌ သူတို့ ပထမဆုံး မြင်တွေ့လိုက်ရသည်မှာ. . . ဒဏ်ရာဗလပွနှင့် သွေးဆုတ် ဖြူရော်နေသော ဝသန်ကို ဖြစ်သည်။

ခန္ဓာကိုယ်တစ်ခုလုံး မလှုပ်ရှားနိုင်တော့သည့်တိုင် မီးခိုးရောင် သမ်းနေပြီဖြစ်သော မျက်လုံးအစုံကမူ ဟိုသည် ရွေ့လျားလျက် ကလယ်ကလယ်နှင့်။

အသည်းတိတ်စရာ ကောင်းလွန်းလှသော ဝသန့်အဖြစ်ကို မြင်လိုက်ရလျှင် ဒေါ်သူဇာနွှေခင်းမှာ ပါးစပ်အဟောင်းသားနှင့် ရင်ဘတ်ကို ဖိလိုက်မိသည်။

ဆရာကြီးဦးပါဠိကတော့ ဝသန့်ကို တစ်ချက်မျှသာကြည့်လျက် အင်းကွက်များ အပြည့်ချထားသော အနီရောင်ရဲရဲ ဖျင်စတစ်စကို မလှုပ်ရှားနိုင်တော့သော ဝသန့်ခန္ဓာကိုယ်ပေါ် ပစ်တင်လွှမ်းခြုံလိုက်လေသည်။

ဆရာကြီးရဲ့အပြုအမူကြောင့် အားလုံးမှာ အံ့အားသင့်သွားရသည်။

ဝသန်မှာမူ အသံတစ်ချက်မျှ မထွက်နိုင်သော်လည်း





ပိတ်စအောက်၌ ထွန့်ထွန့်လူးနေလေသည်။

"ဆရာကြီး. . . သူ. . . သူ့ကို ဘာဖြစ်လို့"

နားမလည်စွာ မေးလိုက်မိသော ဒေါ်သူဇာနွှေခင်းကို ဆရာကြီးက လက်ကာပြကာ. . .

"သူ့က အသက်ပြန်မရှင်နိုင်တော့ဘူးလေ"

"ရှင်. . ."

ဒေါ်သူဇာနွှေခင်း ပါးစပ်ကို လက်ဝါးဖြင့် အုပ်လိုက်မိတော့သည်။

ဆရာကြီး စူးရဲစွာ စိုက်ကြည့်နေသည်မှာ အနည်းငယ်မျှကြာလျှင် ဖျင်စအောက်က သွေးရူးသွေးတန်း ထွန့်ထွန့်လူးနေသော ဝသန်မှာ တစထက်တစ ငြိမ်သက်သွားလေတော့သည်။

ထို့နောက်. . .

နီရဲနေသော ဖျင်စအောက်မှ လက်သည်းခွံသာသာ လိပ်ပြာဖြူလေးတစ်ကောင် ပျံထွက်သွားသည်ကို တွေ့လိုက်ကြရတော့သည်။

"အင်း. . . အသုံးမကျတော့တဲ့ ခန္ဓာကိုယ်ကြီးထဲကနေ လွတ်မြောက်သွားရပြီပေါ့။ ကဲ. . . တစ်မှုတော့ ပြီးပြီ၊ အင်း. . . နောက်တစ်မှုက"

ဆရာကြီး ဆေးတံခဲလျက်က ခေါင်းတဆတ်ဆတ်ညိတ်သည်။

ထို့နောက်. . .

နဂါးခေါင်းတောင်ဝှေးနှင့် အဝတ်ဗီရိုကို သုံးချက်တိတိ ခေါက်လိုက်လျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



စောင်နှင့် ပတ်ထားသော အလောင်းတစ်လောင်းမှာ ဗီရိုထဲမှ တလိမ့်ခေါက်ကွေး ထွက်ကျလာလျက်. . .

ဆရာ့ရှေ့၌ ဒူးတုပ်လျက် အနေအထားနှင့် ငုတ်တုတ်ထိုင်နေတာ တွေ့လိုက်ကြရလေတော့သည်။

ဆရာကြီး နှုတ်ခမ်းထောင့်စွန်းလေး လွန်ရုံပြုံးလိုက်ပြီး. . .

နဂါးခေါင်း၌ ပတ်ထားသော အင်းစက္ကူချပ်ကို ဆတ်ခနဲဆွဲခွာကာ. . . အလောင်းရဲ့နဖူးတည့်တည့်၌ လက်ဖနောင့်နှင့် ဖိကပ်လိုက်လေတော့သည်။

"အား!"

စူးစူးဝါးဝါးအသံကြီး ပေါ်ထွက်လာလေသည်။

"ကဲ. . . ရပြီ သယ်ခဲ့ကြပေတော့. . . အောက်ရောက်ရင် နင်တို့ Townace နောက်ခန်းပေါ် တစ်ခါတည်းတင်လိုက်"

"ဆရာ. . ဟိုသူငယ်ကော"

"သူ့ကို ဒီတိုင်းအုပ်ထားခဲ့လိုက်. . . ဒီသရဲမအလောင်းကို သုသာန်မှာ မြန်မြန်သင်္ဂြိုဟ်ရမယ်. . ဆရာကြီး နောက်တစ်ခေါက် ပြန်လိုက်လာခဲ့ပေးပါ့မယ်. . ခု. . သရဲမကိစ္စကို အရင်သွားရှင်းစို့"

ဆေးတံကြီး ခဲကာ အောင်မြင်ဝံ့ကြွားသော ခြေလှမ်းကျဲကြီးများဖြင့် ဆရာကြီးဦးပါ၌ အခန်းထဲမှ ထွက်ခွာသွားလေတော့သည်။

၅. ၅. ၅. ၅.





"ကျေးဇူးကြီးပါတယ် ဆရာကြီးရယ်၊ ကျွန်မရဲ့အဆောင်တော့ ဒုက္ခဖြစ်ပါပြီလို့ အဆုံးတွေးထားမိတော့တာ"

ဒေါ်သုဇာနွှောင်း ဆရာကြီးကို ကျေးဇူးအထပ်ထပ် တင်နေမိသည်။ ဆရာကြီးကတော့ ခေါင်းတဆတ်ဆတ် ညိတ်လျက်. . .

"ကျုပ်ရဲ့အင်းတွေက အရမ်းစွမ်းတယ်လေ၊ ဒီထက်မက သောင်းကျန်းတဲ့ တစ္ဆေ၊ သရဲ၊ သဘက်၊ စုန်းကဝေအားလုံးကို ကျုပ်က အင်းချပ်တစ်ချပ်ထဲနဲ့ အနိုင်တိုက်ခဲ့တာချည်းပါပဲ"

"ယုံပါတယ် ဆရာကြီးရယ်၊ ဆရာကြီးပညာက အံ့မခန်းပါပဲ"

ဆရာကြီးနှင့် ဒေါ်သုဇာနွှောင်းမှာ ကားမောင်းနေသော ဦးဇေယျာအောင်ဘေး ရှေ့ခန်းတွင်ထိုင်လျက် စကားကောင်းနေကြသည်။

ကားနောက်ခန်းမှာတော့. . .



www.burmeseclassic.com

www.burmeseclassic.com



ဦးမြဦးတို့သားအဖနှစ်ယောက် အလောင်းနှင့်အတူ ထိုင်နေကြသည်မို့ မျက်နှာတွေက ရှုံ့မဲ့နေကြသည်။

ကျောထဲမှ စိမ့်ချမ်းအောင် ကြောက်ခဲ့ရသော သရဲမှာ. . ခုတော့ နဖူး၌ အင်းချပ်ကပ်ထားသည့်အတိုင်းငုတ်တုတ် မလှုပ်ဘဲ ရှိနေသည်မို့သာ သူတို့ စိတ်သက်သာရာ ရနေမိကြခြင်းပင်။

"စွမ်းလိုက်တဲ့ဆရာနော်. . . အင်းတစ်ချပ်နဲ့ ပွဲသိမ်းလိုက်တာ"

"ဟုတ်ပ. . . အဖေရာ၊ ဆရာရောင်နီတို့ စွမ်းတယ်ဆိုတာ ဘာဟုတ်သေးတုန်းနော်၊ ဒီဆရာကမှ တကယ်စွမ်းတာ"

နောက်ခန်းမှာ သူတို့သားအဖ အလောင်းကြီး ရှိနေသည်ကို မေ့ပျောက်လိုပျောက်ငြား စကားပြောနေကြဆဲ။

ကားက ချိုင့်ထဲ ကျကာ ခုန်လိုက်လေလျှင်. . .

မြထူးမှာ ဟန်ချက်ပျက်ပြီး အလောင်းနှင့် နဖူးချင်း တိုက်မိသွားတော့သည်။

ထိုအခါ. . အလောင်း၏နဖူး၌ ကပ်ထားခဲ့သော အင်းချပ်မှာ ကွာကျသွားခဲ့ပြီး. . ခြေနင်းကြမ်းပြင်ပေါ် လွင့်ကျသွားခဲ့လေသည်။

"ဟင်. . . အင်းချပ်. . အင်းချပ် လွင့်သွားပြီ"

"ဟာ. . . လိုက်ဖမ်း. . လိုက်ဖမ်း"

"လုပ်. . . လုပ်ပါဦး. . . အ. . . အလောင်း"

မြထူးမှာ လက်ညှိုးကြီး ထိုးလျက်က ကြောက်မက်လွန်းစွာ စကားမဆက်နိုင်တော့။

နောက်ခန်းမှအခြေအနေကို ချက်ချင်းမသိကြသေးသော





ရှေ့ခေါင်းခန်းထဲရှိလူများ စကားကောင်းဆဲ. . .

"ဒေါ်သူဇာနှောင်းရယ်. . ဒီတစ္ဆေမလောက်ကတော့ ကျုပ်အတွက် အသေးအမွှားပါ။ ကျုပ်ရဲ့အင်းချပ် သူ့နဖူးပေါ်က ကွာမကျမချင်းကတော့. . ကျုပ် လက်ညှိုးညွှန်ပြီး စေလိုရာ စေလို့ရတယ်"

**"ဟင်းဟင်း. . . သေချာရဲ့လား ဆရာရယ်"**

ရုတ်တရက် ပြောင်းလဲသွားသော ဒေါ်သူဇာနှောင်းရဲ့ အေးစက်ရှတလှသောအသံကြီးကြောင့် ဦးပါဠိမှာ မျက်မှောင်ကြုတ်လျက် လှည့်ကြည့်လိုက်လျှင်. . .

ဒေါ်သူဇာနှောင်းကို သရဲမမှာ ဝင်ပူးထားပြီးနေပြီ။

ဒေါ်သူဇာနှောင်းနေရာမှာ. . .

မျက်ကွင်းမည်းကြီးများ. . .

နီရဲပြူးထွက်နေသော မျက်လုံးကြီးများနှင့်. . .

ပြာနှမ်းခြောက်ကပ်နေပြီဖြစ်သော နာနာဘာဝကို တွေ့မြင်လိုက်ရသောအခါ. . .

"ဟာ. . ."

ဆရာကြီးရဲ့မျက်လုံးအစုံ အဆမတန် ပြူးကျယ်သွားတော့သည်။

**"ဟင်း. . ဟင်း. . ဟင်း"**

အေးစက်ခြောက်ကပ်သော ရယ်သံကြီးနှင့်အတူ. . .

မည်းနက်နေသော လက်ကြီးများမှာ ဆရာကြီးရဲ့ လည်ပင်းကို ချိုးချလိုက်လေတော့သည်။

"ဂွတ်!"

"အား!!. . ."



www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းနေသော ဦးဇေယျာအောင်မှာလည်း ကြောက်အားလန့်အားဖြင့် ကားကို ဘေးသို့ဆွဲချလိုက်ရာ အရှိန်မထိန်းနိုင်ဘဲ ဂုံးတံတားပေါ်မှ အောက်သို့ထိုးကျသွားလေတော့သည်။

"ဝုန်း!. . . ဒုန်း!"

မြင့်မားသော ဂုံးတံတားပေါ်မှ ပြုတ်ကျသွားသဖြင့် ကားပေါ်ပါလာသူအားလုံး. . အသက်မရှင်နိုင်တော့ပေ။



BURMESE CLASSIC .com





## ဇာတ်သိမ်း

ဖက်ဖူးစိမ်းအလောင်း သယ်သွားကြပြီဖြစ်သဖြင့် မြကြေးမုံ အခန်းထဲဝင်လာပြီး စောင်ဖြင့် အုပ်ထားသော ဝသန့်အား လှုပ်နှိုး ကြည့်လေသည်။

"အစ်ကို. . . ထပါဦး"

စောင်အောက်မှ တုတ်တုတ်မျှ မလှုပ်ပေ။

ခုတင်ဘေးတွင် ကျနေသော ပိုက်ဆံအိတ်ကလေးကို တွေ့



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် မြကြေးမုံ ကောက်ယူကြည့်လိုက်သည်။

အိတ်ထဲမှ ဝသန်လိပ်စာကတ် တွေ့လေရာ. . အသင့်ပါလာသော လက်ကိုင်ဖုန်းဖြင့် ကတ်ပြားထဲက ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

တစ်ဖက်မှ. . .

"ဟလို"

"ဟလို. . ကိုဝသန်တို့ အိမ်ကပါလား!"

"အခုပြောနေတာ ဘယ်သူပါလဲ!"

"သမီးက ကိုဝသန်ရဲ့မိတ်ဆွေပါ"

"ငါ ဝသန့်အဖေပဲ၊ မင်းဘာပြောချင်လို့လဲ!"

"သမီး အခု ကိုဝသန်နဲ့ အတူရှိနေတာ၊ သူ အရမ်းနေမကောင်း ဖြစ်နေတယ်ထင်တယ်၊ ဒဏ်ရာတွေလည်း ရထားတယ်အဲ့ဒါ. . ."

ဝသန့်အဖေမှာ အံ့အားသင့်သောလေသံဖြင့်. . .

"ဟေ့. . . ဝသန် အမေရိကားက ပြန်ရောက်ပြီး နောက်ရက်မှာပဲ မူးယစ်ဆေး အသုံးလွန်ပြီး ဆုံးသွားတယ်ကလေးမ၊ ဒီနေ့ ၃ရက်မြောက်နေ့ပဲ၊ မင်း ငါတို့ကိုလာနောက်နေတာလား!"

"ရှင်. . ."

ဆုံးတာ ၃ရက်ရှိပြီ. . .

ဖက်ဖူးစိမ်းနဲ့ ဆုံးတဲ့နေ့ပါပဲလား. . .။

ဒါဆို. . . ဒီ ဝသန်က ဘယ်သူလဲ. . .

မြကြေးမုံ အထိတ်တလန့်ဖြစ်သွားပြီး ဝသန့်ကို အုပ်ထားသော စောင်နီအား လှန်ကြည့်လိုက်လေရာ. . .





လွန်ခဲ့သည့် ၃ရက်က သေထားပြီးသား ဖြစ်သဖြင့်. . ပုပ်ပွကာ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော ဝသန့်အလောင်းကြီးကိုတွေ့လိုက်ရသည်။

"အား. . . အား. . ."

မြကြေးမုံတစ်ယောက် ကြောက်လန့်လွန်းသဖြင့် သည်းခြေပျက်ကာ သွက်သွက်ခါအောင် ရူးသွားလေတော့သည်။

www.burmeseclassic.com



တိတ်ဆိတ်နေသော ညတစ်ည. . .

လူတစ်ယောက်မှ မရှိတော့သော နှစ်ထပ်အဆောင်တွင် ဖက်ဖူးစိမ်း အခန်းတစ်ခုသာ မီးလင်းနေသည်။

ထိုစဉ်. . .

"ဒေါက်. . . ဒေါက်"

ဖက်ဖူးစိမ်း၏ အခန်းတံခါးခေါက်သံကြားရပြီး မကြာမီ. . .

တံခါးမှာ ပွင့်လာခဲ့သည်။

အခန်းထဲမှ နာနာဘာဝ ဖက်ဖူးစိမ်း ထွက်လာပြီး ဝရန်တာ တစ်လျှောက်ကို ဝေ့ဝဲကြည့်လိုက်လေသည်။

ထိုအခါ. . .

အခန်းဝဘေးတွင် ငုတ်တုတ်ကလေး ထိုင်နေသော. . . နာနာဘာဝ ဝဿန်ကို တွေ့လိုက်ရလေသည်။





"ကိုယ်တောင်းပန်ပါတယ် ဖက်ဖူးရယ်. . .

တို့. . တို့. . ဖက်ဖူးကို အရမ်းချစ်ပါတယ်. . .

တို့ကို တစ်ယောက်ထဲ ပစ်မထားပါနဲ့နော်. . .

တို့သေနေတာ. . ကိုယ့်ဘာသာ မသိခဲ့လို့ပါ. . .

ဟော့ဒီအခန်းထဲမှာ ဖက်ဖူးနဲ့တို့ အတူတူနေမယ်နော်. .

အမြဲတမ်း အတူတူ နေမယ်နော်. . .

တို့နေပါရစေ ဖက်ဖူးရယ်. . .

ဘယ်အခြေအနေမှာပဲဖြစ်ဖြစ်. . .

ဖက်ဖူးနဲ့တို့ မခွဲဘဲ အတူတူ နေပါရစေတော့. . .

ဘယ်ဘဝမှာပဲဖြစ်ဖြစ်. . တို့နေပါရစေ ဖက်ဖူးရယ်. . ."

တိုးလျှိုးတောင်းပန်နေသော ဝဿန့်ကိုကြည့်ကာ ဖက်ဖူး ပါးပြင်မှ မျက်ရည်များစီးကျလာခဲ့သည်။

ထို့နောက်. . .

ဘာမှပြန်ပြောမနေတော့ဘဲ ဝဿန့်ဆီ လက်ကမ်းပေး လိုက်သည်။

အခန်းထဲ ချစ်သူနှစ်ဦးဝင်သွားသည်နှင့် တံခါးမှာ သူ့အ လိုလို ဖြည်းညင်းစွာ ပိတ်သွားလေတော့သည်။

အဖြစ်ဆိုးဖြင့် သေဆုံးခဲ့ရသော ချစ်သူနှစ်ဦးမှာ ထိုအခန်း ထဲတွင် မကျွတ်မလွတ်ဘဲ ရှိနေခဲ့လေပြီ။

ထိုအချိန်ကစ၍ အဆောင်ရဲ့အပေါ်ထပ် ထောင့်စွန်းအခန်း တွင်. . .

စကားပြောသံများ. . .

ငိုရှိုက်သံများကို ကြားနိုင်သကဲ့သို့. . .



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာသော. . .

တစ္ဆေနှစ်ယောက်ရဲ့ ပုံရိပ်များကို လည်း မြင်တွေ့ကြရလေသည်။

ထို့ပြင်. . .

တစ်ခါတစ်ရံ၌. . .

နာနာဘာဝ ချစ်သူနှစ်ဦး အခန်းဝရန်တာရှေ့ ထွက်ကာ. .

သွက်သွက်ခါအောင် ရှူးနေသော မြကြေးမုံတစ်ယောက် အဆောင်အောက်တွင်. . အော်ဟစ်ပြေးလွှားနေသည်ကို ရပ်ကြည့်နေတတ်ကြသေးသည်ဟု. . . ဆိုကြလေသတည်း။

ဓေဝတာ






www.burmeseclassic.com